


စိတ်ကူးချိုချိုစာပေ

mgyoe.com SAMPLE BOOK

# သိပ္ပံမောင်ဝ

## နုတ်ကျွန်း၊ မြင်စိုင်း
## စစ်ကိုင်းဆိပ်ကမ်း၊ ဧရာဝတီ

mgyoe.com

တတိယအကြိမ်



m.g.y.p.e..com SAMPLE BOOK

သိပ္ပံမောင်ဝ၏
ခရီးသွားဆောင်းပါးများကို
ပိုမိုပြည့်စုံစေရန်
ပြင်ဆင်ဖြည့်စွက်စီစဉ်ပါသည်။

TPMW0003
MMK 11,000.00

m.g.y.p.e.com

mgyoe.com SAMPLE BOOK

နတ်ကျွန်း မြင်စိုင်း စစ်ကိုင်းဆိပ်ကမ်း ရောဝတီ၊ သိပ္ပံမောင်ဝ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၉၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၄၊ ဒီဇင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
[ပထမအကြိမ်- ၂၀၁၁၊ ဒုတိယအကြိမ် ၂၀၂၁၊ စိတ်ကူးချိုချိုစာပေ]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- ခရီးသွားမှတ်တမ်းစာပေ ၃
- ခရီးသွားအတွေ့အကြုံများ ရေးကြဖို့ ၉
- နတ်လမ်းညွှန် ၁၅

၁။ နတ်ကျွန်း ၂၁
၂။ မြင်စိုင်း ၅၄
၃။ ရောဝတီ ၆၅
၄။ အင်းဝ ၇၀
၅။ ပုဂံ ၇၃
၆။ စစ်ကိုင်းကူးတို့ ၁၄၉
၇။ တို့တောရွာ ၁၅၄
၈။ အစိုးရအမှုထမ်း ၁၅၇
၉။ ဆရာဦးဘသန်းသို့ (၁) ၁၆၂
၁၀။ ဆရာဦးဘသန်းသို့ (၂) ၁၇၆
၁၁။ မင်းလတ် ၁၈၅
၁၂။ ဗေဒါ ၁၉၁
၁၃။ ညနေခင်း ၁၉၆
၁၄။ ငရဲပြည် ၂၀၁


mgyoe.com

mgyoe.com
SAMPLE BOOK

| | | |
|---|---|---|
| ၁၅။ | လင်းဖင်း | ၂၀၉ |
| ၁၆။ | မန်းရွှေစက်တော် | ၂၁၄ |
| ၁၇။ | စည်တုတ္တရာ | ၂၂၆ |
| ၁၈။ | ကျပင်း | ၂၄၉ |
| ၁၉။ | စစ်ကိုင်းချောင် | ၂၅၈ |
| ၂၀။ | တောင်ပြုံး | ၂၆၅ |
| ၂၁။ | လှည်းသမား | ၂၇၁ |
| ၂၂။ | အညာဘုရားပွဲ | ၂၇၇ |
| ၂၃။ | သပြေတန်းခံတပ် | ၂၈၄ |
| ၂၄။ | မင်းကွန်း | ၂၈၈ |
| ၂၅။ | ဇလွန် | ၂၉၃ |
| ၂၆။ | ချင်းတောင်သူ့နယ် | ၂၉၈ |
| ၂၇။ | ရဲရမန်း | ၃၁၅ |
| ၂၈။ | မန်ကျည်းတုံ | ၃၈၄ |

၀၀၀

mgyoe.com

mgyoe.com SAMPLE BOOK

## ခရီးသွားမှတ်တမ်းစာပေ

ဒေသန္တရ ဗဟုသုတကို လူတိုင်း ဆည်းပူးအပ်ကြောင်း အထူးထုတ်ဖော် ရေးသားရန် မလို။ သတင်းစာ၊ မဂ္ဂဇင်းတို့၌ ဤအကြောင်းနှင့် ပတ်သက်၍ ရေးသားကြသည်ကို မကြာမကြာပင် ဖတ်ရှုရပေလိမ့်မည်။ ဒေသန္တရဗဟုသုတသည် လူတို့၏အမြင်ကို ကျယ်စေ၏။ ဆင်ခြင်တုံတရားကို ပွားစေ၏။ အလိမ္မာဉာဏ်ကို ရင့်သန်စေ၏။ သို့ဖြစ်သောကြောင့် အနောက်နိုင်ငံသားတို့သည် အမြို့မြို့ အရွာရွာ အနယ်နယ် အပြည်ပြည်တို့သို့ လှည့်လည်ကာ ခရီးသွားခြင်း အလေ့အထကို များစွာအရေးယူကာ မွေးမြူကြလေသည်။ ထို့ကြောင့် မဟုတ်လော။ မြန်မာပြည်သို့ ရှေးလွန်ခဲ့သော နှစ်ပေါင်း သုံးလေးရာခန့်အခါကပင် ပေါ်တူဂီလူမျိုး၊ ဒတ်ချ်လူမျိုး၊ ပြင်သစ်လူမျိုး၊ အင်္ဂလိပ်လူမျိုးတို့ ရောက်ပေါက်ခဲ့ကြလေသည်။

ဒေသန္တရ ဗဟုသုတရှိခြင်း၏ အကျိုးကျေးဇူးမှာ များပြားလှသော်လည်း ၎င်းဒေသန္တရ ဗဟုသုတကို လိုလားသူတိုင်း ကိုယ်တိုင် စုံစမ်းရှာဖွေနိုင်လိမ့်မည် မဟုတ်ချေ။ ကြေးငွေလုံလောက်စွာရှိခြင်း၊ အားလပ်ခွင့်ရရှိခြင်း၊ ကျန်းကျန်းမာမာရှိခြင်း၊ ခရီးသွားရာ၌ တွေ့ကြုံရသောဒုက္ခတို့ကို သည်းခံနိုင်ခြင်း အစရှိသည့် အင်္ဂါတို့နှင့် ပြည့်စုံမှသာလျှင် ကိုယ်တိုင် ဗဟုသုတကို ရှာဖွေနိုင်ပေမည်။ သို့ဖြစ်သောကြောင့် အနယ်

mgyoe.com

mgyoe.com SAMPLE BOOK
နယ် အပြည်ပြည်တို့သို့ ကိုယ်တိုင်သွားရောက်ဖူးသော သူတို့မှာ လွန်စွာ မှပင် ရှားပါးလှပါပေသည်။

ဤသို့ခရီးသွားခြင်းကို မပြုလုပ်နိုင်လျှင် ဒေသန္တရဗဟုသုတ မရ နိုင်ပြီလော ဟူ၍ စောဒကတက်ရန် အကြောင်းရှိပေသည်။ ကိုယ်တိုင် ခရီးမသွားနိုင်ကြသော်လည်း ခရီးသွားဖူးသူတို့ ရေးသားထားသော စာအုပ်များကို ဖတ်ခြင်းအားဖြင့် အလွယ်တကူ ဒေသန္တရဗဟုသုတကို ဆည်းပူးနိုင်ပေသည်။ ခရီးသွားဖူးသူ တစ်စုံတစ်ယောက်က ရေးသား ထားသော စာအုပ်ကို ဝယ်ယူဖတ်ရှုရာတွင် ကိုယ်တိုင် သွားသလောက် လည်း ကြေးငွေမကုန်၊ အချိန်လည်း များစွာမလို၊ ဗဟုသုတလည်း အသင့်အလျောက် ရပေမည်။ ခရီးသည်တို့ ရေးသားထားသော မှတ် တမ်းတို့မှာ အများ၏ ကျေးဇူးကို များစွာဆောင်ပေသည်။

ဤသို့ ကျေးဇူးများသောကြောင့် အနောက်နိုင်ငံသားတို့မှာ မိမိ ရောက်ရာ ပေါက်ရာ နေရာအရပ်တို့၏အကြောင်းများကို အသေအချာ စုံစမ်းမေးမြန်း မှတ်သားထားကြပြီးသကာလ မိမိတို့နိုင်ငံသို့ ရောက်ကြ သောအခါ စာအုပ်ပြုလုပ် ပုံနှိပ်ကာ ရောင်းချသောကြောင့် လူအများမှာ မပင်ပန်းဘဲ ဗဟုသုတ တိုးပွားကြပေမည်။ အချို့ခရီးသည်တို့မှာ လူ အရောက်အပေါက် နည်းပါးလှသော အမေရိကန်တောင်ပိုင်းရှိ တော နက်ကြီးများအတွင်းမှာပင် ခရီးသွားကြပြီးလျှင် ၎င်းတို့အကြောင်းကို ရေးသားထားကြလေသည်။ ဤသို့ခရီးသွားကာ ၎င်းတို့အကြောင်း ကို ရေးသားခြင်း၏အကျင့်ကို အနောက်နိုင်ငံများတွင် အရေးတကြီး မွေးမြူကြ၏။

အခြားကို မဆိုထားဘိ၊ မြန်မာပြည်အကြောင်း၊ မြန်မာလူမျိုးတို့၏ အကြောင်း၊ မြန်မာစကားမှစ၍ မြန်မာနှင့်ဆိုင်သမျှကို အင်္ဂလိပ်ခရီးသည်၊ ပြင်သစ်ခရီးသည်၊ ပေါ်တူဂီခရီးသည်တို့ အသေအချာ ရေးသားထားခဲ့ ကြသော စာများ လွန်စွာပေါလေသည်။ ၎င်းစာအုပ်တို့တွင် အချို့ မြန်မာများ မသိသေးသော အချက်ကိုပင် တွေ့မြင်ရပေ၏။

သီပေါမင်း နန်းတက်စဉ်က ညောင်ရမ်းမင်းသားမှာ သတ်ရာတွင် မပါ။ အင်္ဂလိပ်ကိုယ်စားလှယ်က ကူညီသောကြောင့် အသက်ဘေးမှ ချမ်းသာရကြောင်းကို မြန်မာရာဇဝင်၊ မြန်မာစာပေတို့၌ သာမန်အားဖြင့်
mgyoe.com

mgyoe.com SAMPLE BOOK
သာ မထင်မရှား တွေ့မြင်ရလေသည်။ ၎င်းညောင်ရမ်းမင်းသားမှာ ကုလားကဲ့သို့ ဝတ်စားကာ ရာမာဆွာမိ ဟူသောအမည်ဖြင့် အင်္ဂလိပ် ဘုန်းကြီးတစ်ယောက်နှင့်အတူ ရုပ်ဖျက်ပြီးလျှင် အင်္ဂလိပ်ကိုယ်စား လှယ်အိမ်သို့ ရောက်ပုံအကြောင်းတို့ကို စုံလင်စွာ ရေးသားထားသော အင်္ဂလိပ်စာတစ်စောင်ကို တွေ့မြင်ဖတ်ရှုရပေသည်။

ရှေးဟောင်းမြန်မာစာပေ၌ ခရီးသွားသောအကြောင်းများ၊ ဒေသန္တရ ဗဟုသုတနှင့်ဆိုင်သော အကြောင်းများကို ရေးသားထားသော စာ ဟူ၍ မတွေ့မမြင်ရသည်မှာ ဝမ်းနည်းစရာအကြောင်းပင် ဖြစ်တော့၏။ ဤစာမျိုးကို ရှေးလူကြီးများက ရေးသားထားခြင်း မပြုသောကြောင့်ပင် မြန်မာစာပေ၌ ခရီးသွားမှတ်တမ်းစာမျိုး မရှိသလော၊ သို့တည်းမဟုတ် ရှေးလူကြီးများက ရေးသားထားပါလျက် နောင်လာနောက်သားတို့က ကောင်းစွာ စုဆောင်းထားခြင်း မရှိသောကြောင့် ပျောက်ကွယ်ကုန် သလောဟူ၍ အသေအချာ မသိရချေ။

တောင်အထပ်ထပ်တို့ကို ကျော်ပြီးလျှင် ရခိုင်ပြည်နယ်မှ မဟာ မြတ်မုနိ ရုပ်ပွားတော်ကို ဆောင်ယူခဲ့သည်မှာ များစွာချီးမွမ်းအံ့သြဖွယ်ရာ ကောင်းပေသည်။ မြန်မာစာပေ၊ မြန်မာရာဇဝင်တို့၌ ၎င်းအကြောင်းကို သာမန်အားဖြင့်သာပါ၏။ မည်သို့ဆောင်ယူခဲ့သည်၊ ရက်ပေါင်း မည်မျှ ကြာသည်၊ လူပေါင်းမည်မျှ ပါဝင်သည် စသည်ဖြင့် အသေအချာ ရေးသားထားရန် သင့်ပေသည်။ အကယ်၍ ထိုသို့ ဆောင်ယူရာတွင် ပါသော တစ်စုံတစ်ယောက်က နေ့စဉ်မှတ်တမ်းအနေမျိုးဖြင့် စာတစ်စောင် တစ်ဖွဲ့ ရေးသားထားခဲ့မည်ဆိုပါလျှင် မည်မျှ အကျိုးရှိမည်ကို ကောင်းစွာ တွေးတောချင့်ချိန်နိုင်ပေသည်။

ထို့ပြင်လည်း ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးလက်ထက်၊ အလောင်းမင်းတရားကြီးလက်ထက်၊ ဆင်ဖြူရှင်မင်းတရားကြီးတို့၏ လက်ထက်များတွင် ယိုးဒယားသို့ မကြာမကြာ စစ်ချီတက်ကြ၏။ ထိုစစ်ချီတက်ရာတွင် ပါသောသူ တစ်စုံတစ်ယောက်က နေ့စဉ်မှတ် တမ်းတစ်မျိုးကို ရေးသားထားခဲ့မည်ဆိုပါလျှင် များစွာ အကျိုးထွန်း ကားရန် အကြောင်းရှိပေသည်။ စစ်ဗိုလ်မှူးများမှာ မိမိတို့ စစ်ချီတက် ရာတွင် တွေ့ကြုံပုံ၊ တစ်နေ့တစ်နေ့လျှင် မည်မျှခရီးရောက်သည် အစရှိ
mgyoe.com

mgyoe.com SAMPLE BOOK

သည့်အကြောင်းတို့ကို ဇောက်ပင်ရေးသားထားကြပေလိမ့်မည်။ ၎င်းစာတို့ကို ယခုအခါတွင် မတွေ့မမြင်ရသဖြင့် ရေးသားထားခဲ့ကြသည် ဟူ၍ပင် မှတ်ကြမည် မဟုတ်ပေ။ ဤစာများကို စုဆောင်းရှာဖွေ၍ရမည်ဖြစ်မူကား လွန်စွာမှပင် မြန်မာစာပေအတွက် အကျိုးများပေလိမ့်မည်။

မြန်မာစာပေ၌ နေ့စဉ်မှတ်တမ်းစာပေမျိုး ပထမတွေ့မြင်ရသည်မှာ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်းဖြစ်လေသည်။ ၎င်းမှတ်တမ်းစာအုပ်ကို ပုံနှိပ်ထားပြီးဖြစ်သောကြောင့် အလွယ်တကူနှင့် ဝယ်ယူဖတ်ရှုနိုင်ပေပြီ။ မှတ်သားဖွယ်ရာ အချက်အလက်ပြောက်မြားစွာ ပါသောကြောင့် ဗဟုသုတအတွက် များစွာ အကျိုးရှိပေသည်။ မြန်မာပြည်၏သံအမတ်အဖြစ်ဖြင့် ဥရောပတစ်လျှောက် လှည့်လည်သွားရောက်သဖြင့် ဘုရင်မင်းမြတ်မှစ၍ မင်းညီမင်းသား၊ မှူးမတ်များနှင့်သာ ရောနှောရသည့်အတိုင်း ထိုမှတ်တမ်းတွင် အထက်တန်းစား မင်းစိုးတို့အကြောင်းသာ များစွာပါဝင်လျက်ရှိပေသည်။ တိုင်းသူပြည်သား ဆင်းရဲသားတို့အကြောင်းကို များစွာ မတွေ့မြင်ရချေ။ မိမိ တွေ့မြင်သလောက်၊ ကြားရသလောက်ကိုသာ ရေးသားရခြင်းဖြစ်သောကြောင့် အခြားအကြောင်းများ မပါသည်ကို အပြစ်ဆိုရန် မသင့်ပေ။

ဤကင်းဝန်မင်းကြီးမှတ်တမ်းတွင် အင်္ဂလိပ်အခေါ်၊ အင်္ဂလိပ်စကားတို့ကို လွန်စွာအသုံးပြုထားသောကြောင့် ဖတ်သောအခါအလွန်ရှုပ်ထွေးလျက်နေပေသည်။ အချို့နေရာများတွင် ဘာသာပြန်ကာ ထည့်သွင်းရေးသားသင့်ပါလျက် နိုင်ငံခြားစကားတို့ကို တိုက်ရိုက်ထည့်သွင်းရေးသားထားသောကြောင့် အင်္ဂလိပ်စာတတ်သော သူများပင်လျှင် မည်သည့်အရာကိုဆိုလိုမှန်း မသိသောကြောင့် လွန်စွာ စိတ်ညစ်ရလေသည်။

ဤမှတ်တမ်းတွင် အင်္ဂလိပ်စကားတို့ကို မြန်မာအက္ခရာဖြင့် ရေးသားထားသောကြောင့် တောင်မကျ မြောက်မရောက်သော စကားများ လွန်စွာပါလေသည်။ ဥပမာ ... 'ကပွဲသို့သွားသည်' ဟူ၍ မြန်မာပြန်ကာ ရေးသားလျှင် အဓိပ္ပာယ်ရှင်းမည်ဖြစ်ပါလျက် 'ဘောသို့သွားသည်' ဟူ၍ ရေးသားထားသောကြောင့် အဓိပ္ပာယ် မရှင်းလင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်နေသည်ကို တွေ့မြင်ရပေသည်။

ဤမှတ်တမ်းပေါ်သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော ကြောင့် ကျွန်တော် ရေးသားနေဆဲဖြစ်သော မြန်မာစာပေထဲတွင် ပါဝင်သည်မဟုတ်ချေ။ သို့ပင် မပါဝင်စေကာမူ အကြောင်းညီညွတ်သဖြင့် စကားစပ်မိသောကြောင့် ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

**သိပ္ပံမောင်ဝ**
(၁၉၂၉ ခုနှစ်)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

## ခရီးသွားအတွေ့အကြုံများ ရေးကြဖို့

အင်္ဂလိပ်သက္ကရာဇ် ၁၉၁၁ ခုနှစ်တွင် ဂျော့ဘုရင်မင်းမြတ် ဒေလီမြို့တော်၌ ရာဇဘိသေကခံရာတွင် မြန်မာပြည်မှ ကိုယ်စားလှယ်ကြီးအချို့ကို ထိုမင်းပွဲသဘင်၌ ပါဝင်ရန် စေလွှတ်လေသည်။ ထို ကိုယ်စားလှယ်ကြီးများအနက် ပုဂံဝန်ထောက်မင်း ဦးတင်လည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။ ဒေလီမြို့သို့ သွားရာတွင် တွေ့မြင် ကြုံကြိုက်ပုံအကြောင်းတို့နှင့်ပတ်သက်၍ ဒွေးချိုး၊ လေးချိုး၊ ဘောလယ်အစရှိသည်တို့ကို ရေးသားစပ်ဆိုခဲ့ပြီးလျှင် မြန်မာပြည်သို့ ပြန်ရောက်သောအခါ ၎င်းတို့ကိုစုပေါင်းကာ 'ဒေလီသွားကဗျာ'ဟူသော အမည်ဖြင့် စာအုပ် ပြုလုပ်ထုတ်ဝေခဲ့ဖူးလေသည်။ ထိုစာအုပ်မှာ များစွာမကြီးလှသည်သာမက များစွာလည်း မစုံလင်လှပေ။ နေ့စဉ်မှတ်တမ်းအနေမျိုးဖြင့် ရေးသားထားသည်မဟုတ်ဘဲ ကဗျာစပ်ဆိုရန် စိတ်ပေါက်လာသောအခါ၌သာ ဝါသနာအလျောက် စပ်ဆိုသော ကဗျာများ ဖြစ်လေသည်။ အချို့ကဗျာများမှာ ဟာသဉာဏ်ပါသောကြောင့် ရယ်စရာကောင်းပေသည်။

ဤစာအုပ်ထွက်ပေါ်ပြီးနောက် သတင်းစာမဂ္ဂဇင်းတို့၌ မှတ်တမ်းစာမျိုးကို မကြာမကြာ တွေ့မြင်ရသော်လည်း စာတစ်စောင် တစ်ဖွဲ့အဖြစ်ဖြင့် ရေးသားထုတ်ဝေသော မှတ်တမ်းစာမျိုးဟူ၍ တစ်စောင်မျှ

mgyoe.com

mgyoe.com
SAMPLE BOOK

မတွေ့ရသေးချေ။ သတင်းစာ မဂ္ဂဇင်းတို့တွင် ဖတ်ရသော မှတ်တမ်းတို့မှာလည်း ကျကျနန မှတ်သားနာယူဖွယ်၊ ဗဟုသုတ တိုးပွားဖွယ်အနည်းငယ်သာပါ၍ မည်သည့်အရပ်သို့ သွားသည်၊ ထိုမှတစ်ဖန်မည်သည့်အရပ်သို့ သွားသည် စသဖြင့်သာ မသေမချာ ရေးသားထားသောကြောင့် ၎င်းတို့မှာ မှတ်တမ်းစာမျိုးနှင့်ကားမတူ၊ ပထဝီစာမျိုးနှင့်သာ တူနေလေသည်။

အနောက်နိုင်ငံရှိ အင်္ဂလန်ပြည်၊ ဂျာမနီပြည်၊ ပြင်သစ်ပြည်တို့သို့ နှစ်တိုင်းနှစ်တိုင်း ပညာသင်ကြားရန် မြန်မာကျောင်းသားကလေးများ သွားရောက်ကြသည်မှာ ကြာလှလေပြီ။ ပညာတတ်မြောက်ကြပြီးလျှင် မြန်မာပြည်သို့ ပြန်ရောက်လာကြပြီဖြစ်သော သူတို့လည်း များစွာပင် ရှိလေသည်။ ယခုလည်း သွားဆဲပင်ဖြစ်၏။ နောင်ကိုလည်း သွားကြမည်ပင်တည်း။ ဤကဲ့သို့ အနောက်နိုင်ငံတို့သို့ သွားရောက်ဖူးကြသူ အမြောက်အမြားရှိပါလျက် အနောက်နိုင်ငံတို့တွင် တွေ့မြင်ရပုံအကြောင်း၊ အနောက်နိုင်ငံတို့သို့သွားလိုလျှင် သိအပ်သော အကြောင်းတို့မှစ၍ အနောက်နိုင်ငံတို့နှင့်ပတ်သက်၍ သိအပ်သမျှသော အကြောင်းအရာတို့ကို မြန်မာပြည်သူပြည်သားတို့၏ ဗဟုသုတတိုးပွားစေရန်တစ်စုံတစ်ယောက်မျှ ရေးသားထားခြင်းမပြုသည်မှာ အံ့ဩစရာပင်ဖြစ်တော့၏။ ဤသို့ ရေးသားထားခြင်းမရှိသောကြောင့် ခမျာ အင်္ဂလန်သို့သွားလိုသူတို့မှာ အင်္ဂလန်သို့ ရောက်ဖူးသူတို့ထံ၌ မျက်နှာချကာအကျိုးအကြောင်း သွားရောက်မေးမြန်းကြရသည်မှာ သနားစရာပင်ကောင်းလှပေသည်။ ဤသို့ သွားရောက်မေးမြန်းသောအခါ၌လည်း အချို့ ဘိလပ်ပြန်တို့က မလိုအပ်သော သတင်းတို့ကို ပေးလိုက်ကြသေးသည်ဟူ၍လည်း ကြားဖူးပါသည်။

ဤသို့ဖြစ်ရခြင်းမှာ မိမိတို့အား အထင်ကြီးရန်သော်လည်းကောင်း၊ အနောက်နိုင်ငံတို့သို့ မြန်မာအမြောက်အမြား ရောက်သွားကြလျှင် 'ဘိလပ်ပြန်' ဟူသောဂုဏ်မှာ အနည်းငယ်နိမ့်ကျသွားမည်ကို စိုးသောကြောင့်လည်းကောင်း ဖြစ်တန်ရာသည်။ အနောက်နိုင်ငံတို့မှ ပြန်လာကြသောသူတို့မှာ မိမိတို့၏ အသိမိတ်ဆွေများအပေါ်တွင်သာ မည်သို့မည်ပုံ စသဖြင့် အနောက်နိုင်ငံတို့၏အကြောင်းကို ထည့်ထည့်ဝါဝါ

mgyoe.com

mgyoe.com
SAMPLE BOOK

ပြောကြားလေ့ရှိကြ၏၊ လူအများသိရှိကြစေရန် ဟုတ်တိုင်းမှန်ရာတို့ကို စာအုပ်ပြုလုပ်ရေးသားခြင်းကိုကား မည်သူမျှ မပြုလုပ်ကြချေ။ သို့ဖြစ်သောကြောင့် ဘိလပ်သို့ မရောက်ဖူးကြသူ ကျွန်တော်တို့မှာ ဘိလပ်ပြန်ဆရာကြီးများပြောသမျှကို ပါးစပ်ဟကာ အံ့ဩ၍ နေကြရပါတော့သတည်း။

ကင်းဝန်မင်းကြီး၏ မှတ်တမ်းကားရှိပါ၏။ သို့ရာတွင် ဘိလပ်သို့သွားလိုသူတို့မှာ ဤမှတ်တမ်းကို အားကိုး၍မရချေ။ ၎င်းကို ရေးသားသောအချိန်နှင့် ယခုအချိန်မှာ များစွာကွာဝေးနေပြီဖြစ်သည့်အပြင် ကင်းဝန်မင်းကြီးသွားသည်မှာ သံအမတ်အဖြစ်ဖြင့်သွားသောကြောင့် သာမန်လူများသွားပုံ၊ သာမန်လူများ တွေ့ကြုံရပုံတို့နှင့် တူမည်မဟုတ်ချေ။ သို့ဖြစ်သောကြောင့် ကင်းဝန်မင်းကြီး၏မှတ်တမ်းမှာ သာမန် အင်္ဂလန်သို့ သွားလိုသူတို့အတွက် အသုံးမကျဟူ၍ ဆိုရပေသည်။

အင်္ဂလန်ပြည်၊ ဂျာမနီပြည်၊ ပြင်သစ်ပြည်တို့အပြင် အမေရိကန်ပြည်၊ ဂျပန်ပြည် အစရှိသော တိုင်းပြည်တို့သို့ ရောက်ဖူးသူများလည်း ရှိပေသည်။ ၎င်းတို့မှာ မြန်မာပြည်သို့ ပြန်လည်ရောက်လာကြသောအခါ တိုင်းပြည်ခေါင်းဆောင်ဖြစ်သူတွေကဖြစ်၊ သတင်းစာတိုက်ပိုင်ကြီးတွေ ဖြစ်သူကလည်း ဖြစ်ကြပြီးလျှင် "ငါတို့ နိုင်ငံခြားသို့ ရောက်ဖူးသည်၊ သို့ဖြစ်သောကြောင့် ငါတို့မှာ သူတကာတို့ထက် တတ်သည်၊ နိုင်ငံခြားမရောက်ဖူးသူတို့ ငြိမ်ငြိမ်နေကြ" စသဖြင့် ကေသရာဇာ ခြင်္သေ့မင်းတို့ကဲ့သို့ တဟိန်းဟိန်း တဟောက်ဟောက်နှင့် ကြိမ်းပနေကြသော်လည်း တိုင်းသူပြည်သားတို့ အကျိုးရှိမည်ဖြစ်သော အမေရိကန်အကြောင်း၊ ဂျာမနီအကြောင်းတို့ကိုမူကား ရေးသားကြသည် မဟုတ်ချေ။ သို့ဖြစ်၍ ထိုသို့သော တိုင်းပြည်တို့သို့ မရောက်ဖူးသူများမှာ ထိုတိုင်းပြည်များအကြောင်းနှင့်ပတ်သက်၍ မှောင်ထဲတွင် နေရသကဲ့သို့ စမ်းတဝါးဝါးနှင့်သာ ရှိနေကြရလေသည်။

ဦးဥတ္တမ ရေးသားအပ်သော ဂျပန်ပြည် အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ရှိလေသည်။ ၎င်းစာအုပ်ကို ကမ္ဘာစစ်ကြီးမဖြစ်မီအခါကပင် သူရိယသတင်းစာတိုက်မှ ပုံနှိပ်လေသည်။ ဤစာအုပ်တွင် ဂျပန်ပြည်နှင့်ပတ်

mgyoe.com

mgyoe.com SAMPLE BOOK

သက်၍ မှတ်သားစရာ၊ မြန်မာလူမျိုးတို့ လိုက်နာဖွယ်ရာ အချက်များစွာပါသောကြောင့် အလွန်ကောင်းသောစာအုပ်ဟူ၍ ဆိုရပေမည်။ ဤစာအုပ်၌ရေးသားပုံမှာ နေ့စဉ်မှတ်တမ်းစာမျိုးလည်း မဟုတ်၊ ခရီးသွားမှတ်တမ်းစာမျိုးလည်းမဟုတ်။ ပထဝီရာဇဝင်ကဲ့သို့သော စာမျိုးဖြစ်သောကြောင့် ဖတ်၍ များစွာမကောင်းလှပေ။ ဦးဥတ္တမမှာ တိုင်းရေးပြည်ရေး၌သာလျှင် နာမည်ကျော်၏၊ စာအရေးအသား၌ မူကား နာမည်ကျော်သူ မဟုတ်သောကြောင့် ၎င်း၏စာအုပ်ကို များစွာ ဝယ်ယူဖတ်ရှုကြသည်မဟုတ်ချေ။ ဦးဥတ္တမ၌ စာဖတ်သူတို့ စိတ်ကို ဆွဲငင်နိုင်သော သတ္တိထူးမရှိသည့်အတွက် ထိုစာအုပ်တွင် ခြောက်သွေ့သွေ့ဖြစ်နေပေသည်။ ဗဟုသုတအတွက် ဖတ်ရန်သာကောင်း၏။ စိတ်ပျော်ရွှင်အောင် ဖတ်ရန်ကား မကောင်းလှချေ။ ဗဟုသုတလည်း ရလေအောင် စိတ်ပျော်ရွှင်ခြင်းလည်းဖြစ်ရလေအောင် နှစ်မျိုးစလုံး ရောစပ်၍ ရေးသားထားသော စာအုပ်မှသာလျှင် လူအကြိုက်များ၍ စာပေဘက်၌ အကျိုးရှိပေမည်။ ဦးဥတ္တမမှာ တိုင်းပြည်ခေါင်းဆောင် သာဖြစ်၍ စာရေးဆရာ နာမည်ကျော်တို့ကဲ့သို့ ဖွဲ့နွဲ့ကာ မရေးသားနိုင် ခြင်းကို အပြစ်ဆိုရန် မထိုက်ပေ။

ထိုမှတစ်ပါး အိန္ဒိယပြည် ဗောဓိပင်တို့သို့ ဘုရားဖူးရောက်ဖူးကြ သူ၊ ထိုအရပ်တို့တွင် ကာလရှည်ကြာစွာ နေထိုင်ခဲ့ကြသူ၊ သီဟိုဠ်ကျွန်း ၌ ကြာရှည်စွာ စာပေကျမ်းဂန်တို့ကို လေ့လာကြသူ၊ ယိုးဒယားတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်ခဲ့ဖူးကြသူ၊ ဂျားဝါး၊ ဆူမတြား အစရှိသော ပသျှူးကျွန်းဆွယ်များသို့ ရောက်ဖူးကြသူတို့လည်း များစွာရှိလေသည်။ ဤသို့ရောက်ဖူးကြသူတွေ များစွာရှိပါလျက် ထိုနေရာ ဌာနတို့အကြောင်းကို မရေးသားကြသည်မှာ အံ့ဩစရာပင် ဖြစ်လေသည်။ ထိုနေရာများသို့ ရောက်ဖူးသူတိုင်း စာပေအရေးအသား ၌ ကျွမ်းကျင်မည်မဟုတ်ချေ။ ထိုမကျွမ်းကျင်သူတို့အား အခွင့်လွှတ်နိုင် ၏။ သို့သော် ထိုသူတို့အနက် စာအရေးအသားတွင် ကျွမ်းကျင်သူတို့ လည်း ရှိကောင်းရှိပေမည်။ ၎င်းတို့အား ခွင့်မလွှတ်နိုင်ပေ။

အချို့မှာ ထိုထိုတိုင်းပြည်တို့မှ ပြန်လာကြပြီးလျှင် အယ်ဒီတာ များပင် လုပ်နေကြ၏။ အချို့မှာလည်း မိမိနာမည်တွင် သီဟိုဠ်ပြန်၊

mgyoe.com

mgyoe.com SAMPLE BOOK

ယိုးဒယားပြန် အစရှိသော ဂုဏ်ထူးကြီးများကိုပင် တပ်ထားလေ့ရှိကြ၏။ သီဟိုဠ်ပြန်၊ ယိုးဒယားပြန်ဟူသော ဂုဏ်ထူးများကို တပ်ထားကြပြီးလျှင် တိုင်းရေးပြည်ရေးအကြောင်းကိုသာ ရေးသားလေ့ရှိကြ၏။ ဂုဏ်ထူးနှင့် ရေးသားပုံတို့မှာ များစွာမတိုက်ဆိုင်လှပေ။ သီဟိုဠ်ပြန် ဂုဏ်ထူးကို ယူပြီးလျှင် သီဟိုဠ်အကြောင်း ရေးသားပါမူကား များစွာ သင့်လျော်ပေလိမ့်မည်။ ယိုးဒယားပြန်ဟူသော ဂုဏ်ထူးကို ရထားသူများလည်း ဤနည်းအတိုင်း မှတ်ရာသည်။ တစ်ခါတစ်ရံ သီဟိုဠ်ပြန် ဆိုသော ဂုဏ်ထူးကို နာမည်တွင် တပ်ထားသောကြောင့် ထိုသူမှာ သီဟိုဠ်အကြောင်း ရေးသားနေသည်ဟု ထင်မှတ်ကာ ဂရုစိုက်၍ ဖတ်ရာတွင် သီဟိုဠ်အကြောင်းကို မတွေ့ရဘဲ တိုင်းရေးပြည်ရေး အကြောင်းတို့ကိုသာ တွေ့မြင်ရသောကြောင့် စိတ်အပျက်ကြီး ပျက်ခဲ့ရသည်မှာလည်း များလှစွာ၏။

မောင်မြသွင်
(သိပ္ပံကျောင်းသား)

၁၂၉၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်၊
၁၉၂၉ ခု၊ ဖေဖော်ဝါရီလ ၉ ရက်၊
သူရိယ ရက်ခြားသတင်းစာ (ဆောင်းပါးအမှတ် ၂၇)။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## နတ်လမ်းညွှန်

မြန်မာစာပေတွင် ခရီးသွားမှတ်တမ်း၊ ခရီးသွားလမ်းညွှန်စာမျိုးတို့နှင့် အနည်းငယ်ဆင်သော စာတစ်မျိုးလည်း ရှိပေသေးသည်။ ၎င်းကား **'နတ်လမ်းညွှန်'** ဟုခေါ်သော စာတစ်မျိုး ဖြစ်လေသည်။ ရှေးကျသော မြန်မာစာပေအရေးအသားတို့တွင် ဤနတ်လမ်းညွှန်စာမျိုးကို မတွေ့ မမြင်ရသဖြင့် နတ်လမ်းညွှန်စာမျိုး ပေါ်သည်မှာ များစွာ မကြာသေး ဟူ၍ဆိုလျှင် မှားလိမ့်မည် မဟုတ်ချေ။

ပြဇာတ်များ ပေါ်သောအခါကျမှ နတ်လမ်းညွှန်စာမျိုး ပေါ်လာသည်ဟု ထင်မှတ်ရန် ရှိပေသည်။ သို့သော် ဦးပုည၊ ဦးကြင်ဥ အစရှိသော ဆရာကြီးတို့၏ ပြဇာတ်များတွင် နတ်လမ်းညွှန်စာမျိုးကို များစွာမတွေ့ရသဖြင့် ၎င်းဆရာကြီးတို့ထက်နောက်ကျသော ပြဇာတ်ရေးဆရာတို့ ကွန့်၍ ထည့်သွင်းသောစာမျိုးဟူ၍ ဆိုသင့်ပေသည်။

နောက်ပေါ် ပြဇာတ်တို့မှာ အများအားဖြင့် မင်းသမီးမင်းသားတို့ ကွဲကြရသော ဇာတ်များသာဖြစ်လေသည်။ ထိုသို့မင်းသမီးနှင့် မင်းသားတို့ ကွဲကြသောအခါ သမ္မာဒေဝနတ်သားက ထွက်လာပြီးလျှင် မင်းသမီးအားလည်းကောင်း၊ မင်းသားအားလည်းကောင်း မိမိကြင်ရာရှိရာသို့ လမ်းညွှန်ပြလေ့ရှိ၏။ ထိုသမ္မာဒေဝနတ်သား၏ အလုပ်မှာ လမ်းညွှန်ရုံသာဖြစ်လေသည်။ အခြား ကယ်မခြင်းကို မပြု

mgyoe.com

mgyoe.com
SAMPLE BOOK
လုပ်ချေ။ လမ်းညွှန်ပြီးသည်နှင့်တစ်ပြိုင်နက် မိမိစခန်းပြီး၏။

နတ်လမ်းညွှန်စာများအနက် အချို့မှာ ရိုးရိုးသားသား ဇာတ်ထဲတွင် လိုအပ်သောကိစ္စပြီးရုံသာ ရေးသားထားလေ၏။ အချို့မှာကား ဇာတ်ထဲတွင်ပါသော အကြောင်းအရာတို့တွင်သာ မရပ်ပါဘဲ အညွှန့်အတက်များကိုပါထည့်ပြီး ရေးသားထားလေ့ရှိလေသည်။ ဇာတ်ရေးဆရာ ဉာဏ်ရှိသလောက် ကွန့်၍ရေးသားထားတတ်၏။ အများအားဖြင့် နတ်လမ်းညွှန်စာများတွင် ရယ်ရွှင်ဖွယ်ရာ အသောပါသည့်စကားတို့ကို များစွာတွေ့မြင်ရလေသည်။ တစ်ရံတစ်ခါ ဇာတ်ကြောင်းနှင့်မသက်ဆိုင်ဘဲ ကာလတွင် အမြင်မတော်သည့်အချက်များ၊ ထိုဇာတ်ရေးသားသည့်ခေတ်တွင် ဖြစ်ပျက်နေပုံအကြောင်းများ၊ ဇာတ်ရေးဆရာအချင်းချင်း စောင်းချိတ်သော အချက်များကိုပါ ထည့်သွင်းထားလေ့ရှိသောကြောင့် များစွာ ရယ်ရွှင်ဖွယ်ကောင်းသော စာများဟူ၍ ဆိုရပေမည်။ အချို့ပြဇာတ်ရေးဆရာတို့မှာ နတ်လမ်းညွှန် အရေးအသားမျိုးကို အထူးသဖြင့် ကောင်းမွန်အောင် ရေးသားတတ်ကြလေသည်။

ဥပမာ–ယခုခေတ်မှာကဲ့သို့ မင်းတိုင်ပင် အမတ်ရွေးကောက်ပွဲများ မကျင်းပမီ "သူ့ကိုရွေးပါ၊ ငါ့ကိုရွေးပါ" နှင့် ဆူညံစွာ ပြောကြားနေကြသောခေတ်တွင် ရေးရမည့်ပြဇာတ်ဖြစ်လျှင် ဇာတ်ရေးဆရာက မိမိနတ်လမ်းညွှန်စာတွင် "ဤမှ တစ်ထောက်လှမ်းပြန်သော် မင်းတိုင်ပင်အမတ် ရွေးကောက်ရာဖြစ်သောရုံသို့ ရောက်ပေလိမ့်မယ်။ အဲသည်ရုံနားပတ်လည်တွင် အမျိုးသားအသင်းဝင်တို့ရဲ့ရုံ၊ ပါလီမန်အဖွဲ့ရုံ၊ ငို့ဘအဖွဲ့ရုံ၊ ဟုမ္မရူးအဖွဲ့ရဲ့ရုံတို့ကို တွေ့မြင်ရလိမ့်မကွဲ့။ အဲသည်ရုံများအထဲသို့ မှားလို့များမဝင်လေနှင့် သူတို့ရုံထဲဝင်မိမှဖြင့် သူတို့ကိုအားနာနေရလိမ့်မကွဲ့၊ ထိုနေရာသို့ရောက်လျှင်ရောက်ချင်း ဆန္ဒပေးရာရုံထဲသို့ဝင်၊ ရုံဝမှာလည်း အဖြူပုံးထဲထည့်ပါ၊ အဝါထဲထည့်ပါ၊ အနီမှာ ထည့်ပါ ပြောကြားသူတို့ကိုလည်း တွေ့လိမ့်မကွဲ့။ သည်လူတွေအကြားမှာ မင်းယောကျ်ားကို တွေ့မယ်လို့များထင်ပြီး မရှာလေနဲ့၊ မရှိဘူးကွဲ့။ ရုံထဲသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် မိမိကြိုက်ရာလူရဲ့ပုံးထဲသို့ ထည့်ပေတော့၊ ပြီးလျှင် ရုံဝမှာ ခဏအပန်းပြေအောင် နား၊ အပန်းပြေတဲ့အခါ တောင်ဘက်တစ်လျှောက်ကို လျှောက်လို့သာ သွားပေ
mgyoe.com

mgyoe.com SAMPLE BOOK

တော့၊ မကြာမီ ပဉ္စောင်ပင်ကြီးကို မြင်ရလိမ့်မယ်" စသဖြင့် ဇာတ်နှင့် တိုက်ရိုက် မသက်ဆိုင်ဘဲ ခေတ်ကာလပေါ်အကြောင်းတို့ကို ရေးသား ထားသည်ကို တွေ့မြင်ရပေလိမ့်မည်။

နတ်လမ်းညွှန် ရေးသားပုံစာသွားမှာ မေတ္တာစာတို့ကဲ့သို့ ကာရန် ဟပ်ကာ လင်္ကာအသွားမျိုးဖြင့် ရေးသားလေ့ရှိသောကြောင့် နားထောင် ရာတွင်လည်း ပြေပြစ်၊ ဖတ်ရာတွင်လည်း ကောင်းလှ၏။ အချို့ နတ် လမ်းညွှန်စာတို့မှာ စကားလုံးပြောင်ပြီးလျှင် စိတ်ကူးလည်းကောင်း၊ လင်္ကာလည်း ပြေပြေပြစ်ပြစ်ရှိသဖြင့် ၎င်းတို့ကို လူကြိုက် အလွန်များ လေသည်။

ပြဇာတ်တွင်ပါသော နတ်လမ်းညွှန်စာမျိုးကိုပင် အတုယူပြီး သကာလ ဆောင်းပါးရေးကြသောအခါ နတ်လမ်းညွှန်အသွားမျိုးဖြင့် ခရီးသွားရာတွင် တွေ့ကြုံရပုံအကြောင်းတို့ကို ရေးသားလေ့လည်း ရှိပေသေးသည်။ ဤစာမျိုးကို နတ်လမ်းညွှန်ဟူ၍ပင် ခေါ်ဆိုကြလေ သည်။ ဆောင်းပါးရှင်ကလည်း မိမိအမည်ကို နတ်အမည်ပေးလေ့ ရှိ၏။ ဟံသာဝတီသတင်းစာ ဆောင်းပါးပိုင်းတွင် ဤစာမျိုး မကြာ မကြာ ပါလာသည်ကို တွေ့မြင်ရလေသည်။ ၎င်းတို့ကို ခရီးသွားမှတ် တမ်းကဲ့သို့ ရိုးရိုးရေးသားထားသည်မဟုတ်ဘဲ ဖတ်၍ကောင်းရန် ခရီး စဉ်ကို ပုံကြမ်းထားပြီးလျှင် စောင်းချိတ်သောအချက်များ၊ အမြင်မတော် သောအချက်များ၊ စိတ်ကူးတွင်ပေါ်သော အချက်များကိုပါ ရောစွက် ကာ ဖွဲ့နွဲ့ ရေးသားထားလေ့ ရှိကြ၏။ နတ်လမ်းညွှန်စာမျိုးနှင့် ပတ်တိုက်စာတို့မှာ ခပ်ဆင်ဆင်ပင် ဖြစ်ကြလေသည်။

ဟံသာဝတီသတင်းစာ ထုတ်ဝေခြင်း ရပ်စဲလိုက်ပြီးသည့်နောက် နတ်လမ်းညွှန်စာမျိုးကို သတင်းစာ မဂ္ဂဇင်းတို့၌ မတွေ့မမြင်ရတော့ ချေ။ ပြဇာတ်အရေးအသားမျိုးလည်း တစ်စတစ်စ ပျောက်ပလာသော ကြောင့် နတ်လမ်းညွှန်စာမျိုးမှာ ၎င်းတို့နှင့်အတူတကွ ဆုတ်ယုတ် ပျောက်ကွယ်၍ သွားရလေသတည်း။

ဤသို့ နတ်လမ်းညွှန်စာမျိုး လုံးလုံးပျောက်ကွယ်သွားပြီးနောက် ရုတ်တရက် မြန်မာ့အလင်းသတင်းစာတိုက်မှ ကျိုက်ထီးရိုးသွား နတ် လမ်းညွှန်ဆိုသော စာအုပ်ကို ပုံနှိပ်ထုတ်ဝေလေသည်။ ဤစာကို ရေး

mgyoe.com

mgyoe.com
SAMPLE BOOK

သားသူကား ကွယ်လွန်သူဆရာကြီး ဦးပြုံးချို ဖြစ်လေသည်။ ဆရာကြီး ဦးပြုံးချိုမှာ သဘင်ဘက်တွင် များစွာကျွမ်းကျင်သည်သာမက မိမိကိုယ်တိုင်ပင် ငယ်စဉ်အခါက သဘင်ဘက်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသူဖြစ်သောကြောင့် ၎င်း၏နတ်လမ်းညွှန်မှာ လွန်စွာမှပင်ကောင်းလေသည်။ သို့ရာတွင် ထိုစာအုပ်မှာ များစွာ နာမည်မထွက်လှပေ။ အကြောင်းမူကား ယခုကာလ စာဖတ်သူတို့မှာ နတ်လမ်းညွှန်စာမျိုးကို မနှစ်သက်လှသောကြောင့်တည်း။

ဤကျိုက်ထီးရိုးဘုရား နတ်လမ်းညွှန်အပြင် ဆရာထွန်းဆိုသူရေးသားသော ပိဋကတ်သွား နတ်လမ်းညွှန်တစ်အုပ်လည်း ရှိပေသေး၏။ ၎င်းစာအုပ်မှာလည်း ကျိုက်ထီးရိုး နတ်လမ်းညွှန်ကဲ့သို့ များစွာ မထင်ပေါ်ချေ။ ဖတ်ဖူးသူ အလွန်နည်းပါးလေသည်။ ပိဋကတ်အသွားနှင့် ရေးသားထားသောကြောင့် ဖတ်၍အတော်အတန်ကောင်း၏။

နတ်လမ်းညွှန် စာမျိုးအကြောင်းနှင့် စကားစပ်မိ၍ ဦးပြုံးချိုအကြောင်း အနည်းငယ်ဆက်လက်ရေးသားလို၏။ သဘင်ဘက်ဆိုင်ရာ စာပေဗဟုသုတများစွာရှိပြီးလျှင် သဘင်နှင့်ပတ်သက်၍ မှတ်စုတို့ကိုလည်း များစွာ စုဆောင်းထားသူဖြစ်သောကြောင့် ဆရာကြီး အနိစ္စရောက်သွားသည်မှာ မြန်မာသဘင်ပညာဘက်ဆိုင်ရာ ဗဟုသုတအတွက် များစွာဝမ်းနည်းဖွယ်ရာ ကောင်းလှပေ၏။ ဆရာဦးပြုံးချိုစုဆောင်းခဲ့သော စာဟောင်းပေဟောင်းတို့မှာ ၎င်း၏ဆွေမျိုးညာတိတို့ထံ၌ ကျန်ရစ်ကောင်း ကျန်ရစ်ပေလိမ့်မည်။ ထိုစာပေမှတ်စုတို့ကိုရထားသူများက မပျောက်စိမ့်သောငှာ ကောင်းနိုးရာရာ ရွေး၍ စာအုပ်ပြုလုပ်ပုံနှိပ်ကာ ရောင်းချသင့်ပေသည်။ ထိုသို့မဟုတ်မူလည်း မြန်မာစာပေစုဆောင်းရေး အသင်းအပင်းများက ဝယ်ယူစုဆောင်းထားသင့်ပေသည်။

ဆရာ ဦးပြုံးချို၏ နတ်လမ်းညွှန်စာအုပ်နှင့်ပတ်သက်၍ အချုပ်အားဖြင့်ဆိုရသည်ရှိသော် ထိုစာမှာ နတ်လမ်းညွှန်အသွားမျိုးဖြင့်ရေးသားထားသော်လည်း ခရီးသွားမှတ်တမ်းမျှသာ ဖြစ်ချေသည်။ အထက်ဖော်ပြရာပါ နတ်လမ်းညွှန် စာနှစ်စောင်ပေါ်ပြီးနောက် အခြား

mgyoe.com

mgyoe.com SAMPLE BOOK

နတ်လမ်းညွှန်စာဟူ၍ ပေါ်ပေါက်သည်ကို မကြားရသေးချေ။ ဤစာမျိုး ပျောက်ကွယ်သွားပြီဟူ၍ ဆိုရန်သင့်ပေ၏။

မောင်မြသွင်
(သိပ္ပံကျောင်းသား)

၁၂၉၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်၊
၁၉၂၉ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်၊
သူရိယ ရက်ခြားသတင်းစာ (ဆောင်းပါးအမှတ် ၂၈)။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နတ်ကျွန်း

မောင်လူအေးသည် မိမိ မွေးဖွားရာဌာနဖြစ်သော မော်လမြိုင်မြို့၊ မုပွန် နတ်ကျွန်းရပ်သို့ သင်္ကြန်အတွင်း မရောက်သည်မှာ ၇ နှစ် ရှိလေပြီ။ မော်လမြိုင်သားတို့ဘာဝအလျောက် နှစ်တိုင်းနှစ်တိုင်း သင်္ကြန်နီးလျှင် နေရပ်သို့ပြန်ရန် စိတ်ကူးထုတ်၏။ နှစ်တိုင်းနှစ်တိုင်း မသွားဖြစ်။ အကြောင်းတစ်ခုခုကြောင့် ထိုအကြံများ ပျက်၍သာ သွားလေသည်။ ယခုနှစ်လည်း ယခင်နည်းအတိုင်း မော်လမြိုင်ပြန်ရန် စိတ်ကူး၏။ ယခင်ကကဲ့သို့ပင် ယခုနှစ်လည်း မသွားဖြစ်။ အကြံအစည် ပျက်၏။ ဘယ်နှစ်မှာမှ ရောက်ရမည် မသိတော့ပြီ။

ဤသို့ ထင်တိုင်းမပေါက်သောကြောင့် ကိုယ်မှာ မရောက်နိုင်သော်လည်း စိတ်ကမူကား နှစ်တိုင်း မော်လမြိုင်သို့ ရောက်သည်ပင်။ သင်္ကြန်အတွင်း ညနေတိုင်း မောင်လူအေး၏စိတ်တွင် ဤအချိန်ဖြင့် လူတွေ ရေခံထွက်ကြပြီ၊ ဤအချိန်ဖြင့် ရေခံထွက်သူတွေ တော်တော်မောကုန်ကြပြီ၊ ဤအချိန်ဖြင့် အိမ်ပြန်ရောက်ကြပြီ စသဖြင့် မိမိရှိရာ အရပ်မှနေ၍ စိတ်ကူးထုတ်နေလေ့ ရှိလေသည်။

ယခု ၁၂၉၈ ခုနှစ်၊ သင်္ကြန်တွင် အကြတ်နေ့တွင်ကား မောင်လူအေးမှာ အထက်အညာ မိမိနေထိုင်ရာ အိမ်၏ စာရေးခန်းရှိ စာရေးစားပွဲတွင် အမှုတွဲများနှင့် အလုပ်ရှုပ်လျက်ရှိ၏။ အချိန်ကား ညနေသုံးနာရီခန့် ရှိပေလိမ့်

mgyoe.com

mgyoe.com SAMPLE BOOK

မည်။ ထိုအချိန်တွင် အထက်အညာ၌ ပူအိုက်လွန်းသောကြောင့် မောင်လူ အေး၏ တစ်ကိုယ်လုံး ချွေးအတိပြီးနေ၏။ ရေခဲဘူး၊ ရေဖန်ခွက်တို့မှာ စားပွဲပေါ်တွင် အမှုတွဲများနှင့်အတူ စံစားနေကြလေသည်။ မောင်လူအေး ကား စီးကရက်ကို ဖွာလိုက်၊ ရေခဲရေကို သောက်လိုက်၊ အလုပ်လုပ်လိုက် နှင့်နေ၏။

ဤသို့ မောင်လူအေး အလုပ်လုပ်နေခိုက်တွင် အိမ်နောက်ဖေး အင်းဝ သို့သွားသော လမ်းပေါ်၌ ကလေးတစ်တွေ ဆူညံစွာ ရေကစားနေကြသော အသံကို ကောင်းစွာကြားနေရပေ၏။ သူတို့၏ ပယောဂကြောင့် ဆီးတော မြောင်းမှ ရေလည်း အတော်ကုန်လေပြီ။

ဤအသံကို ကြားရသောအခါ မောင်လူအေး၏စိတ်မှာ အမှုတွဲများ တွင် မရှိတော့ပြီ။ မိမိ၏ မွေးဖွားရာ နတ်ကျွန်းရပ်သို့ ရောက်သွားလေ တော့၏။ လက်ဦးတွင် မိမိတို့ ငယ်စဉ်က သင်္ကြန်အခါ ရေကစားခဲ့ကြသည့် အကြောင်းသို့ရောက်၏။ ထို့နောက် မိမိ၏ ငယ်ကျွမ်းမိတ်ဆွေများ အကြောင်းသို့ ရောက်၏။ ထို့နောက် နတ်ကျွန်းတွင် ထင်ပေါ်ခဲ့ကြသော ဦးလှတို့၊ ဒေါ်ထူးတို့၊ ဦးရွှေမွန်းတို့၊ ဒေါ်ချစ်ပုံတို့၊ ဦးရွှေဖုန်းတို့၏ အကြောင်း သို့ ရောက်၏။ ထို့နောက် နတ်ကျွန်း အရှေ့ကွင်းပြင်ကြီးသို့လည်းကောင်း၊ ထိုကွင်းပြင်ကြီးအတွင်းရှိ ကုလားဘုရားပျက်၊ ကုလားပုကန်တို့သို့ လည်း ကောင်း၊ နတ်ကျွန်း နောက်ဖေး ဖူးကားဝင်းအတွင်းသို့လည်းကောင်း ရောက် ၍ရောက်၍ သွားလေသတည်း။

ရှေးမောင်လူအေးတို့ ငယ်ငယ်တုန်းက နတ်ကျွန်းရပ်နှင့် ယခု နတ် ကျွန်းရပ်ကား အနည်းငယ်မျှ မတူတော့ပြီ။ အထူးပြောင်းလဲ၍နေလေပြီ။ ရှေးလူကြီးများလည်း အနိစ္စရောက်ကုန်ကြလေပြီ။ နောက်ပေါက် ကလေးတို့ မှာလည်း လူကြီးတွေ ဖြစ်ကုန်ကြလေပြီ။ ရှေးအိမ်များ ပျက်ကုန်ပြီဖြစ် သောကြောင့် ထိုအိမ်များ၏ နေရာတွင်လည်း အိမ်သစ်များ ရောက်နေကြ လေပြီ။ ရှေးမောင်လူအေးတို့ ငယ်စဉ် နတ်ကျွန်းရပ်မှာ မရှိတော့ဘဲ နတ်ကျွန်း ရပ် အသစ်ဖြစ်နေပြီတကား။

မောင်လူအေး တွေးတောလွမ်းဆွတ်နေသော နတ်ကျွန်းရပ်ကား မော်လမြိုင် မည်သည့်နေရာတွင် တည်ရှိပါသနည်း။ မည်ကဲ့သို့သော အရပ်

mgyoe.com

mgyoe.com SAMPLE BOOK
ပါနည်း။ အရပ်ကြီးလော၊ အရပ်ကလေးလော၊ အိမ်ခြေ မည်မျှရှိပါသနည်း။ ဤအမေးများကို ဖြေကြားရန်ကား ဤသို့တည်း။

မော်လမြိုင်မြို့တွင် အရပ်ကြီး ငါးရပ်ရှိလေသည်။ ၎င်းတို့ကား ဒိုင်းဝန်ကွင်း၊ ဈေးကြီး၊ ပန်းဘဲ(ပဲ)တန်း၊ မောင်ငံနှင့် မုပွန်တို့ ဖြစ်ကြလေသည်။ ရှေးအခါက တစ်ရပ်တွင် ပုလိပ်ဌာနတစ်ခုစီ ရှိလေသည်။ ယခုကား ပန်းဘဲတန်းနှင့် မောင်ငံဌာနာတို့ကို ဖျက်လိုက်လေပြီ။ ထိုဌာနာငါးခုတို့ကို အကြောင်းပြုပြီးလျှင် အရပ်ကြီး ငါးရပ်ဟူ၍ ပိုင်းခြားထားခဲ့ကြလေသည်။ ထိုအရပ်ကြီး ငါးရပ်အနက်လည်း တစ်ရပ်ရပ်တွင် အရပ်ကလေး မြောက်မြားစွာ ရှိလေသည်။

မော်လမြိုင်မြို့၏ တောင်ဘက် အစွန်ဆုံးဖြစ်သော မုပွန်ရပ်တွင်ကား နတ်ကျွန်း၊ ချောင်းဝ၊ သဘော်ဆိပ်၊ ရွာဟောင်း၊ အိုးရုံဟူ၍ အရပ်ငါးရပ် ရှိပြန်လေသည်။ မောင်လူအေး၏ မွေးဖွားရာ နတ်ကျွန်းရပ်ကား မုပွန်ငါးရပ်တွင် မြောက်ဘက်အကျဆုံးသော အရပ် ဖြစ်လေသည်။

ရှေးအခါက မောင်ငံရပ်နှင့် နတ်ကျွန်းရပ်ကြားတွင် ကွင်းပြင်ကြီး ရှိ၏။ ယခု အခါတွင်ကား ယခင်က ကွင်းပြင်ကြီးနေရာတွင် 'မော်လမြိုင်တောင်' ခေါ်သော မီးရထား ဘူတာရုံနှင့် မီးရထားအရာရှိ၊ မီးရထား အစေခံများနေသော အိမ်များ ရောက်နေကြလေပြီ။

အောက်လမ်းမကြီးအတိုင်း နတ်ကျွန်းရပ်ထဲသို့ ဝင်လာ၍ ၁၀ အိမ်မျှ ကျော်လာလျှင် တံတားတစ်ခုကို မြင်ရပေလိမ့်မည်။ ထိုတံတားကား နတ်ကျွန်းတံတားဖြစ်၍ တံတားကိုလွန်၍ အိမ် ၃၀ ခန့်ကျော်လာလျှင် အခြားတံတားတစ်ခုကို မြင်ပေလိမ့်မည်။ ထိုတံတားကား ချောင်းဝတံတား ဖြစ်လေသည်။ ထိုတံတားကို ကျော်လွန်လျှင် ချောင်းဝရပ်သို့ ရောက်လေတော့၏။

နတ်ကျွန်းရပ်စစ်စစ်ကား နတ်ကျွန်းတံတားနှင့် ချောင်းဝတံတားတို့၏ အကြားတွင် တည်ရှိလေသည်။ နတ်ကျွန်းတံတားသို့ မရောက်မီ ဝဲဘက်တွင် မြင်ရသော အိမ် ၁၀ အိမ်ခန့်တို့ကား နတ်ကျွန်းရပ်တွင်မပါ။ ထိုအိမ်များရှိရာ အရပ်ကို တစ်ခြမ်းပွဲရပ်ဟု ခေါ်ဆိုကြလေသည်။ သို့သော် တစ်ခြမ်းပွဲသူ၊ တစ်ခြမ်းပွဲသားတို့မှုကား မိမိတို့အရပ်ကို နတ်ကျွန်းဟူ၍ ခေါ်ဆိုကြ၏။ နတ်ကျွန်းသူ၊ နတ်ကျွန်းသားတို့မှုကား ထိုအဆိုကို အတည်မပြု။ အဘယ်
mgyoe.com

mgyoe.com SAMPLE BOOK
ကြောင့် ထိုအရပ်ကို တစ်ခြမ်းပဲ့ဟု ခေါ်ပါသနည်း။ လမ်း၏ ဝဲဘက်တွင်သာ အိမ်များရှိ၍ ယာဘက်တွင် အိမ်ခြေမရှိသောကြောင့် တစ်ခြမ်းပဲ့ရပ်ဟု ပြောင်လှောင်ကာ ခေါ်ဆိုခဲ့ကြဟန် တူလေသည်။ အမည်ပေးပုံ နေရာကျလှပေ၏။

နတ်ကျွန်းတံတားနှင့် ချောင်းဝတံတားတို့အကြားတွင်ရှိသော အရပ်ကို အဘယ်ကြောင့် နတ်ကျွန်းရပ်ဟူ၍ ခေါ်ဆိုကြောင်းကို ရှင်းလင်းရပေဦးမည်။ အောက်လမ်းမကြီးအတိုင်း လျှောက်လာ၍ ချောင်းဝတံတားသို့ မရောက်မီ ဝဲဘက်သို့ ကြည့်လိုက်မည်ဆိုလျှင် လျှောင်ချိုင်၏ အရက်စက် (ဝါ) အရက်ဖိုကို မြင်ကြရပေလိမ့်မည်။ ထိုအရက်ဖိုရှေ့ ညောင်ပင်ကြီးတစ်ပင်အောက်တွင် နတ်ကွန်းတစ်ခုရှိလေသည်။ ထိုနတ်ကွန်းကို အကြောင်းပြု၍ နတ်ကွန်းရပ်ဟူ၍ ခေါ်ဆိုကြောင်း၊ နတ်ကွန်းရပ်မှ ကာလရွေ့လျော လာသောကြောင့် နတ်ကျွန်းရပ်ဖြစ်လာကြောင်း အချို့က ဆို၏။ အချို့မူကား နတ်ကျွန်းချောင်းနှင့် ချောင်းဝတို့အကြား ကျွန်းကဲ့သို့ ဖြစ်နေသောကြောင့် နတ်ကျွန်းဟု ခေါ်ကြောင်း ပြောပြကြသည်။ မည်သည့်အဆိုက မှန်၍ မည်သည့်အဆိုက မှားသည်ကိုကား အသေအချာ မပြောနိုင်။ သို့သော် အဆိုပါနတ်ကွန်းမှာ အထိကရ နတ်ကွန်းဖြစ်ကြောင်းကိုကား မည်သူမျှ မငြင်းနိုင်၊ ယခုတိုင် ရှိသေး၏။

ထိုနတ်ကွန်း၊ ထိုနေရာတွင် တည်ရှိခဲ့သည်မှာ မောင်လူအေးတို့ မမွေးမီကတည်းက ဖြစ်၏။ တစ်နှစ်လျှင် နှစ်ကြိမ်မှန်မှန် ထိုနတ်ကွန်းသို့ နတ်ကျွန်းသူ နတ်ကျွန်းသား ကြီးကြီးငယ်ငယ်တို့ သွား၍ ပသကြရလေသည်။ သဇင်ပန်းပေါ်ချိန် တစ်ခါ၊ သင်္ကြန်ကျပြီးလျှင် တစ်ခါ ဖြစ်၏။ သဇင်ပန်းပေါ်ချိန်တွင် ငှက်ပျော၊ အုန်း၊ မုန့်အမျိုးမျိုး၊ အရက်၊ သဇင်ပန်းတို့ဖြင့်သွား၍ ပသကြလေသည်။ မော်လမြိုင်သူ မော်လမြိုင်သားတို့သာ သင်္ကြန်ရေကစား ဝါသနာပါကြသည် မဟုတ်၊ မော်လမြိုင်နတ်များပင် ရေကစား ဝါသနာပါကြလေသည်။

နတ်ပွဲမကျင်းပမီ သုံးလေးရက်က ပိုက်ဆံကောက်ခံပြီးလျှင် ကြေညာလေသည်။ မောင်လူအေးတို့ လူစုကား လွန်စွာဝမ်းသာနေကြလေတော့၏။ ညနေလေးနာရီခန့်တွင် ဆိုင်းဆော်လေပြီ။ မောင်လူအေးတို့လူစု ရောက်သွားကြ၏။ အတန်ကလေးကြာလျှင် ကြီးကြီးငယ်ငယ် နတ်ရှိသေသူ
mgyoe.com

mgyoe.com SAMPLE BOOK
မှန်သမျှ ရောက်လာကြလေသည်။ နတ်ကမည့် နတ်ကတော် ဒေါ်ငြိမ်းအောင်၊ ဒေါ်မွေးအုံးနှင့် ဒေါ်နှင်းရုံတို့လည်း အရောက်ညီကြလေပြီ။ ဆိုင်းကလည်းဆော်၊ သူတို့ကလည်း ပုဆိုးကြီးတွေကို ပတ်၊ ခေါင်းပေါင်းကြီးတွေကို ပေါင်းပြီးလျှင် မြင်းဖြူရှင်လို၊ ဘိုးမင်းကျော်လို၊ ဘိုးဘိုးကြီးလို ကကြလေသည်။ သဇင်ပန်းပေါ်ချိန်ဆိုလျှင် သဇင်ပန်းတွေကို ဆုပ်ကာ နမ်းကြ၏။ ပြီးလျှင် ပရိသတ်ရှိရာသို့ ပစ်လေတော့သည်။ အားလုံး ဝိုင်း၍လုကြ၏။ နတ်ကတော်များကပေမင့် သူတို့ ဆွေမျိုးများရှိရာဘက်သို့ ခပ်များများကြဲလေ့ ရှိကြလေသည်။ ရေကစားသော နတ်ပွဲဖြစ်လျှင် နတ်ဝင်နေသော နတ်ကတော်များက ပရိသတ်ဘက်သို့လှည့်ကာ ရေဖြင့် ဖျန်းပက်ကြလေသည်။ တစ်ပွဲလုံး ရွှဲရွှဲစိုကုန်၏။ နတ်ကတော်များ ပက်သည့် ရေက နည်းနည်း၊ အချင်းချင်း လိုက်၍လောင်းကြသည်က များလေသည်။ ထိုနတ်ပွဲတွင် လိုက်ကြ၊ ပြေးကြ၊ ဖမ်းကြ၊ ဆီးကြ၊ ရေပက်ကြနှင့် သင်္ကြန်အတွင်းလို ဖြစ်နေလေသည်။ တစ်မျိုး ပျော်စရာကောင်းတော့၏။

နတ်ကတော်များကို နတ်ဝင်နေသောအခါ အရပ်လူကြီးများက မေးစရာရှိသည်တို့ကို မေးကြလေသည်။ ထိုနှစ်တွင် ရောဂါဘယကင်း၊ မကင်း။ မိုးလေဝသ ကောင်းမကောင်း၊ အရောင်းအဝယ် နေရာကျ မကျ အစရှိသည်တို့ ဖြစ်၏။ နတ်များကလည်း ပြောကြားကြလေသည်။ ထို့နောက် နတ်များက ပွဲတစ်ချီ နှစ်ချီ စသဖြင့် တောင်းကြ၏။ အရပ်လူကြီးများက အာမခံကြရလေသည်။ နတ်ပွဲပြီးသည့်နောက် တစ်လကိုးသီတင်းကြာလျှင် အာမခံထားကြသည့်အတိုင်း ဇာတ်ပွဲများကို ခံကြရလေသည်။ နတ်များက ပွဲတောင်းသည်ဟူ၍ ကြားလျှင် မောင်လူအေးတို့ အလွန်အမင်း ဝမ်းသာကြကုန်၏။

နတ်ပွဲပြီးသည်နှင့်တစ်ပြိုင်နက် နတ်ကွန်းတွင် တင်ထားသော မုန့်အမျိုးမျိုး၊ ငှက်ပျောသီး၊ အုန်းသီးတို့ကို မည်သူမဆို လုစားနိုင်၏။ မောင်လူအေးတို့လည်း ဝင်၍လုကြလေတော့သည်။ တစ်ခါတစ်ခါလည်းရ၊ တစ်ခါတစ်ခါလည်း မရ၊ စံဖေ၊ ငမဲ၊ စံရှင်းတို့က မျှကြပါမှ စားသောက်ရလေသည်။

ယခုအခါတွင်ကား နတ်ကတော် ဒေါ်ငြိမ်းအောင်၊ ဒေါ်မွေးအုံး၊ ဒေါ်နှင်းရုံတို့လည်း မရှိကြတော့ပြီ။ နတ်ပွဲကိုလည်း ယခင်ကကဲ့သို့ စည်စည်ကားကား မကျင်းပနိုင်ကြတော့ပြီ။ ရပ်သူရပ်သားတို့၏ လက်တွင်လည်း
mgyoe.com

mgyoe.com SAMPLE BOOK

ငွေက ပါးသောကြောင့် နတ်များက အလိုက်သိစွာ ပွဲမတောင်းကြတော့ပြီ။ အရပ်ထဲတွင် ရေးကကဲ့သို့ မစည်ကား၊ ခြောက်သွေ့သွေ့ကြီး နေတော့၏။

နတ်ကျွန်းနောက်ဖေးတွင်မူကား သစ်စက်ရှိ၏။ နတ်ကျွန်းမြောက်ဘက်တွင် တီ–ဒီ–ဖင်လေ သစ်စက် ရှိ၏။ ချောင်းဝဘက်တွင် ဘုံဘေဘားမားသစ်စက် ရှိ၏။ နတ်ကျွန်းသားတို့ကား ဤသစ်စက်ကြီးများကို အမှီပြုကာ အသက်မွေးကြလေသည်။ အချို့မှာ စာရေး၊ အချို့ စက်ဆရာ၊ အချို့ ဝိုင်းဆရာ၊ အချို့မှာ လက်သမား၊ အချို့ကား ကူလီခေါင်း စသည်ဖြင့် လုပ်ကိုင်စားသောက်နေကြလေသည်။ ထိုအခါက ရပ်သူရပ်သားတို့မှာ မချမ်းသာကြသော်လည်း မဆင်းရဲကြချေ။ စားနိုင်သောက်နိုင် သုံးနိုင်စွဲနိုင်သူ ချည်း ဖြစ်လေသည်။

ယောက်ျားများက စက်ထဲသွားကြလျှင် မိန်းမများက ဆေးလိပ်ရုံတွင် ဆေးလိပ် သွားလိပ်ကြလေသည်။ သူတို့ကပေမင့် တစ်နေ့လျှင် သုံးမတ် တစ်ကျပ် စည်လေသည်။ ဒေါ်ချစ်ပုံ၊ ဒေါ်အေးခင်၊ ဒေါ်ညိမ်းနွေး၊ ဒေါ်သိန်းမြ တို့မှာ ဆေးလိပ်ရုံခေါင်းများ ဖြစ်ကြကုန်၏။ ထိုအခါက ပိုက်ဆံလွယ်လွယ် ရသောကြောင့် လွယ်လွယ်ပင် သုံးကြလေသည်။

နတ်ကျွန်းရပ်တွင် မွေးဖွားကြသောသူတို့ကား ကြီးပြင်းလာလျှင် စာရေးလုပ်ရန်သာ စိတ်ကူးကြ၏။ သူတို့၏မျက်စိထဲတွင် စာရေးကြီးဆိုသူမှာ ရောမပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ အစိုးရအရာရှိအလုပ်ကို မည်သူမျှ မမှန်းကြချေ။ မောင်လူအေးကိုယ်တိုင်ပင် ငယ်ငယ်တုန်းက ဖူးကားစက်ထဲတွင် မိမိ၏ဖခင်ကဲ့သို့ စာရေးကြီးဖြစ်ရန် ကြိုးစားကာ ပညာသင်ကြားလာသူ ဖြစ်လေသည်။

မောင်လူအေးတို့လူစုသည် နေ့ခင်းများတွင် ဖူးကားသစ် စက်ဝင်းထဲသို့ လူစုလူဝေးနှင့်သွားကာ ကစားလေ့ ရှိကြလေသည်။ ထိုစက်ထဲတွင် အလုပ်လုပ်ကိုင်နေသူတို့မှာ ရပ်ဆွေရပ်မျိုးများ ဖြစ်ကြသောကြောင့် မည်သူမျှ ကန့်ကွက်ခြင်း မရှိ။ သူဌေးပြန်သွားသောအခါ မောင်လူအေးတို့လူစုမှာ စက်ဝင်းထဲတွင် ဆော့ချင်သလိုဆော့၊ ပျော်ချင်သလိုပျော်လေ့ ရှိကြလေသည်။ သစ်များထားသော ဂိုဒေါင်များအတွင်း ပုန်းတမ်းကစားလို ကစား၊ သစ်ဆွဲသော ဘာလီစင်ပေါ် တက်လိုတက်၊ စာရေးများအခန်းသို့ သွားလို

mgyoe.com

mgyoe.com SAMPLE BOOK
သွား၊ သစ်ဆွဲသော ဝိုင်းကြီးများကို လိုက်စီးလိုစီး၊ ပျော်ချင်သလို ပျော်ကြကုန်၏။ ဤသို့ စက်ဝင်းထဲတွင် ဆော့၍ ဝကြသောအခါ သံလွင်မြစ်ထဲသို့ ဆင်းကာ ရေကူးကြလေသည်။ သစ်ဖောင်တွေပေါ် တက်၍ ကျွမ်းပစ်သူပစ်၊ ဒိုင်ဗင်ထိုးသူထိုး၊ ရေကူးပြိုင်သူ ပြိုင်၊ ရေငုပ်ကစားနှင့် အတော်ပင် ပျော်ပါးခဲ့ကြလေသည်။

မောင်လူအေးတို့ ငယ်ငယ်တုန်းက သီတင်းကျွတ်လတွင် ကျိုက္ခမိဘုရားပွဲသို့ သွားကြသော မီးသင်္ဘောများကို ဤဝင်းအတွင်းမှ ရပ်သူရပ်သားတို့ ဆင်း၍ ကြည့်လေ့ရှိကြလေသည်။ ထိုအခါက ကျိုက္ခမိ ရေလယ်ဘုရားပွဲအချိန်တွင် ဧရာဝတီသင်္ဘောများနှင့် ဦးနာအောက်၏ မြန်မာသင်္ဘောတို့ အပြိုင်အဆိုင် ကျိုက္ခမိသို့ ဆင်းကြလေသည်။ ဦးနာအောက်သင်္ဘောက လူတစ်ယောက် တစ်မတ်ဆိုလျှင် ဧရာဝတီက တစ်မူး၊ ဦးနာအောက်သင်္ဘောက တစ်မူးဆိုလျှင် ဧရာဝတီက တစ်ပဲ၊ ဦးနာအောက်က တစ်ပဲဆိုလျှင် ဧရာဝတီက အလကား၊ ဦးနာအောက်က အလကားဆိုလျှင် ဧရာဝတီက ထမင်းလည်းကျွေး၊ လက်ဆောင်လည်း ပေးသေး၏။

ခေတ်က အပြိုင်ကြီး ပြိုင်လိုက်ကြလေသည်။ ဈေးနှုန်းတွင်သာ ပြိုင်ကြသည် မဟုတ်၊ သင်္ဘောချင်းလည်း ပြိုင်ကြလေ၏။ ထိုဘုရားပွဲတွင် ဦးနာအောက်က သင်္ဘောအကောင်းဆုံးများကို အသုံးပြု၏။ ဧရာဝတီကုမ္ပဏီကလည်း မီးသင်္ဘောအကောင်းဆုံး၊ အမြန်ဆုံးများကို ထားသည်။ ဦးနာအောက်၏ အမြန်ဆုံးသော သင်္ဘောတို့ကား အောင်စကြာ၊ အောင်သီတာနှင့် အောင်မာလာတို့ ဖြစ်ကြလေသည်။ ဧရာဝတီကုမ္ပဏီ၏ အမြန်ဆုံးသော သင်္ဘောတို့ကား မီးပင်းနှင့် မီးနင်းတို့ ဖြစ်ကြ၏။

ကျိုက္ခမိဘုရားပွဲအချိန်တွင် တစ်ရပ်လုံး ဆူညံ၍သာ နေလေတော့သည်။ အချို့က ဦးနာအောက်ဘက်မှ ငြင်းကြ၊ အချို့က ဧရာဝတီ ကုမ္ပဏီဘက်က ငြင်းကြ၊ ရန်များပင် ဖြစ်ကြလေသည်။ ခွဲရေး၊ တွဲရေးခေတ်တုန်းက ငြင်းကြသည်နှင့် ခပ်ဆင်ဆင်။

နံနက်ခင်း သင်္ဘောများအဆင်း၊ ညနေခင်း သင်္ဘောများပြန်ချိန်တွင် နတ်ကျွန်းသူ၊ နတ်ကျွန်းသားများတို့ ဖူးကားဝင်းအတွင်း ကမ်းနဖူးမှ ထိုသင်္ဘောများကို ကြည့်ကြသည်မှာ တမြော်ပင်။ မောင်လူအေးတို့မှာ ပျော်ကြ

mgyoe.com

mgyoe.com SAMPLE BOOK
လွန်း၍ ထမင်းမှန်း ဟင်းမှန်းပင် မသိကြတော့ပြီ။

ယခုမူကား ဦးနာအောက် သဘော်များ၊ ရောဝတီကုမ္ပဏီ၏ လက်ထဲသို့ ရောက်ကုန်ကြလေပြီ။ ဖူးကားသစ်စက်ကြီးကိုလည်း အမြဲတမ်း ပိတ်ထားလိုက်လေပြီ။ ယခင်က မီးခိုးတလူလူထွက်နေခဲ့သော စက်ခေါင်းတိုင်ကြီးမှာလည်း မီးခိုးနှင့် ကင်းနေလေပြီ။ ဤခေါင်းတိုင်များတွင်လည်း ညောင်ပင်နားလေပြီ။ ဤခေါင်းတိုင်ကြီးကို ဤညောင်ပင်ကလေးက မျိုတော့မည်မှာ ကြာတော့မည် မဟုတ်။ ယခင်က မောင်လူအေးတို့ ပုန်းအောင်းကစားရာ ဂိုဒေါင်များလည်း ပျက်စီးကုန်ကြလေပြီ။ စာရေးများ အလုပ်လုပ်ရာ တိုက်ကိုလည်း ဖျက်လိုက်လေပြီ။ မောင်လူအေးတို့ အိမ်နောက်ဖေးနှင့် မနီးမဝေးတွင် ဆောက်ထားသောဆင်ရုံသည်လည်းကောင်း၊ ဆင်များသည်လည်းကောင်း မရှိတော့ပြီ။ မောင်လူအေးတို့ ငယ်စဉ်ကမူကား ထိုဆင်ရုံတွင်ထားသော ဆင်များကို လောက်လေးနှင့် သွား၍ ပစ်ကစားလေ့ရှိသည်။ ဆင်များစိတ်ဆိုးကြသည်မှာ ဆိုစရာမရှိ။ သူတို့ကို ချည်ထားသော သံကြိုးများကို မခိုင်ပါလျှင် မောင်လူအေးတို့ ဤအသက် ဤအရွယ်ပင် ရောက်ကြမည် မဟုတ်ပေ။ ယခုကား ရှေးမောင်လူအေးတို့ ငယ်ငယ်တုန်းကနှင့် အနည်းငယ်မျှ မတူတော့ပြီ။ အပြောင်းကြီး ပြောင်း၊ အလဲကြီး လဲနေလေပြီ။ ဘာတစ်ခုမျှ မမြဲပါတကား။

နတ်ကျွန်းရပ်၏ အရှေ့ဘက်တွင် လယ်ကွက်များ ရှိလေသည်။ နတ်ကျွန်းတွင် လယ်သမားတစ်ယောက်မျှ မရှိ။ ထိုလယ်များကို လုပ်ကိုင်သူတို့ကား ကုလားများနှင့် စာရေးကြီးကုန်းခေါ်သော အရပ်တွင် နေထိုင်ကြသည့် တလိုင်းအမယ်ကြီး သားအမိတို့ ဖြစ်ကြလေသည်။

မိုးဦးပေါက်သောအခါ မောင်လူအေး၊ ဖေကြီး၊ တင်သာ၊ ပါပု၊ မြတ်ထွန်း၊ ဘတင်၊ မောင်ပါ၊ မောင်လူထွေးတို့လူစု လယ်ထဲထွက်ကာ မြက်ကြားမှို၊ ကွမ်းသွေးမှိုများကို လိုက်၍ နုတ်ကြလေသည်။ တပျော်တပါး သီချင်းဆိုသူဆို၊ ကသူက၊ လက်ခုပ်တီးသူတီး၊ ပါးစပ်ဆိုင်း ဆော်သူဆော်နှင့် အလွန်ပျော်ကြလေသည်။ မှိုများရလာကြလျှင် တင်သာတို့အိမ်၊ ပါပုတို့အိမ်များတွင် ကန်စွန်းရွက်များများနှင့် ရော၍ ကြော်ကာ ထမင်းကြမ်းဖြင့် ပျော်ပွဲစားကြလေသည်။
mgyoe.com

mgyoe.com SAMPLE BOOK

ထိုလယ်ပြင်သည်လျှင် မောင်လူအေးတို့၏ ဘောလုံးကွင်း ဖြစ်၏။ မိုးဦးကျ လယ်များ မထွန်ခင်သာလျှင် ထိုလယ်များကို အသုံးပြုနိုင်၏။ လယ်ထွန်ပြီး၍ စပါးများ စိုက်ပျိုးပြီးသောအခါ ဘောလုံးမကစားနိုင်တော့ပြီ။ ထိုအခါ ချောင်းဝရပ်၊ ရွာဟောင်းရပ်များသို့ သွားကာ ကစားကြရလေသည်။

စပါးများ စိုက်ပျိုး၍ တော်သလင်းလသို့ ကျရောက်သောအခါ စွန်များကို လွှတ်စပြုတော့၏။ မောင်လူအေးကား စွန်လွှတ်ခြင်းထက် ပြတ်သွားသော စွန်များကို လိုက်ကောက်ခြင်းကို ပိုမိုနှစ်သက်လေသည်။ စွန်များလယ်ပြင်ထဲသို့ ကျသွားသောအခါ စပါးပင်များကို နင်း၍ စွန်လိုက်ကောက်သောကြောင့် လယ်ရှင်များနှင့် မကြာမကြာ စကားများရလေသည်။ လယ်ရှင်များ လိုက်သောကြောင့် မမိရန် ထွက်ပြေးရသည်မှာလည်း တမောပင်။

စပါးရိတ်သိမ်းချိန်များတွင် မောင်လူအေးတို့ ကောက်သင်းကောက်ထွက်ကြ၏။ ရသော စပါးနှံများကိုစုကာ ချည်ပြီးလျှင် အိမ်ရှေ့ သပြေသပြေပင်ထက်တွင် ဆွဲထားလေသည်။ စာကလေးများ လာ၍ စားကြသောအခါ အားရ၍ မဆုံးတော့ပြီ။

စပါးရိတ်သိမ်းပြီးလျှင် မောင်လူအေးတို့လူစု ကွင်းထဲထွက်ကာ ဘောလုံးရိုက်တမ်းကစားကြ၊ ပြေးလွှားကစားကြ၊ သူခိုးဖမ်းတမ်း ကစားကြ၊ စစ်တိုက်တမ်းကစားကြနှင့် အပျော်ကြီး ပျော်ကြကုန်၏။ တစ်ခါတစ်ခါ ထိုကွင်းပြင်ကြီးထဲတွင်ရှိသော ကုလားပုကန်တွင် ရေသွားကူးကြလေသည်။ မောင်လူအေးတို့၏ ဘွားလေး၊ ဘွားဒွေးကြီး သိသွားသောကြောင့် မောင်လူအေးတို့ အရိုက်ခံကြရသည်မှာလည်း မကြာမကြာပင်၊ တစ်ခါလည်း ထိုကွင်းပြင် အလယ်တွင်ရှိသော ကုလားဘုရားပျက်အနီး သပြေပင်ကြီးအောက်တွင် သီဟိုဠ် သရက်စေ့များကိုသွား၍ မီးဖုတ်စားကြလေသည်။ အလွန်ပျော်ပါးကြ၏။

ဤလယ်ပြင်ကြီးရှိသောကြောင့် မောင်လူအေးတို့မှာ မြို့သားတစ်ဝက်၊ တောသားတစ်ဝက် ဖြစ်နေကြလေသည်။ တောဓလေ့များကိုလည်း ရကြ၏။ မြို့ဓလေ့များကိုလည်း ရကြလေသည်။ နတ်ကျွန်းအနောက်ဘက်တွင်ကား သစ်စက်ကြီး၊ အရှေ့ဘက်တွင်ကား လယ်ပြင်များ။ အလွန်နေရာကျပေ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ထို့ကြောင့် နတ်ကျွန်းမှာ မြို့လည်းဖြစ်၊ ရွာလည်း ဖြစ်လေသည်။ ထို့ကြောင့် မဟုတ်လော၊ မောင်လူအေးတို့၏ ကျောင်းနေဖက် မိတ်ဆွေအချို့က မောင်လူအေးတို့အား 'ဇနပုဒ်သား' တွေဟု ခေါ်ဆိုလေ့ရှိကြလေသည်။ မောင်လူအေးတို့ကား မခံချင်ကြပြန်၍ ချေပလေ့ ရှိကြလေသည်။

ယခုကား မောင်လူအေးတို့၏ ကစားကွင်းကြီးဖြစ်သော လယ်ပြင်ကြီးကို ရထားဘက်မှ သိမ်းလိုက်လေပြီ။ မောင်လူအေးတို့ ငယ်ငယ်က ကုလားဘုရားပျက်သည်လည်းကောင်း၊ ကုလားပုကန်သည်လည်းကောင်း မရှိတော့ပြီ။ ထိုနေရာများတွင် မီးရထားအရာရှိ၊ မီးရထားအစေခံတို့၏ အိမ်များရောက်နေကြလေပြီ။ မော်လမြိုင်နှင့်ရေး မီးရထားလမ်းမှာ ဤကွင်းပြင်ကြီးအလယ်မှ ဖြတ်၍သွားလေသည်။

ယခုခေတ် နတ်ကျွန်းသားကလေးများ မောင်လူအေးတို့ ငယ်စဉ်က လောက် ပျော်ကြမည်မထင်။ သူတို့ကား ပျော်ချင်လျှင် ကွင်းပြင်ထဲ မထွက်ကြဘဲ ရုပ်ရှင်သို့ ရောက်လေသည်။ ယခုခေတ် ကလေးများနှင့် ကွာဘိခြင်း။

## နတ်ကျွန်းသင်္ကြန်

သင်္ကြန်အခါတွင် နတ်ကျွန်းသူ နတ်ကျွန်းသားတို့ ပျော်ပါးကြပုံအကြောင်းများကို ရေးသားရဦးမည်။ သင်္ကြန်မကျခင် တစ်လခန့်အခါကပင် သင်္ကြန်အကြောင်း ကြွေးကြော်နေကြလေပြီ။ သင်္ကြန်ရှေ့တော်ပြေးများ ရောက်ကုန်ကြလေပြီ။ ဒေါ်ချစ်ပုံ၏ ဆေးလိပ်ရုံသားများ ဖြစ်ကြကုန်သော မဘုတ်ဆုံသည်လည်းကောင်း၊ ဒေါ်အေးခင်၏ ဆေးလိပ်ရုံသားများ ဖြစ်ကြကုန်သော ဖွားသင်၊ ငွေခင်၊ ငွေသင်၊ မနှင်းစိန်၊ မသင်း အစရှိသူတို့သည်လည်းကောင်း၊ ဒေါ်သိန်းမြ၏ ဆေးလိပ်ရုံသား ဖြစ်ကြကုန်သော မသင်းကြည်၊ မကြိုင်၊ မစိန်ရင်၊ မစိန်ခင် အစရှိသူတို့သည်လည်းကောင်း သရက်ထည် အင်္ကျီအစိမ်း၊ အဝါ၊ အပြာ၊ အနီတို့ကို ဆင်တူ ဝယ်ဝတ်ကြလေပြီ။ ဒေါ်ငြိမ်းဒွေးရုံက အဝါဝယ်ဝတ်လျှင် ဒေါ်ချစ်ပုံရုံက အပြာ၊ ဒေါ်အေးခင်ရုံက အနီ၊ ဒေါ်သိန်းမြရုံက အစိမ်း၊ သင်္ကြန်မကျမီ တစ်လလောက်ကပင် ထိုသရက်ထည်အင်္ကျီ အရောင်အမျိုးမျိုးတို့ဖြင့် ကြွားနေကြလေပြီ။ ထိုအဆင်မျိုးကို သင်္ကြန်ဆင်ဟု ခေါ်ဆိုကြကုန်၏။ သူ့အခါနှင့်သူ ကြည့်၍တစ်မျိုး

mgyoe.com

mgyoe.com SAMPLE BOOK
ကောင်းလေသည်။ အခြားအခါများတွင်ကား ဤအဆင်မျိုးကို ဝတ်လေ့မရှိကြ။

သင်္ကြန်မကျမီ တစ်လလောက်ကပင် နတ်ကျွန်းရပ်တွင် တစ်အိမ်ပြီးလျှင် တစ်အိမ် သင်္ကြန်ထမင်းကို ကျွေးလေ့ရှိကြ၏။ တစ်ရပ်လုံးကို ဖိတ်လေသည်။ တစ်ရပ်လုံးမှ ကလေး၊ လူကြီး၊ အပျို၊ လူပျိုများ လာရောက်ကြလေသည်။ သင်္ကြန်ထမင်းကို စားသောက်ပြီးကြလျှင် ရေလောင်းကြလေတော့၏။ ပြေးသူပြေး၊ လွှားသူလွှား ပျော်စရာကြီးပေပ။ အချို့ ခပ်နောက်နောက် အဒေါ်ကြီးများက ခပ်ပြောင်ပြောင် ကာလသားတို့ကို ဖမ်းပြီးလျှင် ကြိုးဖြင့်ချည်၊ မျက်နှာတွင် အိုးမဲလိမ်း၊ မျောက်လိုအကခိုင်း၏။ မကသမျှ မလွှတ်တော့ပြီ။ တစ်နေ့လုံး တဟားဟား တဝါးဝါးနှင့် နေကြလေသည်။ ပါပု၏အမေ ဒေါ်ဝက်မနှင့် ဆေးလိပ်ရုံခေါင်း ဒေါ်ချစ်ပုံကြီးတို့မှာ မည်သူ့ကိုမျှ ချမ်းသာမပေး၊ မိသမျှ ကာလသားတို့ကို အကခိုင်းသည်သာတည်း။ သူတို့နှစ်ယောက်ကို လွန်စွာကြောက်ကြရလေသည်။

သင်္ကြန်ထမင်းကျွေးပွဲများတွင် ရေဖြင့်လောင်းရုံ၊ အိုးမဲလူးရုံနှင့် ကိစ္စမတုံးသေး။ နနွင်းနှင့် ထုံးကို ဖျော်ပြီးလျှင် လက်ငါးချောင်းဖြင့် ကျောမှာ လိုက်၍ သုတ်သေး၏။ မည်သူ့ကျောမှာမဆို လက်ငါးချောင်း၊ နနွင်းရာများကို တွေ့မြင်နိုင်လေသည်။ သို့ဖြစ်သောကြောင့် သင်္ကြန်မကျမီ တစ်လလောက်ကတည်းက မည်သူမျှ အင်္ကျီကောင်းကောင်းများ မဝတ်ဝံ့ကြချေ။ အင်္ကျီဟောင်းဟောင်း စုတ်စုတ်များကိုသာ ဝတ်လေ့ရှိကြကုန်၏။ တစ်လလုံးလုံး သင်္ကြန်ထမင်းကျွေးသော အိမ်များမပြတ်၊ တစ်အိမ်ပြီးတစ်အိမ် ဆက်လက်၍ ကျွေးနေကြလေသည်။ သင်္ကြန်တက်ပြီးနောက်ပင် ဆက်လက်၍ ကျွေးနေကြသေး၏။

ယခုခေတ်တွင်ကား ဤသို့မဟုတ်တော့ပြီ။ သင်္ကြန်ထမင်းကျွေးသော အိမ်များကို များစွာမမြင်ရ။ နနွင်းရိုက်ခြင်း အလေ့အထ၊ သင်္ကြန်မကျမီ ရေလောင်းခြင်းအလေ့အထတို့လည်း မရှိတော့ပြီ။ သင်္ကြန်ကျသောအခါမှသာ ရေလည်ကစားကြလေသည်။ ရှေးက ကြေးငွေများစွာမကုန်ဘဲ ယခုထက်ပို၍ ပျော်သေး၏။ ယခု ခေတ်တွင်ကား ကြေးငွေ ပို၍ကုန်သော်လည်း ရှေးကလောက် ပျော်ကြမည်မထင်။
mgyoe.com

mgyoe.com SAMPLE BOOK

သို့နှင့် သင်္ကြန်အခါတွင်းသို့ ရောက်၍လာခဲ့၏။ နံနက်စောစောက တည်းက မောင်လူအေးတို့ ရေထွက်၍ ပက်ကြလေပြီ။ ကုလားတွေလည်း ပက်၊ မြန်မာတွေလည်း ပက်၊ တရုတ်တွေလည်း ပက်၊ မည်သူ့ကိုမျှ မရှောင်၊ ပြေးကြလွှားကြ၊ လိုက်ကြဖမ်းကြနှင့် အတော်ပင် ပျော်ရွှင်ကြလေသည်။ နေမြင့်လာသောအခါ ချောင်းဝတံတားပေါ်မှနေ၍ ကျွမ်းထိုးချကြ၊ ဒိုင်ဗင်ထိုးကြ၊ ရေကူးပြိုင်ကြနှင့် ပျော်ပါးကြပြန်လေသည်။

ညနေ နှစ်နာရီထိုးသောအခါ ရေပက်ခံလှည့်သူတို့ ရထား၊ လှည်းများဖြင့် သီချင်းတကြော်ကြော်နှင့် ပေါ်လာကြကုန်၏။ ထိုခေတ်က မော်တော်ကား၊ မော်တော်ဘတ်စ်များ ယခုခေတ်မှာကဲ့သို့ မပေါ်သေး။ အများအားဖြင့် ရထားများနှင့်သာ ရေလည် ကစားကြလေသည်။

ဒေါ်ညိမ်းငွေ၏ ဆေးလိပ်ရုံသားတို့က အင်္ကျီဆင်တူ၊ လုံချည်ဆင်တူ ဝတ်ကာ ဒေါ်ညိမ်းငွေ၏အိမ်ရှေ့မှ အိုးကြီး၊ အိုးငယ်တို့မှ ရေကိုယူပြီး ဖလား၊ ရေပုံးတို့ဖြင့် စီတန်းကာ ပက်ကြလေသည်။ ဒေါ်ချစ်ပုံ ဆေးလိပ်ရုံသား အပျိုများကလည်း ဒေါ်ချစ်ပုံ အိမ်ရှေ့မှပက်၊ ဒေါ်အေးခင်၏ ဆေးလိပ်ရုံသားတို့ကလည်း ထိုနည်းလည်းကောင်း၊ ဒေါ်သိန်းမြင့်၏ ဆေးလိပ်ရုံသားတို့လည်း ဤနည်းအတိုင်း အင်္ကျီလုံချည် ဆင်တူဝတ်ကာ လာလာသမျှသော ရေလည်ခံသူတို့အား ပက်ကြလေသည်။ ကာလသား ကိုလူပျိုတို့ကလည်း ထိုအပျိုများနှင့် မနီးမဝေးမှနေ၍ လာသမျှသော သူတို့အား ပုံးကြီး၊ ပုံးငယ်တို့ဖြင့် အားရပါးရ လောင်းကြလေသည်။ သင်္ကြန်အတွင်း ရေကစားသူများ၏ အသံမှာ တစ်ရပ်လုံး ဆူညံနေလေတော့သည်။ မောင်လူအေးတို့ကား နတ်ကျွန်းတံတားမှနေ၍ ချောင်းထဲမှ ရေကိုခပ်ယူကာ ပက်ကြလေသည်။

မောင်လူအေးတို့ လူသိုက်တွင် ငမဲကား တော်တော်သတ္တိကောင်းသူ ဖြစ်သည်။ နံနက်စောစောကပင် နတ်ကျွန်းချောင်း၊ ချောင်းဝချောင်းထဲတွင် ရှိသမျှသော ရေမြွေတို့ကို လိုက်ဖမ်းပြီးလျှင် စဥ့်အိုးတစ်လုံးဖြင့် လှောင်၍ထား၏။ ညနေစောင်းတွင် အတော်ဆူဆူညံညံ လုပ်လာသော ရထား၊ နတ်ကျွန်းချောင်းအနီးသို့ ရောက်လာသောအခါ ရေမြွေတစ်ကောင်ကို ရေပုံးထဲထည့်ကာ ရထားထဲသို့ ရေနှင့်ရော၍ လောင်းသွင်းလိုက်လေသတည်း။ ထိုရေမြွေရထားအတွင်းသို့ ရောက်သွားသောအခါ ရထားတစ်စီးလုံး ဆူညံ၍

mgyoe.com

mgyoe.com SAMPLE BOOK

သွားတော့၏။ ရထားကို ရပ်ကာ ဆင်းပြေးသူပြေး၊ မြွေကိုဖမ်းကာ အပြင်သို့ လွှင့်ပစ်သူက ပစ်နှင့် ရှုပ်ထွေးနေကြလေသည်။ မောင်လူအေးတို့ လူစုလည်း ဣန္ဒြေမပျက် ရေပက်နေကြကုန်၏။ ထိုမြွေဖြင့် အပက်ခံရသော ရထားတွင် ပါလာသူတို့လည်း ကလေးများနှင့် ရန်ဖက်၍ ဖြစ်နေကြရမည်ကို စိုးသော ကြောင့် တိတ်တိတ်ပင် ထွက်သွားကြလေသည်။ ထိုအခါ မောင်လူအေးတို့ အပျော်ကြီး ပျော်နေကြလေသတည်း။

တစ်ရံတစ်ခါလည်း ချောင်းရိုးတစ်လျှောက်တွင် ပေါက်နေသော (ကိုရန်ကြီးပင်) များကို လိုက်၍ ခုတ်ကြပြီးလျှင် ကိုရန်ကြီးအရိုးမှ အမျှင် များဖြင့် ရေအိတ်လုပ်ကြလေသည်။ ထိုရေအိတ်တို့မှာ လက်မောင်း၊ လက်ရုံး ခန့် ရှိပေလိမ့်မည်။ ထိုရေအိတ်များအတွင်း ရေနီ၊ ရေစိမ်း၊ ရေပြာများကို သွင်းထားပြီးလျှင် အမြင်ကတ်သူတို့အား ထိုရေအိတ်များဖြင့် ပေါက်လေ့ ရှိကြ၏။ ခံရသူမှာ အတော်ပင် စပ်၍သွားလေသည်။

ထို့ပြင် ရေပက်သူတို့ကလည်းကောင်း၊ ရေလည်ခံသူတို့က လည်း ကောင်း၊ ရေနီ၊ ရေစိမ်း၊ ရေပြာတို့ဖြင့်လည်း ပက်လေ့ရှိကြသေး၏။ တစ်ခါ တစ်ရံ ပင်စိမ်းစေ့များကို ရေစိမ်၍ ပွလာသောအခါ ထိုပင်စိမ်းစေ့များဖြင့် လည်း ပက်လေ့ရှိကြ၏။ အင်္ကျီလုံချည်များကို ထိသောအခါ ကပ်၍နေလေ သည်။ ဤသို့ ဆေးစိမ်းရေ၊ ဆေးနီရေတို့ဖြင့် ပက်ကြသောကြောင့် မကြာ မကြာ စကားများကြ၊ ခိုက်ရန် ဖြစ်ပွားကြသောကြောင့် ထိုရေမျိုးဖြင့် မကစား ကြရန် အစိုးရက တားရ၏။ ထို့ကြောင့် ရေစိမ်း၊ ရေနီတို့ဖြင့် ကစားကြ သည်ကို မမြင်ရတော့ပြီ။

မောင်လူအေးတို့၏လူသိုက်တွင် ပါပုကား အတော်ပင် ရွတ်တွတ် တွတ်လုပ်တတ်သူတစ်ယောက် ဖြစ်လေသည်။ သူတကာ ရေကစားကြ သောအချိန်တွင် ချောင်းထဲမှာ ဖားသုံးလေးကောင်တို့ကို ဖမ်းပြီးလျှင် ပလိုင်း ထဲထည့်၊ နောက်တွင်လွယ်၊ ကရင်လို သင်တိုင်းဝတ်၊ ခေါင်းပေါင်းပေါင်း၊ ပါးကွက်ကွက်ကာ တုတ်တစ်ချောင်းကို ထမ်း၍ ထွက်သွားလေ၏။ လူ စည်ကားသောနေရာသို့ရောက်လျှင် ပလိုင်းထဲက ဖားများကို လွှတ်ပြီးလျှင် ဖားရိုက်ဟန်ပြုလေသည်။ သူတကာ ရယ်ကြသော်လည်း ပါပုက မရယ်၊ သူ့ကို မြင်တိုင်း တဝါးဝါးနှင့်နေတော့၏။ ဣန္ဒြေလည်း တော်တော်ရသော်

mgyoe.com

mgyoe.com SAMPLE BOOK
ပါပုပေ။ ပါပုကား ယခုအခါ နတ်တောင်တွင် ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်နေလေပြီ။ ဤသင်္ကြန်အခါတွင် မောင်လူအေး သတိရသကဲ့သို့ ငယ်ငယ်က အဖြစ်အပျက်များကို သူလည်း သတိရမလား မပြောတတ်။

ပါပုအပြင် ဦးနိုးတို့ သားအဖကလည်း ရှိသေး။ သင်္ကြန်အတွင်း သူတကာ ရေကစားကြလျှင် ဦးနိုးတို့ သားအဖ ပါးကွက်များကွက်၊ ခါးတောင်းမြှောင်အောင်ကျိုက်၊ သစ်သားဓားကြီး တစ်လက်စီထမ်းကာ လမ်းလျှောက်ကြလေတော့၏။ စကားတစ်ခွန်းမျှ မပြော၊ ဣန္ဒြေရစွာ သွားကြလေသည်။ ဦးနိုးမှာ အသက် ၇၀ နီးနေလေပြီ။ သူ၏သား ဦးသာဇံကား အသက် ၄၀ ကျော် ဖြစ်၏။ ဦးနိုးမှာ အပြောင်အပြက်သမား မဟုတ်။ ဣန္ဒြေရသော လူကြီး ဖြစ်လေသည်။ သို့သော် သင်္ကြန်အခါတွင် ဘာစိတ် ဘာလက်ပေါက်သည်မသိ၊ မိမိ၏ သစ်သားဓားကြီးကို ထမ်းကာ ထွက်လေတော့၏။ ဤသို့ ထွက်သည်မှာ နှစ်တိုင်း ဖြစ်လေသည်။ သင်္ကြန်လွန်လျှင် ထိုဓားကြီးကို ကျပ်ခိုးစင်တွင် တင်ထားလိုက်ကြ၏။ နောင်နှစ်သင်္ကြန်ကျမှ ထိုဓားကြီးများ အလုပ်ရကြပြန်လေသည်။ မော်လမြိုင် သင်္ကြန်စိတ်ကား ထူးဆန်းပေစွ။ မော်လမြိုင်သင်္ကြန်နတ်သည် ရှိ၏။ ထိုနတ်သည် သင်္ကြန်ကျလျှင် မော်လမြိုင်သူ မော်လမြိုင်သားတို့အား ဖမ်းစားလေတော့သတည်း။ ယခုအခါတွင်ကား ဦးနိုးလည်း မရှိ။ သူ၏သား ဦးသာဇံလည်း မရှိတော့ပြီ။ သူတို့၏အိမ်ပင် မရှိ၊ အိမ်နေရာကလေးသာ ကျန်တော့၏။

## နတ်ကျွန်းချောင်း

နတ်ကျွန်းချောင်းသည် သင်္ကြန်အခါတွင်သာ မောင်လူအေးတို့၏ အကျိုးကို ဆောင်သည်မဟုတ်။ အခြားအခါများတွင်လည်း သူတို့၏အကျိုးကို ဆောင်သည်ပင်။ မောင်လူအေးတို့လူစု ရေကူးသင်ကြသည်မှာ ဤချောင်းအတွင်း ဖြစ်လေသည်။ နတ်ကျွန်းချောင်းမှာ နတ်ကျွန်းအရှေ့ဘက် တစ်မိုင်ခန့်အကွာ စာရေးကြီးကုန်းတွင် ချောင်းဖျားခံလေသည်။ နတ်ကျွန်းကို ဖြတ်ပြီးလျှင် ချောင်းဝချောင်းနှင့် ပူးပေါင်းကာ သံလွင်မြစ်ထဲသို့ စီးဆင်းသွား၏။ သံလွင်မြစ်နှင့် ဆက်နေသောကြောင့် ရေတက်လျှင်တက်ခြင်း၊ ရေကျလျှင် ကျခြင်း ဖြစ်လေသည်။
mgyoe.com

mgyoe.com SAMPLE BOOK
ရေကျသွားလျှင် ချောင်းထဲတွင် ရေအနည်းငယ်သာ ကျန်နေ၏။ မောင်လူအေးတို့ ဘောလုံးဝယ်ရန် ငွေမလောက်လျှင် ဤချောင်းထဲတွင် ပုလင်းများကို ကောက်ကာ စင်အောင်ဆေးကြောပြီးလျှင် ပုလင်းလိုက်ဝယ်သော ကုလားထံ ရောင်းစားကြလေသည်။ ပုလင်းများကိုချည်း စုဆောင်းရှာဖွေကြသည်မဟုတ်။ ကြေးတိုကြေးစ၊ သံတိုသံစများကိုလည်း လိုက်၍ ကောက်ကြသေး၏။ ထိုသံတိုသံစ၊ ကြေးတိုကြေးစများလည်း ကြေးဝယ်ယူသူ၊ သံဝယ်ယူသူ ကုလားများ၏လက်သို့ ရောက်ကြရလေသည်။ ချောင်းထဲမှ ကြေးတိုကြေးစ၊ သံတိုသံစတို့သာ မနေကြရသည် မဟုတ်။ မိမိတို့အိမ်များတွင် ပုန်းအောင်းနေကြသော ကြေးတိုကြေးစ၊ သံတိုသံစများလည်း ကောင်းစွာ မနေကြရပေ။ မောင်လူအေးတို့လူစု၏ ပယောဂကြောင့် ကြေးဝယ်သူ၊ သံဝယ်သူ ကုလားများလက်သို့ ရောက်ကြရလေသည်။ ဘောလုံးဝယ်ရန် ရန်ပုံငွေ တစ်နေ့တခြား တိုး၍သာလာ၏။ ပုလင်းရောင်း၊ ကြေးတိုကြေးစ၊ သံတိုသံစများကို ရောင်း၍မှ ဘောလုံးဝယ်ရန် ငွေမလောက်သေးလျှင် ချောင်းဘေးတွင် ပေါက်နေသော ဇရစ်နွယ်များကို ချိုး၊ သပြေရွက်နုများကို ခူးကာ ရောင်းကြလေ၏။ သို့နှင့် မလောက်သေးလျှင် မန်ကျည်းရွက်နုများကို လိုက်ခူး၍ ရောင်းချလေသေးသည်။ မောင်လူအေးတို့ ငယ်ငယ်တုန်းက တစ်ခုခု ဝယ်လိုလျှင် ကိုယ့်ထူးကိုယ်ချွန်ကြရလေသည်။ လူကြီးများက ဝယ်ပေးလေ့ မရှိကြ။ တစ်ခါတစ်ရံ နေ့စဉ် မုန့်ဖိုးထဲမှ စုဆောင်းကာ ဝယ်ကြရလေသည်။

မိုးဦးကျအချိန် သပြေသီးမှည့်လျှင် ဒေါ်ထူးကြီး၏အိမ်ဘေး သပြေပင်ကြီးမှ ကြွေကျသော သပြေသီးမှည့်များကို ရေထဲမှ ဆယ်ယူကာ စားလေ့ရှိကြ၏။ "သပြေကလည်း သီး၊ ရေကလည်းကြီး၊ မိုးကြီးကလည်း ရွာ" အလွန်ပျော်စရာကောင်းလှပေသည်။ မိုးတွင်းအခါ ဖူးကားသစ်စက်မှ ကျွန်းသစ်များကို ဤချောင်းထဲတွင် လွှတ်၍ထားလေသည်။ ချောင်းဝတွင် သစ်ဖောင်များဖြင့် ပိတ်ထားသောကြောင့် ကျွန်းသစ်များ မြစ်ထဲသို့ မထွက်နိုင်၊ ချောင်းအတွင်းမှာပင် စုန်ချည် ဆန်ချည်နေကြကုန်၏။ မောင်လူအေးတို့လူစုကား ဤသို့ စုန်ချည် ဆန်ချည်လုပ်နေသော ကျွန်းသစ်များ စီးကာ စုန်ကြဆန်ကြလေသည်။ ကျွန်းသစ်များ ချောင်းထဲတွင် မရှိသောအခါများတွင်မူကား

mgyoe.com

mgyoe.com SAMPLE BOOK
သွပ်လှေ၊ သွပ်သမ္ဗန်ကလေးများကို စီးကာ ကစားကြ၊ ပြိုင်ကြ၊ ဆူညံ၍သာ နေလေတော့သည်။

နတ်ကျွန်းချောင်းရိုးတစ်လျှောက်တွင် ဘူးပင်၊ ခနိပင်၊ ကျူပင်၊ ကိုင်းပင်များ ပေါက်ရောက်နေကြလေသည်။ ခနိပင်များမှာ ပိုင်ရှင်များ ရှိကြကုန်၏။ ဘူးပင်တို့ကား အလေ့ကျ ပေါက်နေကြသော အပင်တို့တည်း။ ဘူးသီးတို့မှာ လက်သီးဆုပ်ခန့် ရှိလေသည်။ မောင်လူအေးတို့လူစု ပျင်းပျင်းရှိလျှင် ကွင်းပြင်ထဲထွက်ကာ နတ်ကျွန်းချောင်းကို အလယ်ကထား၍ တစ်ခြမ်းပွဲသားတို့နှင့် စစ်တိုက်တမ်း ကစားလေ့ရှိကြလေသည်။ ဘူးသီးတို့ကား ထိုစစ်တိုက်ကစားသူတို့၏ ခဲယမ်းမီးကျောက်များ ဖြစ်ကြ၏။ တစ်ခြမ်းပွဲသားတို့၏ဘက်မှ စစ်ဗိုလ်လုပ်သူတို့ကား စံရှင်းနှင့် ပါပုတို့ ဖြစ်ကြလေ၏။ နတ်ကျွန်းသားတို့၏ဘက်တွင်ကား စံဖေနှင့် ငမဲတို့မှာ စစ်ဗိုလ်တို့တည်း။ မောင်လူအေး၊ မောင်လူထွေး၊ သန်းတင်၊ မြတ်ထွန်း၊ မောင်ပါတို့မှာ နောက်လိုက်များသာ ဖြစ်ကြလေသည်။ လက်နက်မှန်သောကြောင့် ခေါင်းမူးသူမူး၊ ပါးရောင်သူရောင်နှင့် အိမ်ပြန်ကြရလေ၏။ အတော်လည်း ပျော်စရာကောင်းလေသည်။

နတ်ကျွန်းချောင်းအတွင်း ငါး၊ ပုစွန် တော်တော်ပေါ၏။ ဤချောင်းကို အုပ်ချုပ်၍လာသူတို့ကား ကိုပြူးနှင့် ဦးဘဖေတို့ ဖြစ်ကြလေသည်။ နေ့ညမရှောင် ရေထဲငုပ်ကာ ငါး၊ ပုစွန်တို့ကို လက်ရဖမ်းနိုင်သူတို့တည်း။ နတ်ကျွန်းတစ်ရပ်လုံးတွင် ငါးဖမ်းသောနေရာ၌ ကိုပြူးနှင့် ဦးဘဖေတို့အား ဆရာတင်ထားရလေသည်။ ကိုပြူးကား နှုတ်ခမ်းတွဲတွဲ၊ ပါးစပ်ပြဲပြဲ၊ မျက်နှာကလည်း မည်းမည်း၊ ဆံပင်က ခပ်တိုတို၊ အလွန်ကြောက်စရာကောင်းလှပေသည်။

ယခုအခါတွင်ကား နတ်ကျွန်းချောင်းလည်း ကောလေပြီ။ ကိုပြူးလည်း အနိစ္စရောက်လေပြီ။ ဤ ချောင်းတွင် ဖမ်းစရာငါးလည်းမရှိ။ ချောင်းတွင် မြေများဖို့နေပြီဖြစ်သောကြောင့် ချောင်းရာသာ ရှိတော့သည်။ ငယ်ငယ်တုန်းက ပျော်ပါးခဲ့ရာ ဤနတ်ကျွန်းချောင်းကို မောင်လူအေး အဘယ်မှာလျှင် မေ့နိုင်ပါအံ့နည်း။

*

mgyoe.com

mgyoe.com SAMPLE BOOK

## နတ်ကျွန်းတံတား

နတ်ကျွန်းချောင်းကို မောင်လူအေး မမေ့နိုင်သည်မှာ ရှိစေဦး၊ ထိုချောင်းပေါ်တွင် ဆောက်လုပ်ထားသော နတ်ကျွန်းတံတားကိုရော မောင်လူအေး မေ့နိုင်မည်လော။ မမေ့နိုင်ပေ။ ဤနတ်ကျွန်းတံတားကား မောင်လူအေးတို့ စုဝေးရာ၊ အစည်းအဝေး ကျင်းပရာဌာန ဖြစ်ခဲ့ပေ၏။ မိုးတွင်း ရေကြီးသည့်အခါ ချောင်းထဲသို့ ဒိုင်ဗင်ထိုးချ၊ ကျွမ်းထိုးချရာနေရာလည်း ဖြစ်ခဲ့ပေ၏။ သင်္ကြန်အခါတွင် လာသမျှသော ရေခံသမားတို့အား ရေပက်ရာနေရာလည်း ဖြစ်ခဲ့ပေ၏။ အသို့လျှင် ဤတံတားကို မောင်လူအေး မေ့နိုင်ပါအံ့နည်း။

ညဦး ၇ နာရီ၊ ၇ နာရီခွဲအချိန်တွင် မောင်လူအေးတို့လူစုသည် မိမိတို့အိမ်အသီးသီးမှ ထွက်လာခဲ့ကြပြီးလျှင် ဤနတ်ကျွန်းတံတားသို့ လာကြကုန်၏။ တံတားလက်ရန်းပေါ်တွင် စီတန်း၍ ထိုင်ကာ ဆွေးနွေးတိုင်ပင်ကြ၊ စကားများကြ၊ ငြင်းချက်ထုတ်ကြနှင့် ညတိုင်းလိုလိုပင် ဆုံညှိ၍နေကြလေသည်။ အများကစားရန်အတွက် ဘောလုံးတစ်လုံးစု၍ ဝယ်ရန် တိုင်ပင်ဆွေးနွေးကြသည်မှာ ဤတံတားလက်ရန်းပေါ်တွင် ဖြစ်၏။ မောင်လူအေးတို့၏ ကလေးစာဖတ်အသင်း တည်ထောင်ရန် စည်းဝေးကြသည်မှာလည်း ဤတံတားလက်ရန်းမှာပင် ဖြစ်၏။ အရပ်ထဲတွင် တစ်အိမ်အိမ်၌ ဦးရှင်ကြီးနတ်ကို ပသသောအခါ ပွဲကျကောက်ညှင်း၊ ပွဲကျ မုန့်ဆန်းတို့ကို လုစားရန် စောင့်စားနေကြသည်မှာလည်း ဤတံတားလက်ရန်းပေါ်မှာပင် ဖြစ်၏။ နွေဦးပေါက်၍ ပြေးခုန်ပွဲများ ကျင်းပရန် တိုင်ပင်ကြသည်မှာလည်း ဤတံတားလက်ရန်းမှာပင် ဖြစ်၏။ ဦးဖေလေးအိမ်ဘေးတွင် ပေါက်နေသော သဘော်ပင်မှ သဘော်သီးကို ခိုးပြီးလျှင် ဒေါ်ညိမ်းအောင်တို့အိမ်တွင် လက်သုပ် လုပ်စားရန် တိုင်ပင်ကြသည်မှာလည်း ဤတံတားလက်ရန်းပေါ်မှာ ဖြစ်၏။ လှည်းကိုဆွဲယူပြီးလျှင် ချောက်ထဲချထားရန် ဆွေးနွေးတိုင်ပင်ကြသည်မှာလည်း ဤနေရာ၊ ဤတံတားလက်ရန်းပေါ်မှာပင် ဖြစ်၏။ ဤနေရာကား မောင်လူအေးတို့ ညစဉ် အစည်းအဝေးကျင်းပရာ၊ ပြီးမှသာလျှင် မိမိတို့ဆောင်ရွက်လိုသောကိစ္စအမျိုးမျိုးတို့ကို ဆောင်ရွက်လေ့ရှိကြကုန်၏။ တစ်ခါတစ်ရံကား ဤတံတားလက်ရန်းပေါ်မှာ စီတန်း၍ထိုင်ကာ သီချင်းအမျိုးမျိုးတို့ကို အသံကုန်ဟစ်အော်ကာ ဆိုသူကဆို၊ လက်ခုပ်တီးသူကတီး၊ ကလျက်

mgyoe.com

mgyoe.com SAMPLE BOOK
နေကြလေသည်။ ဆူလျက်သာနေတော့၏။ ဆူလွန်းမက ဆူလှသောအခါ တံတားနှင့် ကပ်လျက်နေသောအိမ် ဦးရွှေမွှန်းကြီးက လောက်လေးနှင့် ခွင်းတော့မှ တကွဲတပြား ပြေးလွှားကြလေတော့သည်။

*

## ဦးရွှေမွှန်းကြီး

နတ်ကျွန်းတံတားနှင့်ကပ်လျက် ယာဘက်ရှိ အိမ်သည် ဦးရွှေမွှန်းကြီး အိမ်ဖြစ်၏။ ဦးရွှေမွှန်းကြီးကား ဖူးကားသစ်စက်အလုပ်သမား၊ ကူလီလက်သမား၊ ဝိုင်းဆရာများကို အုပ်ချုပ်ရသော စက်အုပ်(ဝါ) ဝင်းအုပ် ဖြစ်လေသည်။ တစ်လလျှင် လခ ၁၀၀ိ/– ရလေသည်။ ထိုအခါက လခ ၁၀၀ိ/– ဆိုသည်မှာ ရာမလခကြီးဖြစ်လေသည်။ ထည်ထည်ဝါဝါ နေနိုင်၏။ အရပ်ထဲတွင် ဦးရွှေမွှန်းကြီးသည် အကွက်အုပ်ဖြစ်သောကြောင့် အလွန်သြဇာရှိသူ တစ်ယောက် ဖြစ်လေသည်။ တစ်ရပ်လုံးက သူ့အား ကြောက်ကြရကုန်၏။ သို့ကြောင့်သာ သူ့အား မောင်လူအေးတို့လူစု တော်လှန်ခြင်းကို မပြုဝံ့ကြရာပေ။ ဦးရွှေမွှန်းကြီးသာမဟုတ်ပါမူ သူ၏ အိမ်ပေါ်သို့ ခဲကျမည်မှာ မုချပင်။

အရပ်ထဲတွင် သူတကာ မကြားကောင်း မနာသာအောင် တစ်ဦးနှင့်တစ်ဦး ဆဲရေးတိုင်းထွာကာ ရန်ဖြစ်နေကြလျှင် ဦးရွှေမွှန်းကြီး ကြိမ်လုံးတစ်လုံးနှင့် ပေါက်လာတော့၏။ သူ ရောက်လာ၍မှ ရန်ပွဲမရပ်စဲပါမူ ထို ဆဲရေးနေသူနှစ်ဦးစလုံးတို့ကို မိမိ၏ကြိမ်လုံးဖြင့် ဆော်လေတော့သည်။ မည်သူမျှ မခုခံဝံ့၊ တိတ်၍သာ သွားကြလေသည်။ ရုံးမရောက်၊ ဂါတ်မရောက်။ အလွန် နေရာကျလေသည်။

လင်မယား မသင့်မတင့်သောကြောင့် ကွာရှင်းလိုကြလျှင် ရုံးသို့ မသွားကြ။ ဦးရွှေမွှန်းကြီးထံသို့ လာကြလေသည်။ ဦးရွှေမွှန်းကြီးကား မည်သူ့ကိုမျှ ကွာ၍ မပေးလိုက်။ သင့်တင့်အောင် စေ့စပ်ပေးလိုက်သည်သာတည်း။ ဦးရွှေမွှန်းကြီး၏ သြဇာကို ပယ်ဝံ့သူမရှိ။

အရပ်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် ခိုက်ရန်ဖြစ်ပွား၍ ကိုယ်ထိလက်ရောက်ဖြစ်ပြီးလျှင် ခေါင်းကွဲကြ၊ လက်ကျိုးကြသော်လည်း ပုလိပ်များ မသိရ၊ ရုံးသို့ မရောက်ရ။ ဦးရွှေမွှန်းကြီးထံသို့သာ ရောက်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK
အဖြစ်အပျက်ကို စုံစမ်းပြီးလျှင် အပြစ်ရှိသော သူကို ကြိမ်လုံးဖြင့် ဆော်လေတော့၏။ တရားခံရော၊ တရားလိုပါ ကျေနပ်ကာ အိမ်ပြန်သွားကြလေသည်။ ထိုအခါက နတ်ကျွန်းသူ နတ်ကျွန်းသားများ အမှုဖြစ်ကြလျှင် ဦးရွှေမွန်းကြီးနှင့်ပင် ဆုံးခန်းတိုင် ရောက်လေသည်။ ရုံးသို့လည်းကောင်း၊ ပုလိပ်ဌာနသို့လည်းကောင်း ရောက်သူမရှိ၊ ပိုက်ဆံကုန် သက်သာသော စနစ်ပေတည်း။

ဦးရွှေမွန်းကြီးအား အစိုးရက ခန့်ထားသည်မဟုတ်။ အရပ်ကသဘောတူသောကြောင့် အကွက်အုပ်ဟူ၍ တင်မြှောက်ထားခြင်းခံရသူ ဖြစ်လေသည်။ ဦးရွှေမွန်းကြီးရှိမှန်း အစိုးရက သိပင် မသိ။ ထိုခေတ်က အရပ်ထဲတွင် ဦးရွှေမွန်းကြီး အုပ်ချုပ်ပုံ မည်မျှလွယ်ကူပါသနည်း။ ဦးရွှေမွန်းကြီးအား ရပ်သူရပ်သားတို့မှာ ကြောက်ချစ် ရိုသေကြလေသည်။ မိဘသဖွယ်သဘောထားကြကုန်၏။ ဝါဆိုဦး၊ ဝါကျွတ်တွင် ရပ်သူရပ်သား၊ လူငယ်များ၊ ဖယောင်းတိုင်၊ ပန်း အစရှိသည်တို့ဖြင့် ဦးရွှေမွန်းကြီးအား လာ၍ ကန်တော့ကြလေသည်။

ဦးရွှေမွန်းကြီးသည် အတီးအမှုတ် အကအခုန်တို့ကို များစွာ ဝါသနာပါလေသည်။ သူ၏အိမ်တွင် တီးမှုတ်စရာ ကိရိယာအမျိုးမျိုး ရှိ၏။ သူကိုယ်တိုင်လည်း အတီးအမှုတ်အကတတ်လေသည်။ သူ၏ သားမယားများလည်း တတ်ကြ၏။ ကျောင်းတစ်ကျောင်းတွင် ဘုန်းကြီးပျံလွှန်တော်မူသည် ကြားလျှင် ဦးရွှေမွန်းကြီးသည် အရပ်ထဲမှ ကာလသားတို့အား မိမိအိမ်သို့ ခေါ်လေတော့၏။ အရောက်ညီကြလျှင် ယိမ်းတစ်ယိမ်း ဖြစ်မြောက်အောင် စီမံလေသည်။ မည်သူမျှ မငြင်းဆန်ဝံ့၊ ဦးရွှေမွန်းကြီး၏ အရွေးခံသူမှန်သမျှယိမ်းတွင် ပါဝင်ရ၏။ မောင်လူအေးကား အကမကောင်း၊ အသံမကောင်းသောကြောင့် အရွေးမခံရ။ အစ်ကို ကိုလူသေး၊ ညီ မောင်လူထွေးတို့သာ ပါဝင်ကြရလေသည်။ တစ်ခါတစ်ခါ ဘိုးသူတော်ယိမ်း၊ တစ်ခါတစ်ခါ ရှမ်းယိမ်း၊ တစ်ခါတစ်ခါ ဘီလူးယိမ်း၊ တစ်ခါတစ်ခါ မင်းသားယိမ်းတို့ကို စီစဉ်လေသည်။

ယိမ်းကမည့် ကာလသားတို့ကို ရွေးကောက်ပြီးနောက် ညတိုင်း ညတိုင်း ဦးရွှေမွန်းကြီး၏အိမ်တွင် ယိမ်းတိုက်လေတော့၏။ ဦးရွှေမွန်းကြီးကိုယ်တိုင်လည်း သင်ကြားပေး၏။ သူ၏တပည့် ယိမ်းဆရာ ဦးချစ်ခင်၊
mgyoe.com

mgyoe.com SAMPLE BOOK
ဦးဘိုးသက်တို့ကလည်း ဝိုင်းဝန်းကူညီကာ ပြသကြရလေသည်။ ယိမ်းသမားတို့သည် ညတိုင်း မှန်မှန်လာကြရ၏။ မလာဘဲ မနေဝံ့ကြ။ အကြောင်းမဲ့ မလာဘဲနေလျှင် ဦးရွှေမွှန်းကြီးက ကြိမ်လုံးစာ ကျွေးသည်သာတည်း။

ယိမ်းတိုက်သောအခါ ခြေလှမ်းမှားလျှင် ခြေကို ကြိမ်လုံးဖြင့် ရိုက်၏။ လက်အနေအထား မှားသောသူအား လက်ကို ကြိမ်လုံးဖြင့် ဆော်၏။ ယခုခေတ်တွင်မူကား ဤသို့ ကြိမ်လုံးဖြင့် ဆော်လျှင် မည်သူမျှ ခံမည်မဟုတ်။ ယိမ်းပင် ပျက်သွားစရာအကြောင်း ရှိလေသည်။ ရှေးကမူကား ဦးရွှေမွှန်းကြီးအား ကြောက်ချစ် ရိုသေပြီးသား ဖြစ်ကြသောကြောင့် စိတ်ပင် မဆိုးဝံ့ကြချေ။ မိမိတို့ မှား၍ ဆုံးမသည်ဟူ၍သာ အယူရှိကြလေသည်။ ကျေနပ်နေခဲ့ကြ၏။

ညတိုင်း ညတိုင်း ယိမ်းတိုက်သောနေရာသို့ ကလေး၊ လူကြီးမကျန် တစ်ရပ်လုံး လာ၍ ကြည့်ကြလေသည်။ စကားပြောကြ၊ ရယ်ကြ၊ လှောင်ကြ၊ နောက်ကြနှင့် ဆူညံနေကြ၏။ ယိမ်းထဲပါဝင်သူတို့သည်လည်းကောင်း၊ မပါဝင်သူတို့သည်လည်းကောင်း ပျော်ပါးကြလေသည်။ ရှေးအခါက အပျော်အပါးဆိုလျှင် ပိုက်ဆံမကုန်၊ ကိုယ့်အရပ်တွင်ပင် ရနိုင်လေသည်။ ယခုခေတ်တွင်မူကား ရုပ်ရှင်သွားရ၊ ဆပ်ကပ်သွားရ၊ မျက်လှည့်ပွဲ သွားရနှင့် ပိုက်ဆံလွန်စွာကုန်လေသည်။

ဦးရွှေမွှန်းကြီးနှင့်တကွ ဦးချစ်ခင်တို့လည်း အနိစ္စ ရောက်ကုန်ကြလေပြီ။ ယခင်က ယိမ်းသားတို့လည်း သားတွေ၊ မယားတွေနှင့် လူကြီးများဖြစ်ကုန်ကြလေပြီ။ ယိမ်းထောင်ခြင်း၊ ယိမ်းကခြင်းတို့ကိုလည်း မပြုလုပ်ကြတော့ပြီ။ နတ်ကျွန်းရပ်ကား ရှေးကကဲ့သို့မဟုတ်။ စည်စည်ကားကား မရှိ။ ပျော်စရာပါးစရာနှင့် ကင်းဝေးခဲ့လေပြီတကား။

ဦးရွှေမွှန်းကြီးကို မဆိုထားဘိ၊ သူ၏အိမ်ပင် မရှိတော့ပြီ။ သူ၏အိမ်နေရာတွင် တိုက်တစ်တိုက် ရောက်နေလေပြီ။ ထိုတိုက်ကား ဦးရွှေမွှန်းကြီး အနိစ္စရောက်ပြီးမှ တရုတ်သူဌေးတစ်ယောက်က ဆောက်ထားသောတိုက်ဖြစ်၏။ ထိုတရုတ်သူဌေးလည်း ထိုတိုက်တွင် ကြာကြာမနေရ။ အခြားသူတစ်ယောက်၏ လက်သို့ ရောက်သွားပြန်၏။ သင်္ခါရတရားကား မြန်လှပေ၏။
mgyoe.com

mgyoe.com SAMPLE BOOK

ဦးရွှေမွန်းကြီး၏အိမ်နှင့် ကပ်လျက်ကား မောင်လူအေးတို့အိမ် ဖြစ်၏။ မောင်လူအေးတို့၏ အဘိုး၊ ဦးလူကလေးကား ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာဆရာကြီး ဖြစ်လေသည်။ ဦးရွှေမွန်းကြီး ယိမ်းထောင်လျှင် ဘိုးလူကလေးက သီချင်းရေးပေးလေ့ ရှိလေသည်။ အရပ်ထဲတွင် ရှင်ပြုဖိတ်ကြားစာ၊ နားသမင်္ဂလာ ဩဘာစာကို ရေးသားစရာရှိလျှင်လည်း ဘိုးလူကလေးအား လာ၍ အရေးခိုင်းကြရလေသည်။ အခမဲ့ရေးပေး၏။ စာပေဘက်တွင် ဝါသနာထုံသူဖြစ်သောကြောင့် အလှူအိမ်၊ မသာအိမ်များတွင် ဘိုးလူကလေး စာဟောလေ့ရှိသည်။ စာပေဝါသနာပါသူများ လာရောက်နားထောင်ကြကုန်၏။ မောင်လူအေး ငယ်ငယ်တုန်းက ဘိုးလူကလေးနှင့်အတူ အလှူအိမ်၊ မသာအိမ်များသို့ လိုက်သွားလေ့ရှိ၏။ ဘိုးလူကလေးက အာပေါက်အောင် စာဟော၊ မောင်လူအေးက ရှေ့တွင် ရှိသမျှသော လက်ဖက်သုပ်၊ ချင်းသုပ်၊ လက်ဖက်ရည်၊ ကော်ဖီတို့ကို ဗိုက်ကားအောင် စားသောက်လေ၏။ ဘိုးလူကလေး ဘာတွေပြောနေမှန်း မသိ။ မိမိစားရလျှင်ပင် ကျေနပ်လေပြီ။

ရှေးအခါက နတ်ကျွန်းရပ် မသာအိမ်များတွင် စာပြောခြင်း၊ တရားဟောခြင်းတို့ကို ပြုလုပ်လေ့ရှိကြ၏။ ယခုကား မသာအိမ်များတွင် ဖဲဝိုင်းများနှင့် ပြည့်လျက်သာ နေတော့သည်။ ကောင်းသော ပြောင်းလဲခြင်းပေလော။ ဆိုးသော ပြောင်းလဲခြင်းပေလော။ ဘိုးလူကလေး အနိစ္စရောက်သည်မှာ ကြာလေပြီ။ မြေလပ်သာလျှင် ကျန်တော့၏။ အိမ်ရှေ့တွင် ပေါက်နေသော သပြေသပြေပင်ကြီးလည်း အနိစ္စရောက်လေပြီတကား။

မောင်လူအေးတို့အိမ်၏တောင်ဘက်တွင်ကား ဦးသာအုပ်နှင့် ဒေါ်ပိုးစိတို့အိမ်ရှိ၏။ သူတို့လင်မယားမှာ လွန်စွာ ရိုးသားကြလေသည်။ အရပ်ထဲရှိ ကလေးများမှာ ဦးရွှေမွန်းကြီးအား ကြောက်ကြသလောက် ဦးသာအုပ်နှင့် ဒေါ်ပိုးစိတို့အား အရေးမလုပ်၊ အမှုမထားကြချေ။ သူတို့အိမ်ရှေ့တွင် ပေါက်နေကြသော သရက်ပင်နှစ်ပင်၊ အိမ်နောက်ဖေးတွင် ပေါက်နေသော အုန်းပင်၊ မန်ကျည်းပင်တို့မှာ မောင်လူအေးတို့လူစု၏ စိတ်တွင် ဘုံပစ္စည်းများဟူ၍ ထင်မှတ်ကြသည်။

သရက်သီးများသီးချိန်တွင် ရှိသမျှကလေးတွေ လာ၍ပစ်ကြ။ တက်၍ ခူးကြသည်သာတည်း။ ဒေါ်ပိုးစိကြီးက မည်သို့ပင်အော်အော်၊ မည်သို့ပင်

mgyoe.com SAMPLE BOOK

ဆဲဆဲ၊ မည်သူမျှ ဂရုမစိုက်၊ မိမိတို့ ရူး၍ဝ၊ စား၍ဝမှသာ သရက်ပင်များ အောက်မှထွက်ခွာသွားကြလေသည်။ ဒေါ်ပိုးစီတို့ အိမ်ရှေ့မှ သရက်ပင်များ တွင် သရက်သီးမှည့်များကို မည်သည့်အခါမှ မမြင်ရ၊ အစိမ်းအကင်းက တည်းက ကုန်လေပြီ။ နောက်ဖေးအုန်းပင်မှ အုန်းသီးများလည်း ထိုနည်း အတိုင်းပင် ဖြစ်၏။ ဘယ်အခါမှ အုန်းခြောက်များကို မမြင်ရ၊ အုန်းစိမ်းက တည်းကပင် ကုန်လေပြီ။ ဒေါ်ပိုးစီ၊ ဦးသာအုပ်တို့၏ ကုသိုလ်ကလည်း တစ်မျိုးပင်။ အရပ်ထဲတွင်ရှိသမျှ ကြီးကြီးငယ်ငယ် မည်သူမျှ သူတို့ကို မကြောက်ကြချေ။ သရက်သီး လာခူးကြ၍ ဒေါ်ပိုးစီကြီး အော်လေ လာခူးသူ တို့မှာ ပျော်လေ၊ အဘယ်သို့သော ကုသိုလ်မျိုးပေနည်း။ ယခုကား ဦးသာ အုပ်ရော၊ ဒေါ်ပိုးစီပါ မရှိတော့ပြီ။ သူတို့၏ သားသမီးများလည်း ရေကြည် ရာ မြက်နုရာ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားကြလေပြီ။ သူတို့အိမ်ရှေ့က သရက်ပင်တစ်ပင်ကား ကျန်ပေသေး၏။ သရက်သီး သီးချိန်တွင် ဒေါ်ပိုးစီ ကြီး၏ အော်သံကို မကြားရတော့ပြီ။

ဒေါ်ပိုးစီတို့၏အိမ်တောင်ဘက်က အိမ်ကား ဒေါ်ချစ်ပုံကြီး၏ အိမ်ပေ တည်း။ ဒေါ်ချစ်ပုံမှာ အပျိုခေါင်းဖြစ်၏။ ဦးရွှေမွန်းကြီးအား ကာလသား အားလုံးက ကြောက်ရွံ့ကြသကဲ့သို့ ဒေါ်ချစ်ပုံကြီးအား တစ်ရပ်လုံးရှိ အပျိုများ က ကြောက်ကြရလေသည်။ အရပ်ထဲတွင် မိန်းမများနှင့်ပတ်သက်သော အရေးဟူသမျှတို့ကို ဒေါ်ချစ်ပုံကြီးက စီမံလေသည်။ မည်သူမျှ မညည်းမညူ သူ စီမံသည့်အတိုင်း ဆောင်ရွက်လေ့ရှိကြ၏။

ကျိုက္ကမိကျောင်းတွင် ကထိန်ခင်းမည်ဆိုလျှင် ဒေါ်ချစ်ပုံကြီးက ပိုက်ဆံ ကောက်ခံ၏။ အလှူအိမ်၊ မသာအိမ်များတွင် စီမံစရာရှိလျှင်၊ ဈေးနာဝယ်စရာ ရှိလျှင်၊ လုပ်ကိုင်စရာရှိလျှင် ဒေါ်ချစ်ပုံကြီး၏ စကားအတိုင်း လိုက်နာကြ ရလေသည်။ နတ်ပွဲများအတွက် စီမံသူသည် ဒေါ်ချစ်ပုံပင် ဖြစ်၏။ မိန်းမ အချင်းချင်း ခိုက်ရန်ဖြစ်ပွားလျှင်လည်း ဒေါ်ချစ်ပုံကြီးထံ လာရောက်ကာ တိုင်တန်းကြလေသည်။ ဒေါ်ချစ်ပုံကြီးက ဆုံးဖြတ်ချက်ချမှ ထိုကိစ္စမှာ ပြီးဆုံး လေတော့သည်။

ဒေါ်ချစ်ပုံ၏အိမ်တွင် ဆေးလိပ်ရုံ ထောင်ထား၏။ ဒေါ်အေးခင်၊ ဒေါ်ညိမ်းဒွေး၊ ဒေါ်သိန်းမြတို့လည်း ဆေးလိပ်ရုံပိုင်ရှင်များ ဖြစ်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် ထိုဆေးလိပ်ရုံပိုင်ရှင်များသည် ဒေါ်ချစ်ပုံ၏ ဩဇာခံများသာ ဖြစ်ကြကုန်၏။ သူတို့၏ ဆေးလိပ်ရုံသားများအပေါ်တွင် သူတို့ ဩဇာရှိကြသော်လည်း သူတို့၏အပေါ်တွင် ဒေါ်ချစ်ပုံကြီး၏ ဩဇာက လွှမ်းမိုး၍ နေပြန်လေသည်။ ဒေါ်ချစ်ပုံကြီးအား အစည်းအဝေးခေါ်ကာ အပျိုခေါင်းဆောင်အဖြစ် ခန့်ထားကြသည်မဟုတ်။ သူ့အား လာ၍တိုင်ကြ၊ သူ့ဆုံးဖြတ်ချက်တို့ကို နာခံကြသည်နှင့်ပင် တစ်စတစ်စ သူ၏ ဩဇာတိက္ကမ ကြီးမား၍ လာခြင်း ဖြစ်လေသည်။

ဒေါ်ချစ်ပုံကြီးတွင် လက်ထောက် နှစ်ယောက် ရှိ၏။ ဒေါ်ဝက်မနှင့် ဒေါ်နှစ်တို့ ဖြစ်ကြလေသည်။ ဒေါ်ဝက်မကား ထွားထွားကျိုင်းကျိုင်း အားကောင်းကောင်း၊ ခပ်ကြမ်းကြမ်းတည်း။ ကြောက်လန့်ခြင်းမရှိ။ ပြောရဲဆိုရဲ၊ လုပ်ရဲကိုင်ရဲသူတည်း။ သွားစရာ လာစရာ၊ ဈေးဝယ်စရာရှိလျှင် ဒေါ်ဝက်မက ဒေါ်ချစ်ပုံ၏ကိုယ်စား ဆောင်ရွက်ရလေသည်။ ပိုက်ဆံကောက်ခံရာမှစ၍ အမှုဘက်နှင့် ဆိုင်လာလျှင် ဒေါ်နှစ်က ဒေါ်ချစ်ပုံ၏အစား ဆောင်ရွက်ရ၏။

သင်္ကြန်ကျလျှင် ဦးရွှေမွှန်းကြီး၏ ကာလသားများနှင့် ဒေါ်ချစ်ပုံ၏ ကာလသမီးများ အတိုက်အခံ ဖြစ်ကြလေသည်။ သင်္ကြန်ထမင်းကျွေးသော အိမ်များတွင် ကာလသားတွေက ကာလသမီးများကို ရေလောင်းချင်၊ ဒေါ်ချစ်ပုံကြီးကိုလည်း ကြောက်ရ၊ တော်တော်အကျပ်နှင့် ကြုံလေ့ရှိလေသည်။ အကယ်၍ ကာလသမီးများကို သွား၍ စလိုက်သည်ဖြစ်အံ့။ ဒေါ်ဝက်မက ထိုစသော ကာလသားကို လက်ရဖမ်းလေတော့သည်။ လွတ်အောင် ပြေးနိုင်လျှင်ပြေး၊ မပြေးနိုင်၍မိမှဖြင့် ဒေါ်ချစ်ပုံကြီး၏လက်သို့ ရောက်လေတော့သည်။ ဒေါ်ချစ်ပုံကြီး၏ လက်ထဲသို့ရောက်သူကား မချမ်းသာ၊ မျက်နှာတွင် အိုးမဲအလိမ်းခံရရုံမျှ မကသေး၊ မျောက်လို ကရသေး၏။ တော်တော်နှင့် မလွတ်နိုင်၊ ဒေါ်ချစ်ပုံကြီးတို့ ညှဉ်းဆဲ၍ ဝမှ လွတ်လေသည်။

ဒေါ်ချစ်ပုံကြီးသည် ထိုအခါက အသက် ၆ဝ ကျော်ပြီ ဖြစ်သော်လည်း အပြော ခပ်ကြမ်းကြမ်း၊ အလုပ်အကိုင် ခပ်ကြမ်းကြမ်း၊ သင်္ကြန်အခါတွင် သူ့အား မည်သူမျှတော်လှန်ခြင်းကို မပြုဝံ့။ အားလုံးကြောက်ကြရလေသည်။ အကွက်အုပ် ဦးရွှေမွှန်းကြီးကိုပင် မရှောင်၊ ဦးရွှေမွှန်းကြီးမှာ သင်္ကြန်အခါတွင် ဒေါ်ချစ်ပုံကြီး၏ရန်ကို ကြောက်သောကြောင့် အိမ်ထဲမှ အိမ်ပြင်သို့

mgyoe.com

mgyoe.com SAMPLE BOOK

မထွက်ဝံ့ရှာပေ။

ယခုကား ဒေါ်ချစ်ပုံကြီးလည်း အနိစ္စရောက်၊ ဒေါ်နှစ်လည်း ကွယ်လွန်၊ ဒေါ်ဝက်မကား ရှိပါသေး၏။ သို့သော် အသက် တော်တော်ကြီးနေလေပြီ။ ရှေးကကဲ့သို့လည်း အားခွန်ဗလနှင့် မပြည့်စုံတော့ပေ။ ရှေးကကဲ့သို့ ပျော်ချင်ပါးချင်စိတ်လည်း မရှိတော့ချေ။ ရှေးကကဲ့သို့ ကာလသားများကို ကြိုးဖြင့် ချည်ကာ မျောက်လို အကခိုင်းလျှင်လည်း ယခုခေတ် ကာလသားများ ခံကြမည်မဟုတ်။ ရုံးစကား ပြောကြတော့မည်၊ ဂါတ်စကား ပြောကြတော့မည်၊ ပုလိပ်စကား ပြောကြတော့မည်။ ရှေးအခါကမူကား ကိုယ့်အရပ်ကို ကိုယ်အုပ်ချုပ်ကာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြလေသည်။

ဒေါ်ချစ်ပုံကြီး၏ အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်ကား ဦးလှတို့၏အိမ်ဖြစ်၏။ ဓနိတောထဲတွင် ဆောက်လုပ်ထားသော အိမ်ကလေးပေတည်း။ ဦးလှကား လှည်းသမား ဖြစ်လေသည်။ ဖူးကားသစ်စက်ထဲမှ သစ်များကို သစ်လာဝယ်သူတို့အိမ်သို့ လိုက်ပို့လေ့ရှိ၏။ သူ၏လှည်းကို လူစီးရန် မည်သူ့ကိုမျှ မငှားချေ။ အကြောင်းမူကား ဦးလှကြီးမှာ စကားလည်းများ၊ စိတ်ကလည်းတို၊ အော်ကလည်း အော်၊ ဆဲကလည်း ဆဲ၊ ကတ်ဖဲ့လည်း လုပ်တတ်သောကြောင့်ပေတည်း။

မိမိ၏လှည်းထဲတွင် မိန်းကလေးပင် ပါစေကာမူ၊ ဘုန်းကြီးပင် ပါစေကာမူ လှည်းမောင်းလျှင် နွားများကို မပြတ်ဆဲသွားလေတော့၏။ ဆဲခြင်းကို ဝသီပါနေပြီဖြစ်သောကြောင့် တား၍မရ၊ ဆီး၍မရ။ သူ့အား မဆဲပါနှင့်ဟု ပြောလျှင် ထိုပြောသူအား ဆဲရုံမျှမက မိမိ လှည်းပေါ်မှ နှင်ချပြီးလျှင် အိမ်သို့ ပြန်လှည့်၍ လှည်းကို မောင်းလာလေ့ရှိလေသည်။ လှည်းခကိုလည်း မယူ၊ မည်သူ့ကိုမျှလည်း ဂရုမစိုက်၊ တော်တော် အရွဲ့တိုက်တတ်သည့် ဦးလှကြီးဖြစ်၏။

ဦးလှကြီး စကားပြောသောအခါ ဆဲရေးတိုင်းထွာခြင်းမပါလျှင် မပြီး။ သူ စကားကောင်း ပြောနေသော်လည်း ရန်ဖြစ်နေသလားဟုပင် အောက်မေ့ရလေသည်။ သူ တိုးတိုးပြောနေသည်မှာ သူတကာ အော်ဟစ်ပြောနေသည်ထက်ပင် ကျယ်သေး၏။ သူ ကျယ်ကျယ်ပြောလိုက်မှဖြင့် တစ်ရပ်လုံး ဆူနေလေတော့သည်။ သို့ဖြစ်သောကြောင့် သူနှင့် စကားပြောရမှာကို တော်တော်

mgyoe.com

mgyoe.com SAMPLE BOOK
ကြောက်ကြ၏။ မလွဲမကင်းသာမှသာလျှင် သူနှင့် စကားပြောကြလေသည်။

စကားကို အော်ပြောသောနေရာ၌ လည်းကောင်း၊ စကားပြောရာတွင် ဆဲရေးတိုင်းထွာခြင်းပါသော နေရာ၌ လည်းကောင်း၊ ဦးလှကြီးအား မည်သူမျှ မနိုင်။ အားလုံး လက်လျှော့ကြရလေသည်။

တစ်ခါက မောင်ငံဘက်မှ ပဲလှော်နှင့် မုန့်အမျိုးမျိုးတို့ကို ရောင်းသော ကလေးတစ်ယောက်သည် 'ပဲလှော်မုန့်စုံ ဝယ်ကြဦးမလား' ဟု အော်၍လာလေသည်။ ထိုအော်သံကိုကြားလျှင် မိမိ၏အိမ်ရှေ့မှထွက်၍ ထိုကလေးတွင် ပါမည် မဟုတ်သော 'မုန့်ဟင်းခါး ပါသလား' ဟု မေး၏။ ထိုကလေးက မပါကြောင်း ပြန်ဖြေသောအခါ မုန့်ဟင်းခါးမပါဘဲ အဘယ်ကြောင့် 'မုန့်စုံ' ဟူ၍ အော်ရသလဲဟုဆိုကာ ဆဲရေးတိုင်းထွာလေတော့သတည်း။ ထိုပဲလှော် မုန့်စုံသည်ကလေးလည်း အံ့အားသင့်ကာ ထွက်ပြေးလေ၏။

တစ်ခါသော် ဦးလှကြီး၏ကျောတွင် ပွေးပေါက်လေသည်။ တော်တော်နှင့် မပျောက်နိုင်။ တစ်စတစ်စ တိုး၍သာလာလေသည်။ အရပ်ထဲတွင် သိစပြုလာ၏။ အချို့က ဦးလှကြီးအား ဘုရားပြသည်ဟု ဆိုကြလေသည်။ ဤသို့ဆိုသော စကားကို ဦးလှကြီး ကြားသွားသောအခါ ထိုပြောဆိုသော သူ၏ အိမ်ရှေ့လမ်းမတွင်ထိုင်ကာ မိမိ၏အင်္ကျီကို ချွတ်လျက် ဓားမတစ် လက်ဖြင့် ကျောတွင် ပေါက်နေသော ပွေးကို ခြစ်လေတော့၏။ လမ်းသွား လမ်းလာတို့ကိုလည်း ဂရုမစိုက်။ အရပ်ထဲမှ လူများကိုလည်း အမှုမထား။ ရှက်လည်း မရှက်။ မိမိ ထင်တိုင်း အရွဲ့တိုက်လေသတည်း။ ဦးလှကြီးအား ဘုရားပြသည်ဟူ၍ ဆိုသူလည်း နောက် မဆိုဝံ့တော့ပြီ။

တစ်ခါက တီးဒီဖင်လေစက်မှ အာဝါးဆိုသော ဆင်တစ်ကောင်သည် မုန်ယိုပြီးလျှင် သန်းခေါင်အချိန်တွင် လွတ်၍ မြို့တွင်းသို့ ထွက်လာ၏။ လူမြင်တိုင်းကို လိုက်၍ထိုးလေသည်။ အာဝါး ထွက်လာသည် ကြားလျှင် မည်သူမျှ မလှုပ်ဝံ့။ မိမိတို့ အိမ်ထဲတွင်သာ ကုပ်လျက်နေကြလေသည်။ အသက်ပြင်းပြင်းရှူရမည်ကိုပင် အတော်ကြောက်ကြကုန်၏။ ဤသို့ သူတကာ အလွန်တရာမှ ကြောက်နေကြသည့်အထဲတွင် ဦးလှကြီးသည် မိမိ၏ အိမ်ရှေ့ သရက်ပင်အောက်မှနေ၍ 'အာဝါး အာဝါး' ဟု ထွက်အော်လေသည်။ အာဝါးလည်း အတင်းလှည့်၍လိုက်တော့၏။ သည်တော့မှ ခနိတော

mgyoe.com SAMPLE BOOK
ထဲ ဝင်၍ပြေးလေသည်။ ဦးလှကြီးကို မမီလိုက်သောကြောင့် သူ၏ အိမ်တစ်ခြမ်းကို ဖျက်ဆီး၍သွား၏။ ထိုညက အာဝါး ထိုးသတ်လိုက်သူ ခြောက်ယောက်မျှ ရှိလေသည်။ အသက်ဘေးကို ထိခိုက်မည့်နေရာမှာပင် အရွဲ့တိုက်သော ဦးလှကြီး ဖြစ်၏။

လသာသော ညများတွင် မောင်လူအေးတို့လူစု ဦးလှကြီး၏ လှည်းကို တိတ်တဆိတ် ဆွဲယူသွားကြပြီးလျှင် ခပ်ဝေးဝေး ချောက်ထဲတွင် သွား၍ ချထားကြလေတော့၏။ နံနက်မိုးလင်း၍ မိမိ၏လှည်းကို နေရာတွင် မမြင်လျှင် ဦးလှကြီး ပွက်လောထအောင် ဆဲလေတော့၏။ ဟိုစောင်းဆဲလိုက်၊ သည်စောင်းဆဲလိုက်၊ သူဆဲနေခိုက် မည်သူမျှ သူ့နား မသွားဝံ့။

ဦးလှကြီး၏ ဝါသနာတစ်မျိုး ရှိသေး၏။ ထိုဝါသနာကား ရုပ်ရှင်ကြော်ငြာစာရွက်များကို စုဆောင်းခြင်းဝါသနာ ဖြစ်လေသည်။ ရုပ်ရှင်အသစ်ရောက်၍ ကြော်ငြာလိုက်ကမ်းသော ရထားလာလျှင် ကလေးများနှင့်အတူ ရထားနောက်မှ ပြေးလိုက်ကာ ကြော်ငြာစာရွက်များကို တောင်းလေ့ရှိ၏။ ထိုရုပ်ရှင်ကြော်ငြာစာရွက်များကိုရသော်ငြား ဦးလှကြီး ရုပ်ရှင်သို့ တစ်ခါမျှ မသွား။ သူ စုဆောင်းထားသော ရုပ်ရှင်ကြော်ငြာစာရွက်တို့မှာ သစ်သားသေတ္တာကြီးနှင့်တစ်လုံးအပြည့် ရှိလေသည်။ ဤကြော်ငြာစာရွက်များကို ဖတ်ပြီးလျှင် ရုပ်ရှင်ဝင်တစ်စောင်ကို ကောင်းကောင်းရေးနိုင်စရာအကြောင်း ရှိလေသည်။ သူ သေသောအခါ ထိုရုပ်ရှင်ကြော်ငြာစာရွက်တို့ဖြင့် မုန့်များကို ထုပ်ကာ မသာပို့သူတို့အား ကမ်းလေသည်။ စက္ကူဝယ်စရာမလို။ ဦးလှကြီးကဲ့သို့သောပုဂ္ဂိုလ် နတ်ကျွန်းတွင် မပေါ်တော့ပြီ။ ပျင်းစရာကောင်းလှတော့၏။

ဦးလှကြီး၏ အိမ်မြောက်ဘက်၊ နတ်ကျွန်းချောင်းခြားလျက်အိမ်ကား ဒေါ်ထူးကြီး၏အိမ်ဖြစ်လေသည်။ ဒေါ်ထူးကြီးကား မောင်လူအေးတို့ ညီအစ်ကို၊ မောင်လူအေးတို့ မိတ်ဆွေတစ်စု၏ ကျေးဇူးရှင်ကြီး ဖြစ်လေသည်။ ဒေါ်ထူးကြီးသာ မိမိ၏အလုပ်တွင် မကျွမ်းကျင်၊ မိမိ၏အလုပ်ကို ဂရုမစိုက်ပါမူ မောင်လူအေးတို့တစ်တွေ ကမ္ဘာပေါ်တွင် လူဖြစ်လာကြမည် မဟုတ်။

အရပ်ထဲတွင် ကလေးမွေးခါနီးလျှင် ဒေါ်ထူးကြီးကို ပြေး၍ ခေါ်ကြရ၏။ ဒေါ်ထူးကြီးသည် ဝမ်းဆွဲကျော်ကြီးပေတည်း။ မောင်လူအေးတို့ထက်
mgyoe.com

mgyoe.com SAMPLE BOOK

အတော်ကြီးသူတွေ၊ အတော်ငယ်သူတွေ၊ အရွယ်တူသူတွေမှာ ဒေါ်ထူးကြီး၏ ကျေးဇူးနှင့်မကင်းကြချေ။

ဒေါ်ထူးကြီးကား ဝမ်းဆွဲအတတ်ကို မည်သည့်ကျောင်းမှာမှ မသင်ကြားခဲ့ရ။ မည်သည့်ဆေးရုံတွင်မှလည်း မလေ့လာခဲ့ရ။ သို့ပါသော်လည်း ဒေါ်ထူးကြီး၏ လက်ထဲတွင် ဖိတ်ဖိတ်စဉ်စဉ် ဖြစ်သည်ဟူ၍ တစ်ခါမျှ မကြားရ။ သူ မွေးပေးသမျှ အားလုံး နေရာကျသည်ချည်း။ သားရေမိခင်ပါ ကျန်းမာသည်ချည်း ဖြစ်၏။ ယခုခေတ်မှာကဲ့သို့ ပိုက်ဆံများစွာမကုန်၊ သဒ္ဓါ သရွေ့၊ တတ်နိုင်သရွေ့နှင့် ကန်တော့လိုက်လျှင် ပြီးတော့၏။ အချို့ဆင်းရဲသူ တို့အား ဒေါ်ထူးကြီးကပင် စရိတ်စက ပေးသေးသည်။ ထိုအခါက ဒေါ်ထူး ကြီးမှာ နတ်ကျွန်းသူ နတ်ကျွန်းသားတို့၏ အသက်သခင်ဟူ၍ဆိုလျှင် မှား မည် မဟုတ်ပေ။ မောင်လူအေး၏ အသက်သခင်လည်း ဖြစ်၏။

ယခုကား ဒေါ်ထူးကြီး၏နေရာတွင် ဆေးကျောင်း၊ ဆေးရုံတို့တွင် သင်ကြားတတ်မြောက်လာခဲ့ကြသော ဆရာမတွေ ရောက်နေကြလေပြီ။ သို့ရာတွင် သူတို့ကား နတ်ကျွန်းတွင် မနေ။ အခြားအရပ်တွင် နေထိုင်ကြ သောကြောင့် ညဉ့်နက်သန်းခေါင်ဆိုလျှင် သူတို့ကို အားနာရလေသည်။ အကျပ်ကြုံတော့၏။ ဒေါ်ထူးကြီး၏ လက်ထက်ကမူကား နေ့ဆိုနေ့၊ ညဆို ည၊ သန်းခေါင်ဆိုသန်းခေါင် ညည်းညူခြင်း အလျှင်းမရှိ၊ ချက်ချင်းပေါက်၍ လာလေသည်။

ဦးလှကြီး၏ အိမ်တောင်ဘက် ခြောက်အိမ်ခြားတွင် နေထိုင်သူကား ဦးမောင်ကြီး ဖြစ်၏။ တစ်ကိုယ်လုံး ဆေးနီတွေနှင့်ရဲရဲ၊ သူ့ရုပ်ကလည်း လှလှ၊ မင်းသားကျနေတော့သည်။ သူ့ဝါသနာကား ရှင်ဥပဂုတ်ကျောင်း ဆောင် ဆောက်လုပ်ခြင်း ဝါသနာ ဖြစ်၏။ နှစ်တိုင်းနှစ်တိုင်း ရှင်ဥပဂုတ် ကျောင်းဆောင် တစ်ဆောင်ကို မှန်မှန်ဆောက်လေသည်။ ကျောင်းဆောင် ဆောက်ပြီးလျှင် သူ၏အိမ်ရှေ့ မြေလပ်တွင် တစ်လကိုးသီတင်း ထား၏။ လူအလွန်စည်ကားလေသည်။ ပစ္စည်းအမျိုးမျိုးတို့ကို ရပ်သူရပ်သားတို့ လာ ရောက် လှူဒါန်းကြလေသည်။ နံနက်တိုင်း ဆွမ်းလာကပ်သူတွေက မရှား၊ အကျွေးအမွေးတို့ကို လာကျွေးသူတို့ကလည်းရှိ။ ကျောင်းဆောင် မျှောခါနီး လျှင် ဇာတ်ပွဲများကိုပင် ခံလေသည်။ နောက်ဆုံး ကျောင်းဆောင်ကို သံလွင်

mgyoe.com

mgyoe.com SAMPLE BOOK
မြစ်ထဲတွင် သွား၍မျှောလိုက်တော့မှ ဦးမောင်ကြီး အိမ်ရှေ့တွင် လူပြတ်သွားတော့သတည်း။

ကျောင်းဆောင်ကို နှစ်စဉ် မျှောသော်လည်း ဦးမောင်ကြီးအား ရှင်ဥပဂုတ် 'မစ' သည်ဟူ၍ မကြားရ၊ သေသည့်တိုင်အောင် ဦးမောင်ကြီးမှာ ဆင်းဆင်းရဲရဲနှင့် နေထိုင်ရလေသည်။ ကျောင်းဆောင်လုပ်ကာ နှစ်တိုင်း မျှောသော အကျိုးကြောင့် ယခုအခါ ဦးမောင်ကြီးမှာ နတ်သားများ ဖြစ်နေမလား မပြောတတ်ပေ။

နတ်ကျွန်းရပ်တွင် အခြားနာမည်ကြီးပုဂ္ဂိုလ်ကား ဦးရွှေဖုန်းကြီး ဖြစ်လေသည်။ သူ၏အိမ်မှာ ချောင်းဝတံတားအနီးတွင် တည်ရှိ၏။ ဦးရွှေဖုန်းကား ရှမ်းကပြား ဖြစ်လေသည်။ စကားရှည်သည့်နေရာတွင် ဦးရွှေဖုန်း ထက်သာသူ မရှိသောကြောင့် ဦးရွှေဖုန်းဟူ၍ မခေါ်ကြဘဲ ဦးရှည်ဖုန်း ဟူ၍ ခေါ်ဆိုလေ့ရှိကြလေသည်။ ထမင်းစားချိန်တွင် သူရောက်လာလျှင် အိမ်ရှင်မှာ တော်တော်နှင့် ထမင်းမစားရတော့ပြီ။ သူ စကားပြောနေသည်ကို နားထောင်နေရသည်နှင့်ပင် အချိန်ကုန်တော့၏။

သူ လမ်းလျှောက်သွားသောအခါ လမ်းထဲတွင် တွေ့မြင်သမျှသော ကလေး၊ လူကြီးတို့ကို နှုတ်ဆက်စကား ပြောသွားလေ့ ရှိလေသည်။ ဤသို့ နှုတ်ဆက် သွားရုံမျှ မဝသေး၊ အိမ်ထဲတွင် မြင်သမျှသော သူတို့နှင့် လှမ်းကာ စကားပြောသွားလေ့ ရှိသေး၏။ အကယ်၍ အိမ်တွင်းမှ တစ်စုံတစ်ယောက်သောသူက သူ့အား ပြန်၍ နှုတ်ဆက်လိုက်မည်ဆိုလျှင် အိမ်ထဲသို့ ဝင်လာပြီးလျှင် ရောက်မိရောက်ရာ တွေ့ကရာရှစ်သောင်းတို့ကို ပြောလေတော့၏။ လုပ်ကိုင်စရာ အလုပ်ရှိသူတို့ သူနှင့် စကားပြောနေသည်နှင့် မိမိတို့၏ အလုပ်ကို မလုပ်ရပြီ။

ထို့ကြောင့် ဦးရွှေဖုန်းကြီး ခပ်ဝေးဝေးမှ လာသည်ကို မြင်ကြလျှင် အသံမပေးဝံ့ကြ။ အသာ အိမ်ထဲတွင် ပုန်းအောင်းနေကြရလေသည်။ ဦးရွှေဖုန်းကြီး အလှူအိမ်၊ မသာအိမ်များသို့ ရောက်လာလျှင် အခြားသူများ စကားမပြောရတော့ပြီ။ သူပြောနေသည်နှင့် အခြားသူများ အလှည့်မရ။ သူ ရောက်လာလျှင် တစ်စတစ်စ နေရာမှထ၍ ပြန်လေ့ရှိကြလေသည်။ အချို့လည်း သူ ပြောနေသောဝိုင်းမှ တခြားဝိုင်းသို့ ကူးပြောင်းသွားလေ့ရှိကြ၏။ အားနာ

mgyoe.com

mgyee.com SAMPLE BOOK
သဖြင့် သူ့စကားကို နားထောင်နေသူဖြစ်လျှင် နေရာမှမထရတော့ပြီ။ ဦးရွှေဖုန်းကြီး၏ မဆုံးသော တရား၊ မဆုံးသော စကားတို့ကို နားထောင်နေရလေတော့သတည်း။

တစ်ခါသော် သူ၏ အိမ်ရှေ့ ထန်းပင်အောက်တွင် တံမြက်လှည်းနေခိုက် လူတစ်ယောက်လျှောက်လာပြီးလျှင် တောင်ပိုင်းသို့ သွားသောလမ်းကို မေး၏။ မိမိကိုင်ထားသော တံမြက်စည်းကို ချပြီးလျှင် လက်ညှိုးညွှန်ကာ ပြောပြ၏။ ဤသို့ ပြောပြ၍ အားမရသေး၊ လမ်းဆုံလမ်းခွကျအောင်လိုက်၍ ပြမည်ဟုဆိုကာ စကားတပြောပြောနှင့် ဈေးချိုသို့ ချိုးသော လမ်းခွတိုင်အောင် လိုက်၍ပြ၏။

ထိုလမ်းခွသို့ ရောက်ပြန်သော် စကားပြော၍ မဝသေးသောကြောင့် ဈေးချိုအထိ လိုက်၍ပြမည်ဟု ဆိုကာ ဈေးချိုသို့တိုင်အောင် လိုက်၍ပြ၏။ ဈေးချိုသို့ ရောက်သော်လည်း စကားပြော၍ မဝသေး။ တောင်ပိုင်းအထိ လိုက်၍သွား၏။ တောင်ပိုင်းရောက်၍လည်း စကားပြော၍ မဝသေးသောကြောင့် ထိုလူတည်းသော ကျောင်းသို့လိုက်သွားပြီးလျှင် စကားဆက်လက်၍ ပြောသေး၏။ နံနက်စောစောက ထွက်သွားလိုက်သည်မှာ မွန်းလွဲမှ အိမ်ပြန်ရောက်လေသည်။ အိမ်တွင် သမီးများမှာ ထမင်းစားရန် တမျှော်မျှော်နှင့်နေကြကုန်၏။ တစ်လမ်းလုံး ဘာတွေကို လျှောက်ပြောသွားသည်မသိ။ ပြောလည်း ပြောနိုင်ပါပေသည်။ ဦးရွှေဖုန်းကြီး အနိစ္စရောက်ပြီးနောက် သူ၏ နေရာကိုယူမည့်သူ တစ်ယောက်မျှ ယခုတိုင်မပေါ်သေးပေ။ ဦးရွှေဖုန်းကြီးအား လွမ်းသေးတော့။ ဦးရွှေဖုန်းကြီးသည် စကားရှည်သော်လည်း သဘောကား အလွန်ကောင်း၏။

နတ်ကျွန်းရပ်တွင် ထင်ရှားကျော်ကြားခဲ့ကြသော ပုဂ္ဂိုလ်ထူးကြီးတို့၏ အကြောင်းကို ရေးပြီးပြီ။ မောင်လူအေး၏ ကစားဖက်၊ ရေကူးဖက်၊ နောက်ဖက်၊ ပြောင်ဖက်၊ တေဖက်ဖြစ်ကြသော တူပျော်ပျော် မိတ်ဆွေတို့၏ အကြောင်းကိုလည်း ထိုက်သင့်သလောက် ရေးသားရန် လိုပေသေး၏။

မောင်လူအေးတို့ လူစုတွင် တစ်ယောက်တစ်မျိုးစီ ထူးချွန်ကြလေသည်။ ပါပုသည် အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း မည်သူ့အားမျှ အမှုမထား။ မိမိထင်ရာကို လုပ်တတ်၏။ သကြံန်အခါတွင် ကရင်လိုဝတ်၍

mgyee.com

mgyoe.com SAMPLE BOOK
ဖားရိုက်ဟန်ကိုပြု။ မြင်သူများ တဟားဟားနှင့် နေလေသည်။ ပွဲလမ်းသဘင်ရှိလျှင်လည်း နောက်ချင်သလိုနောက်။ မည်သူ့အားမျှ မကြောက်။ အတော်ပင် အရွဲ့တိုက်လေ့ရှိလေသည်။ အရေးအကြောင်းရှိလျှင် သူ့အား အလွန်အားကိုးရ၏။ ယခုကား ပါပုမှာ တရားရပြီးလျှင် နတ်တောင်တွင် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီး ဖြစ်နေလေပြီ။

ပါပုနှင့် ညီအစ်ကို တစ်ဝမ်းကွဲတော်သူကား တင်သာ ဖြစ်လေသည်။ ဆေးလိပ်ရုံခေါင်း ဒေါ်ညိမ်းဒွေး၏ သားတစ်ဦးဖြစ်သူ တင်သာကား အချက်အပြုတ်တွင် အလွန်ကျော်ကြားသူဖြစ်၏။ မောင်လူအေးတို့ လူသိုက်တွင် တင်သာ့လောက် မည်သူမျှ အချက်အပြုတ်မတတ်။ မောင်လူအေးတို့ ပျော်ပွဲစားထွက်မည်ဆိုလျှင် တင်သာအား အိုးသူကြီး ခန့်ကြရ၏။ မိန်းမများပင်သူ့လောက် အချက်အပြုတ် မကျွမ်းကျင်။ တစ်ခါတစ်ခါ အလှူအိမ်များမှာပင် သူ သွားချက်ပြုတ်ရလေသည်။ ဂုဏ်ထူးတစ်မျိုးပင်။

မြတ်ထွန်းကား အသောသမား ဖြစ်လေသည်။ သူ စကားပြောလိုက်မှဖြင့် အနောက်အပြောင်၊ အသောအရွှန်းချည်း ဖြစ်သောကြောင့် ကြားရသူတို့မှာ တဟားဟားနှင့် ရယ်မော၍သာ နေကြရလေသည်။ ရယ်စရာတို့ကိုပြောတတ်ရုံမျှ မကသေး၊ သူ့အမူအရာ၊ သူ့မျက်နှာထား၊ သူလုပ်ပုံကိုင်ပုံတို့ကလည်း အလွန်ရယ်စရာကောင်း၏။ မြင့်လိုက်သည်မှာလည်း သူတကာထက် ခေါင်းတစ်လုံးခန့် သာလေသည်။ ပိန်လိုက်သည်မှာလည်း လေတိုက်လျှင် လဲလုမတတ်။ တစ်ခါခါ ခြေတစ်ချောင်းကို ဇက်ပေါ်သို့ မတင်ပြီးလျှင် ကျန်တစ်ချောင်းဖြင့် ခုန်ဆွခုန်ဆွလုပ်ကာ လျှောက်သေး၏။ မည်သူ မရယ်ချင်ဘဲ ရှိအံ့နည်း။

သူ ပိန်လွန်းသောကြောင့် အရပ်ထဲက လူကြီးများက သူ့အား 'ကာရိုးပိန်' ဟူ၍ ခေါ်လေ့ရှိကြလေသည်။ မောင်လူအေးတို့အားလုံး ဗိုလ်ကေထားကြသော်လည်း မြတ်ထွန်းတစ်ယောက်မှာ သျှောင်ကြီးဖွေ့နှင့် ဖြစ်လေသည်။ ထိုသျှောင်ကြီးဖွေ့ကိုလည်း ဆီမသသောကြောင့် ခေါင်းပွကြီး ဖြစ်နေ၏။ သန်းအပေါင်းတို့၏ ကိန်းအောင်းရာ ဦးခေါင်းကြီးပေတည်း။ ရပ်ရှင်ထဲတွင် ဦးရွှေရိုးလုပ်သော သာဂိနှင့် အလွန်တူသော မြတ်ထွန်း ဖြစ်၏။ သူ့ကို မြင်လိုက်ကတည်းက ရယ်ချင်စရာ။ ဤသို့ ရယ်ချင်စရာကောင်းနေရသည့်
mgyoe.com

mgyoe.com SAMPLE BOOK
အထဲတွင် သူ လုပ်ပုံကိုင်ပုံ၊ သူပြောပုံဆိုပုံမှာလည်း ရယ်ချင်စရာကြီး ဖြစ်သော ကြောင့် သူ ရောက်လာလျှင် မောင်လူအေးတို့ ပါးစပ်မပိတ်ရတော့ပြီ။ အစဉ် ရယ်နေရ၏။

ယခုအခါတွင်ကား မြတ်ထွန်းမှာ တရားရသဖြင့် ကျိုက္ကမိနှင့် မနီး မဝေး ရွာတစ်ရွာတွင် ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်နေလေပြီဟု ကြားရ၏။ သာဓု... သာဓု။

ငယ်ငယ်တုန်းက မြတ်ထွန်း ဘုန်းကြီးဖြစ်မည် ဟူ၍ မည်သူထင်ပါ အံ့နည်း။ ဗေဒင်မေးစေကာမူ သူ၏ ရုပ်ကို မြင်ခြင်းအားဖြင့် ဗေဒင်ဆရာက သူ ဘုန်းကြီးဖြစ်မည်ဟု ဟောမည်မထင်။

ဖေကြီးကား တင်သာ၊ ပါပုတို့ကဲ့သို့ တစ်ခြမ်းပဲ့သား ဖြစ်လေသည်။ မောင်လူအေးတို့ လူစုတွင် ဖေကြီးလောက် အကကောင်းသူ မရှိ။ မည်သည့်ပွဲ သို့သွားသွား၊ မည်သည့်ပျော်ပွဲစားသို့သွားသွား ဖေကြီးပါမှ ပျော်ကြလေ သည်။ မိုးဦးကျလျှင် ကွင်းပြင်ထဲထွက်ကာ မြက်ကြားမှို လိုက်၍နုတ်သော အခါများတွင် ဖေကြီး ကွေးအောင်ကသောကြောင့် အပျော်ကြီး ပျော်ကြ တော့၏။

လသာသောညများတွင် ဖေကြီးက သီချင်းဆိုပြီး က။ အောင်ရွှေက ပါးစပ်ဆိုင်းတီး။ မောင်လူအေးတို့က လက်ခုပ်တီးနှင့် အတော်ပင် ပျော်ရွှင်ခဲ့ ကြလေသည်။ ဖေကြီး အဆိုအက ကောင်းသလောက် အောင်ရွှေကလည်း ပါးစပ်ဆိုင်း အတီးကောင်းလေသည်။ သူတို့နှစ်ယောက်မှာ အလွန်ပနံ ရလေသည်။ ဖေကြီးမပါလျှင် အောင်ရွှေမလိုက်။ အောင်ရွှေမပါလျှင် ဖေကြီး မလိုက်။ သူတို့နှစ်ယောက် ပါလာမှဖြင့် မည်သည့်နေရာမဆို ပျော်၍မဆုံး တော့ပြီ။

ယခုကား သူတို့နှစ်ယောက်စလုံး သားတွေ သမီးတွေနှင့် လူကြီးများ ဖြစ်ကုန်ကြပြီ။ ယခင် ငယ်စဉ်တုန်းကကဲ့သို့ ကခြင်း၊ သီချင်း၊ ပါးစပ်ဆိုင်းတီး ခြင်းတို့ကို မပြုလုပ်နိုင်ကြတော့ပြီ။ စားရေးသောက်ရေးအတွက်ကိုသာလျှင် အရေးတကြီး ရှာမှီးနေကြရလေသည်။ ပျော်ဖို့ဝေး၊ ရွှင်ဖို့ဝေး၊ အေးအေးပင် မနေကြရ။

မောင်ပါကား မောင်လူအေး၏ အချစ်ဆုံးသော မိတ်ဆွေ ဖြစ်၏။
mgyoe.com

mgyoe.com SAMPLE BOOK
အမြဲမပြတ် ပူးတွဲပူးတွဲနှင့် နေလေ့ရှိကြသည်။ သို့ရာတွင် အမြဲမပြတ် ငြင်းချက်ထုတ်နေသူတည်း။ သူတကာ အဖြူဆိုလျှင် မောင်ပါ နက်တော့၏။ သူတကာ အနက်ဆိုလျှင် မောင်ပါ ဖြူတော့၏။ အလွန်အငြင်းသန်သူ ဖြစ်လေသည်။ မောင်လူအေးတို့ လူသိုက်တွင် မောင်ပါမှာ စကားတောင်စား ဖြစ်၏။ သူ ငြင်းချက်ထုတ်လွန်းသောကြောင့် မြတ်ထွန်း၊ တင်သာ၊ ဖေကြီး တို့က အော်ကြ၊ ငေါက်ကြလုပ်ပေမဲ့ သူ စိတ်မဆိုး၊ အငြင်းမလျှော့၊ သူ့အား အရှုံးပေးလိုက်မှသာ အေးတော့သည်။

ဤသို့ နေရာတကာတွင် ငြင်းချက်ထုတ်လေ့ ရှိသော်လည်း သဘောကား အလွန်ကောင်း၏။ မည်သူငေါက်ငေါက်၊ မည်သူဆဲဆဲ စိတ်မဆိုး တတ်ရှာပေ။ ယခုကား မောင်ပါ မရှိတော့။ မောင်ပါ အနိစ္စရောက်သည်မှာ ၁၀ နှစ်ပင် နီးလေ၏။ အဘယ်သို့ရောက်နေပါသနည်း။ နတ်ပြည်မှာ သိကြားမင်းနှင့်များ ငြင်းထုတ်နေလေရော့သလား မသိ။

ချစ်စိန်ကား စကားအပြောကောင်းသူ ဖြစ်လေသည်။ ဣန္ဒြေရရ ဖိန့်ရမည်ဆိုလျှင် သူ့အား မည်သူမျှမမီ။ ပြုံးပြုံးပြုံးပြုံးနှင့် ဟန်ပါပါ ချစ်စိန် ပြောသော စကားကို ကြားရသူတိုင်း မချီးမွမ်းသူ မရှိ။ ချီးမွမ်းသူချည်း။ သို့သော် မိတ်ဆွေအချင်းချင်းကမူကား သူ့အား ပြောင်လှောင်လွှတ်လေ့ ရှိလေသည်။ သူ့အား ချစ်စိန်ဟူ၍ နာမည်ရင်းကိုမခေါ်။ စကားများလွန်း သောကြောင့် 'ဆက်ရက်' ဟူ၍သာ ခေါ်လေ့ရှိကြလေသည်။

တစ်ခါတစ်ခါ သူ ချစ်ခင်သော မိန်းကလေးများအကြောင်း။ သူနှင့် ကြိုက်နေသော မိန်းကလေးများအကြောင်းတို့ကို ပြောရလျှင် မဆုံးတော့ပြီ။ မိန်းကလေးများအကြောင်းကို အထူးပြောကြားလေ့ရှိ၏။ ကာလီဒါသလေ လားဟု ယုံမှားဖွယ် ရှိလေသည်။ မိန်းကလေးများနှင့်လည်း အရောတဝင်နေ လေ့ရှိ၏။ သို့သော် မိန်းကလေးတစ်ယောက်ယောက်နှင့် ဟုတ်တိပတ်တိ ချစ်ကြိုက်ရသည်ဟူ၍လည်း မရှိ။ သည်လိုနှင့်သာ အချိန်ကုန်လွန်ခဲ့ရာ ယခုထက်တိုင် သားမယားမရသေး။ လူပျိုကြီးဘဝနှင့်ပင် ရှိသေး၏။ လူပျို ကြီးဘဝနှင့်ပင် အရိုးထုတ်တော့မည်ထင့်။

မောင်လူအေးနှင့်ညီ မောင်လူထွေးကား ကာယဗလသမား ဖြစ်လေ သည်။ အပြေးသန်၏။ အခုန်သန်၏။ ရေကူးသန်၏။ ပြေးပွဲခုန်ပွဲများတွင်
mgyoe.com

mgyoe.com SAMPLE BOOK
မောင်လူထွေး ပထမဆွဲသည်သာ များလေသည်။ သံလွင်မြစ်ထဲတွင် ရေကူး ပြိုင်ရာတွင်လည်း သူ ပထမရသည်သာ။

ယခုကား သားတွေ၊ သမီးတွေနှင့် ဖြစ်နေလေပြီ။ ကာယဗလလည်း မကျင့်နိုင်။ ရေလည်း မကူးနိုင်။ သားမယားအရေးနှင့်သာ အလုပ်ရှုပ်နေရလေ သည်။

ရှေးလွန်ခဲ့ပြီးသော အနှစ် ၂၀ ခန့်အခါက နတ်ကျွန်းအခြေအနေ၊ နတ်ကျွန်းတွင် ထွန်းကားခဲ့ကြသော လူကြီးများ၊ နတ်ကျွန်းတွင် ပေါက်ဖွား ခဲ့ကြသော ကလေးများအကြောင်းတို့ကို ဖော်ပြခဲ့ပေပြီ။ နတ်ကျွန်း၏ ယခု အခြေအနေကိုလည်း ဖော်ပြခဲ့လေပြီ။ နတ်ကျွန်း၏အခြေအနေ နောင် မည်သို့ပြောင်းသွားဦးမည်နည်း။ မည်သူမျှ မပြောနိုင်၊ မည်သူမျှ ဗေဒင်မဟော နိုင်။ အခြေအနေပြောင်းသွားမည်ကား အမှန်ပင် ဖြစ်ပေ၏။ ထိုအခါကျမှ ထိုအခါတွင် ပေါ်သော စာရေးဆရာများ ရေးသားရန် ဝကွက်၍ ချန်ခဲ့တော့ မည်။ နတ်ကျွန်းအကြောင်း ဤမှာပင် စခန်းသိမ်းကြဦးစို့။

သူရိယမဂ္ဂဇင်း၊
အောက်တိုဘာမှ ဒီဇင်ဘာ၊ ၁၉၃၇။

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# မြင်စိုင်း

"ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်" ဆိုသော စကားကို မြန်မာရာဇဝင် လိုက်စားသူတိုင်းပင် ကြားဖူးပေလိမ့်မည်။ မိမိတို့ ကိုယ်တိုင် လည်း ရွတ်ဆိုဖူးကြပေလိမ့်မည်။ ဆို၍လည်း ကောင်း၊ ကာရန်လည်း မိပေ သည်။

စစ်ကိုင်းနှင့် ကုန်းဘောင်သို့ကား ရောက်ဖူးသူ များပေ၏။ ၎င်းတို့ ကား ယခုတိုင် မြို့၏အခြေအနေနှင့် ခံ့ညားစွာ တည်နေကြပေသေး၏။ စစ်ကိုင်းမှာ ခရိုင်ဝန်ရှင်တော်မင်းကြီး ရုံးစိုက်ရာမြို့ ဖြစ်လေသည်။ ကုန်း ဘောင် (ဝါ) ရွှေဘိုမှာ အရေးပိုင် ရုံးစိုက်ရာမြို့ ဖြစ်၏။ ထိုမြို့ နှစ်မြို့တွင် ရုံးတွေ၊ ဆေးရုံတွေ၊ အင်္ဂလိပ်စာသင်ကျောင်းတွေနှင့် စည်စည်ကားကား ဖြစ်နေကြကုန်၏။ သတင်းစာများထဲတွင်လည်း ထိုမြို့ကြီးများ၌ ဖြစ်ပျက် နေသော အကြောင်းများကို မကြာမကြာ ဖတ်နေရပေမည်။ ထိုမြို့များသို့ ခရီးကြုံသဖြင့် ရောက်ဖူးကြသူတို့လည်း အတော်များပေသည်။ မန္တလေး ဘုရားဖူး ရောက်သူတိုင်း စစ်ကိုင်းသို့ ရောက်ဖူးလေ့ရှိ၏။

ပုဂံနှင့် အင်းဝတို့ကား ယခုအခါတွင် ရွာများသာတည်း။ သူတို့ အကြောင်း သတင်းစာများထဲတွင် များစွာမဖတ်ရ။ အချင်းချင်း ပြောဆိုကြ သော စကားထဲတွင် ထည့်သွင်းပြောကြားရန်လည်း အကွက်များစွာ မပေါ်။ ခရီးကြုံကြိုက်၍ ဝင်ရန်လည်း မဖြစ်။ တမင်သက်သက် သွားမှသာလျှင်

mgyoe.com

mgyoe.com SAMPLE BOOK
ရောက်လေတော့၏။ စစ်ကိုင်းသို့ ဘုရားဖူးရောက်သူ များကြသော်လည်း စစ်ကိုင်း၏ တစ်ဖက်ကမ်းတွင် တည်ရှိသော အင်းဝသို့ ရောက်သူတို့ကား ရှားပေသည်။ သို့သော် ယခုခေတ်တွင် ရာဇဝင်လိုက်စားသူတွေ အတော်အသင့် များလာပြီဖြစ်သောကြောင့် ရာဇဝင်ဗဟုသုတအလို့ငှာ တမင်သက်သက် ပုဂံ၊ အင်းဝတို့သို့ သွားကြသော သူတို့လည်း အတော်အသင့် ရှိလာလေပြီ။ သတင်းစာ၊ မဂ္ဂဇင်းများတွင် ထိုသူတို့ ရေးသားကြသော ပုဂံဆောင်းပါး၊ အင်းဝဆောင်းပါးတို့ကိုလည်း တစ်ခါတစ်ရံ ဖတ်ရလေပြီ။

မြင်စိုင်းနှင့် ပင်းယတို့၏အကြောင်းကိုလည်း ကြားဖူးသူသာများ၍ ရောက်ဖူးသူတို့ကား ရှားလှပေသည်။ မရောက်ဖူးကြသည်ကို ထားဘိဦး၊ မြင်စိုင်း မည်သည့်နေရာတွင်ရှိကြောင်း၊ ပင်းယ မည်သည့်နေရာတွင်ရှိကြောင်းတို့ကိုပင် သိသူနည်းပါးလှပေ၏။ ပင်းယနှင့် မြင်စိုင်းတို့မှာ ပုဂံ၊ အင်းဝ ရွာများလောက်ပင် မရှိ၊ မြင်စိုင်းရွာမှာ လုံးလုံးမရှိတော့ပြီ။ မြို့ရိုးနှင့် ဘုရားများသာလျှင် ကျန်တော့၏။ မြင်စိုင်းဆိုသောအမည်မှာ ရာဇဝင်မှာသာလျှင် ထင်ရှားနေ၏။ ယခုခေတ်တွင် မြင်စိုင်းဟူ၍ မေးလျှင် မသိကြ၊ ကုလားကျောင်းဟူ၍ မေးမှ သိကြ၏။ ကုလားကျောင်းရွာကား မြင်စိုင်းမြို့ရိုးတောင်ဘက် တစ်ဖာလုံခန့်နေရာတွင် တည်ရှိလေသည်။

ယခုအခါ ကုလားကျောင်းရွာ၏ နယ်နိမိတ်အတွင်း ကျရောက်နေသော မြင်စိုင်းကား မြန်မာပြည် မည်သည့်နေရာတွင် တည်ရှိပါသနည်း။ မြင်စိုင်းသို့ မည်သို့သွားရပါသနည်းဟူသော မေးခွန်းကို ဖြေကြားရန် လိုပေသေး၏။

မြင်စိုင်းကား ကျောက်ဆည်မြို့၏ အရှေ့စူးစူး လေးမိုင်ခန့်အကွာတွင် တည်ရှိလေသည်။ ရန်ကုန်မှ မန္တလေးသို့ မီးရထား စီးသွားသည်ရှိသော် ကျောက်ဆည်သို့ရောက်လျှင် မီးရထား၏ လက်ယာဘက်တွင် ခြောက်သွေ့သွေ့ ကျောက်တောင်တစ်တောင်ကို မြင်ရပေလိမ့်မည်။ ထိုတောင်ထိပ်ပေါ်တွင် စေတီတစ်ဆူကိုလည်း မြင်ရပေလိမ့်မည်။ ထိုတောင်ကား ရွှေသာလျောင်းတောင်။ ထိုစေတီကား ရွှေသာလျောင်းဘုရား ဖြစ်လေသည်။

မီးရထားပေါ်မှ မြင်ရသော ရွှေသာလျောင်းတောင်မှာ အရှေ့နှင့် အနောက် တန်းလျက်နေ၏။ လေးမိုင်ခန့် ရှည်လေသည်။ ဤရွှေသာ
mgyoe.com

mgyoe.com SAMPLE BOOK
လျောင်းတောင်တန်းဆုံးလျှင် သင်းတွဲမြောင်းသို့ ရောက်တော့၏။ သင်းတွဲမြောင်း၏တစ်ဖက်ကမ်းတွင်ကား မြင်စိုင်းတည်း။

ရွှေသာလျောင်းတောင်၏ တောင်ဘက်တွင် ဒိစကြိတ်ကောင်စီက ဖောက်ထားသော လမ်းတစ်လမ်း ရှိလေသည်။ ကျောက်လမ်းမဟုတ်။ သံလမ်း၊ ဖုန်လမ်း ဖြစ်သောကြောင့် လမ်းအတော်ဆိုးလေသည်။ သို့ရာတွင် နွေအခါတွင် မော်တော်ဘတ်စ်၊ မော်တော်ကား ခပ်ဟောင်းဟောင်းများကို ထိုလမ်းပေါ်တွင် မောင်းနိုင်လေသည်။ မိုးအခါတွင်မူကား မော်တော်ကားကို မဆိုထားဘိ၊ လှည်းများပင် သွားရန်ခက်လှပေသည်။ ရေအိုင်ကြီးများ လမ်းပေါ်တွင် ဖွေးနေလေ့ရှိ၏။

ယခုအခါတွင် မြို့ရိုးမျှသာကျန်သော မြင်စိုင်းကား ရှေးအခါက ရာဇဝင်တွင် အတော်ပင် ထင်ရှားခဲ့လေသည်။ မြန်မာပြည်၏ မြို့တော်ကြီးပင် ဖြစ်ခဲ့ဖူး၏။ ရှမ်းတောင်မှ ရှမ်းများ၏ ဘေးရန်ကို ကာကွယ်ရန်အလို့ငှာ အနော်ရထာမင်းစောသည် ကျောက်ဆည်တွင် မြို့ ၁၁ မြို့ တည်ထားခဲ့ရာ၌ မြင်စိုင်းလည်း တစ်မြို့အပါအဝင်ဖြစ်သည်ဟု သမိုင်းများတွင် ဆိုလေသည်။

ထို့နောက် မြင်စိုင်းအကြောင်း ကြားရပြန်သည်ကား နရပတိစည်သူ၏ မိဖုရား ဝေဠုဝတီ၏အကြောင်းနှင့်ပတ်သက်၍ဖြစ်၏။ ဝေဠုဝတီမင်းသမီးအား မြင်စိုင်း ဝက်ဝံမှလာ၍ ဆက်သသည်ဟု ရာဇဝင်တွင် အဆိုရှိလေသည်။

ထို့နောက် တစ်ဖန် ပုဂံပြည်ကြီး ပျက်လုနီးတွင် အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူတည်းဟူသော ရှမ်းမြို့စား ညီနောင်သုံးဦးတို့ ကျော်ကြားလာရပြန်၏။ ထိုခေတ်က ထိုညီနောင်သုံးဦးတို့သည် မက္ခရာ၊ မြင်စိုင်း၊ ပင်လယ်တည်းဟူသော ခံမြို့သုံးမြို့တို့တွင် ပုဂံဘုရင်၏ မြို့စားများအဖြစ်ဖြင့် အုပ်ချုပ်ကြရလေသည်။ မက္ခရာကား မြင်စိုင်း၏ မြောက်စူးစူး ဒုတ္ထာဝတီခေါ် မြစ်ငယ်မြစ်၏လက်ဝဲကမ်းတွင် တည်ရှိ၏။ ပင်လယ်မှာ မြင်စိုင်း၏ တောင်စူးစူး သပြေတောင် ဘူတာရုံအရှေ့မြောက် လေးမိုင်ခန့်အကွာတွင် တည်ရှိလေသည်။ ယခုမြို့တွင်းဟု တွင်၏။ ဤခံတပ်မြို့ သုံးမြို့တို့ကား ရှမ်းပြည်သို့ တက်ရန် တောင်ကြားလမ်း သုံးလမ်းတို့၏ အဝင်အဝတွင် တည်ရှိသော ခံမြို့များဖြစ်ကြလေသည်။

ပင်လယ်တွင် သီဟသူ၊ မြင်စိုင်းတွင် ရာဇသင်္ကြန်၊ မက္ခရာတွင်
mgyoe.com

mgyoe.com SAMPLE BOOK

အသင်္ခယာတို့ အသီးသီး အုပ်ချုပ်နေကြသည်ဟု အဆိုများ၏။ စာတစ်စောင်တွင်ကား မြင်စိုင်းတွင် အသင်္ခယာ၊ မက္ခရာတွင် ရာဇသင်္ကြန် အုပ်ချုပ်သည်ဟု ပါရှိလေသည်။ ကြိုက်ရာကို ယူကြရန် ဖြစ်၏။

တရုတ်ပြေးမင်း၏လက်ထက် ပုဂံပြည်ကြီး ပျက်စီးပြီးနောက် အသင်္ခယာတို့ညီနောင်သုံးဦးမှာ အာဏာတန်ခိုး ကြီးမား၍လာကြလေသည်။ မြင်စိုင်းလည်း ရှေးကထက် အရေးကြီး အရာရောက်လာတော့၏။ ထိုရှမ်းညီနောင်သုံးဦးတို့မှာ ပုဂံမင်း၏ လက်အောက်ခံဆိုကြသော်လည်း စင်စစ်ကား မိမိတို့၏နယ်များကို လွတ်လပ်စွာ အုပ်စိုးလျက်နေကြကုန်၏။

ထို့နောက် ပုဂံကျော်စွာဘုရင်သည် မိဖုရားစော၏ ပလီဉာဏ်ကြောင့် ရဟန်းအဝတ်ဖြင့် မြင်စိုင်းတွင် အကျဉ်းခံရရှာ၏။ တရုတ်စစ်တပ်ကြီး ရောက်သဖြင့် ကျော်စွာဘုရင် ဦးခေါင်းအဖြတ်ခံရသည်မှာလည်း မြင်စိုင်းမှာပင် ဖြစ်၏။ တရုတ်တပ်သားများ ပြန်သွားကြပြီးနောက် မြင်စိုင်းမှာ မြန်မာပြည်၏ မြို့တော်ကြီးဖြစ်၍ လာတော့သတည်း။ ပုဂံ၏နေရာကို ယူလိုက်လေသည်။ ပုဂံမှာ ထိုအခါမှ အစပြု၍ မထူထောင်နိုင်တော့ပြီ။ ပုဂံဆက် ဆုံးလေတော့၏။ ထိုအခါမှစ၍ ပျက်စီးလာသော ပုဂံပြည်ကြီးမှာ ယခုအခြေသို့ ဆိုက်လေတော့သည်။

ရှမ်းညီနောင်သုံးဦး၏လက်ထက်တွင် မြင်စိုင်းမှာ ခြောက်နှစ်မျှ မြန်မာပြည်၏ မြို့တော်အဖြစ်ဖြင့် တန်ခိုးထွားခဲ့ပေ၏။ ထိုအခါက အတော်ကြွားခဲ့ဂုဏ်မောက်ခဲ့သော မြင်စိုင်းပေတည်း။ ယခုကား မကြွားနိုင်ရှာတော့ပြီတကား။

သီဟသူ၏လက်ထက်တွင် မြင်စိုင်း၏ အနောက်မြောက် မိုင် ၃၀ ခန့်အကွာတွင် ပင်းယမြို့ကို တည်ထောင်လေသည်။ မြို့တော်ကို ပင်းယသို့ ရွှေ့ပြောင်းလိုက်ပြီးသည့်နောက်လည်း မြင်စိုင်းမှာ မျက်နှာမငယ်လှ၊ မြို့အဖြစ်နှင့်ပင် ကျန်ရစ်ခဲ့ပေသည်။ ရာဇဝင်တွင်လည်း မြင်စိုင်းအကြောင်းမှာ မကြာမကြာ ပါဝင်ခဲ့လေသည်။

မင်းတုန်းမင်းတရားကြီး၏ သားတော်တစ်ပါးမှာ မြင်စိုင်းမင်းသားဖြစ်၏။ မင်းတုန်းမင်း နတ်ရွာလားစဉ်က မင်းသားများကို သတ်ရာတွင် မပါ။ ငယ်သေးသောကြောင့်လည်း ဖြစ်တန်ရာ၏။ ထင်ပေါ်သော မင်းသား

mgyoe.com

mgyoe.com SAMPLE BOOK
မဟုတ်သောကြောင့်လည်း ဖြစ်တန်ရာ၏။ အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်စဉ်အခါ အင်္ဂလိပ်စစ်တပ်တို့ကို ခုခံနေသောကြောင့် အတော်ပင် နှိမ်နင်းရပေသည်။

အင်္ဂလိပ်လက်ထပ်မှာပင် မြင်စိုင်းမြို့နယ်မှာ အတော်ကြီးသေး၏။ မြောက်ဘက် မက္ခရာနယ်နှင့် စပ်လျဉ်းနေလေသည်။ မြင်စိုင်းမြို့အုပ်ဟူ၍ပင် မြို့အုပ်တစ်ယောက်ကို ခန့်ထားသေး၏။ မြင်စိုင်းမြို့သူကြီးလည်း ရှိသေး၏။ ထို့နောက်များ မကြာမီတွင် မြင်စိုင်းမြို့နယ်ကို ကျောက်ဆည်မြို့နယ်ဟူ၍ အမည်ပြောင်း၊ မြင်စိုင်းမြို့သူကြီးတစ်ပိုင်ကိုလည်း ဖျက်လိုက်ပြီးလျှင် လက်အောက်ရွာများတွင် တသီးတခြား သူကြီးများကို ခန့်ထားလေသည်။

ထိုအခါမှအစပြု၍ တစ်စတစ်စ ပျက်စီးလာလိုက်သည်မှာ ယခုအခါ မြင်စိုင်းရွာ မရှိတော့ပြီ။ မြင်စိုင်းဆိုသောအမည်ပင် ပျောက်ကွယ်သွားလေပြီ။ မြင်စိုင်းနေရာတွင် ကုလားကျောင်းအမည် ရောက်နေလေပြီ။ ဤကား မြင်စိုင်း၏ ရာဇဝင်ချုပ်ပေတည်း။

မြင်စိုင်းအကြောင်းကို ကြားသာ ကြားဖူး၊ ဖတ်သာ ဖတ်ဖူး၍ မြင်စိုင်း မည်သည့်နေရာတွင် နေမှန်းမသိသောသူများအထဲတွင် မောင်လူအေးလည်း တစ်ယောက် အပါအဝင်ဖြစ်ခဲ့လေသည်။ ကံအားလျော်စွာ မြင်စိုင်းတည်ရာ နယ်သို့ မောင်လူအေး ပြောင်းရွှေ့လာရ၏။ ၁၂၉၈ ခု၊ ပြာသိုလအတွင်း တစ်ခုသောနံနက်တွင် မိတ်ဆွေ 'ကိုဇော်ဂျီ' နှင့်အတူ မော်တော်ကားတစ်စီးဖြင့် မြင်စိုင်းသို့ ထွက်လာခဲ့၏။ လမ်းကြမ်းလှသဖြင့် မော်တော်ကားမှာ ခုန်ပေါက်၍သာနေတော့သည်။

အတန်ကြာလျှင် ရွှေသာလျောင်းတောင်တန်းအလွန် သင်းတွဲမြောင်းသို့ ရောက်ကြ၏။ ရွှေသာလျောင်း၏ တောင်စွန်းတွင် စေတီတော်ပျက်တစ်ဆူရှိ၏။ မြက်ခြောက်များဖြင့် ဖုံးလွှမ်းနေပြီဖြစ်သောကြောင့် ဘုရားပျက်နှင့်မတူ၊ တောင်ထိပ်နှင့်သာ တူနေပေ၏။

ဤဘုရားပျက်နှင့်ကပ်လျက် ပုထိုးပျက်လိုလို၊ ကျောင်းပျက်လိုလို၊ အိမ်ပျက်လိုလိုတစ်ခုလည်း ရှိ၏။ ဤကား ဘို့မယ်၏ ရက်ကန်းစင်နေရာဟု ဆိုကြ၏။ ဤဘို့မယ်ကား ဆင်ကဲဘို့မယ် မဟုတ်။ လင်ကိုးယောက် ယူသော ဘို့မယ်။ လင်ကိုးယောက်လုံးကို အချိန်မီအောင် ထမင်းလည်း
mgyoe.com

mgyoe.com SAMPLE BOOK

နေ့တိုင်းပို့ရသေး၊ လင်ကိုးယောက် ဝတ်ရန် တစ်နေ့လျှင် တစ်ထည်ကျ ပုဆိုးတို့ကိုလည်း ရက်ပေးရသေးသည်ဟု သူကြီး ဦးချစ်တီးက ပြောပြလေသည်။ အတော်တတ်နိုင်သော ဘို့မယ်ပေတည်း။ ဤအကြောင်း ရာဇဝင်သမိုင်းတို့တွင် မဆို။ ဒဏ္ဍာရီကလေးနှင့် တူ၏။ မည်သည့်ခေတ်က ပေါ်သော ဘို့မယ်ဟူ၍လည်း သူကြီးမသိ။ သင်းတွဲမြောင်းကား မြင်စိုင်း အနောက်မြို့ရိုးနှင့်ကပ်လျက် တောင်မှ မြောက်ဘက်သို့ စီးဆင်းလျက်နေလေသည်။ အနောက်မြို့ရိုး၏ ကျုံးကဲ့သို့ ဖြစ်နေပေ၏။ နွေအခါဖြစ်သောကြောင့် မြောင်းရေမှာ ကြည်လင်လှပေ၏။ သင်းတွဲမြောင်းမှာ အချို့နေရာတွင် ၁၅ ပေခန့်ကျယ်၍ အချို့နေရာတွင် ၁၀ ပေခန့်သာ ကျယ်လေသည်။ သင်းတွဲဆည်မှာ မြင်စိုင်း၏ တောင်ဘက် ငါးမိုင်ခန့် ကွာပေလိမ့်မည်။

သင်းတွဲမြောင်းကား ရာဇဝင်တွင် ထင်ရှားခဲ့သော မြောင်းပေတည်း။ ကျော်စွာမင်းကို ရဟန်းပြုစေ၍ မြင်စိုင်းတွင် အကျဉ်းထားရာ ကျော်စွာမင်းကို ကယ်ရန် မြင်စိုင်းကို တရုတ်တပ်ကြီး လာ၍ဝိုင်းထား၏။ ကျော်စွာမင်း၏ ဦးခေါင်းကိုဖြတ်၍ တရုတ်စစ်တပ်ကြီး မြင်စိုင်းမှ ထွက်ခွာခါနီးတွင် တပ်သားများ ညချင်း တူးပေးခဲ့သော မြောင်းဟူ၍ ရာဇဝင်တွင်လာ၏။ ထိုမြောင်းတူးရာတွင် ထိခိုက်သောကြောင့် လက်ချောင်း၊ ခြေချောင်းကလေးများ ပြတ်ကြလေသည်။ ၎င်းတို့ကို စုဆောင်းလိုက်ရာ ပုတ်ဖြင့်တစ်လုံး အပြည့်ရကြောင်း၊ ထိုလက်ချောင်းကလေးများကို မြှုပ်ထားရာနေရာကို ပုတ်တလုပ်ကုန်း ဟူ၍ ခေါ်ဆိုကြောင်း ပြောကြလေသည်။ ဤပုတ်တလုပ်ကုန်းကား ကျောက်ဆည်နှင့် မြင်စိုင်းအကြားတွင် ရှိ၏။

ရာဇဝင်ဆရာ ပါမောက္ခလုစ်ကမူကား ဤသင်းတွဲမြောင်းကို တရုတ်စစ်သားများ စတင်၍ တူးကြသည် မဟုတ်။ ထို့အလျှင်က ထိုးထားခဲ့သော ကျောက်စာတစ်ချပ်တွင် သင်းတွဲမြောင်းအကြောင်း ပါသည်ကို တွေ့ရသောကြောင့် သင်းတွဲမြောင်းကို တရုတ်များ ပြုပြင်ပေးသွားရုံသာ ဖြစ်သည်ဟု ပြောလေသည်။ ဤအဆိုကား ဆင်ခြင်ရန် သင့်ပေ၏။

မြောင်းတစ်ဖက်မှ တစ်ဖက်သို့ကူးရန် တံတားများ ရှိလေသည်။ မြောင်းကို ခေတ္တမျှ လျှောက်ကြည့်ကြပြီးနောက် မြောင်းတစ်ဖက်သို့ ကူးကြ၏။ မြောင်း၏ အရှေ့မြို့ရိုး၏ နောက်ဘက် တောင်ပူစာကလေးတစ်ခု

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်တွင် တည်ထားသော လက်သယ်ဘုရားသို့ သွားကြလေသည်။ ဘို့မယ် ရက်ကန်းစင်အနီး ဘုရားပျက်ကြီးနှင့် ယှဉ်လျက်နေ၏။ ထိုစေတီနှစ်ဆူ အကြားတွင် သင်းတွဲမြောင်းက စီးဆင်းလျက်နေလေသည်။

လက်သယ်ဘုရားမှာ အထိကရဘုရားဖြစ်သောကြောင့် ကျောက်စာ ဌာနက ရှင်းလင်း၍ထား၏။ ဤလက်သယ်ဘုရားကို တရုတ်တပ်သား များက ညတွင်း တည်ခဲ့သည်ဟူ၍ အဆိုရှိလေသည်။ အုတ်များကို တစ် ယောက်လက်မှ တစ်ယောက် ကမ်းလှမ်းကာ လက်ဖြင့် သယ်ယူ၍ တည်ရ သောဘုရား ဖြစ်သောကြောင့် ဤဘုရားကို လက်သယ်ဘုရားဟု ခေါ်ဆို ကြ၏။ ညတွင်းချင်း ပြီးအောင် မြန်မာများနှင့်ပြိုင်၍ တည်သောဘုရား တည်း။ မြန်မာများက မြင်စိုင်းတောင်ဘက် ချမ်းသာရဘုရားကို တည်ရာတွင် အနိုင်ရလိုက်သောကြောင့် တရုတ်များ မြင်စိုင်းမှ ထွက်ခွာသွားသည်ကို အကြောင်းပြု၍ ဤဘုရားကို ချမ်းသာရဘုရားဟု ခေါ်တွင်စေသည်ဟူ၍ ပြောစမှတ်ပြုကြလေသည်။

လက်သယ်ဘုရားမှ ထွက်ခွာခဲ့ကြပြီးနောက် မြင်စိုင်းမြို့ရိုးရှိရာသို့ သွားကြလေသည်။ မြို့ရိုးလေးဖက်စလုံး အခိုင်အခံ့ ရှိသေး၏။ အတန် ထူသော မြို့ရိုးတည်း။ မြို့ရိုးပေါ်တွင် သစ်ပင်များ ပေါက်နေကြလေပြီ။ ချုံများ ရောက်နေကြလေပြီ။ မြို့ရိုးကို ပတ်လျက် ကျုံးနေရာသာ ကျန်တော့ ၏။ ကျုံးကား မရှိတော့ပြီ။ ထိုကျုံးနေရာတွင်လည်း သစ်ပင်များ၊ ချုံများ ပေါက်ရောက်လျက်နေ၏။ ယခုရှိသော အတွင်းမြို့ရိုးမှာ အရှေ့နှင့်အနောက် ကျယ်၍ တောင်နှင့်မြောက်မှာ ကျဉ်းလေသည်။ လေးထောင့်မြို့ရိုး မဟုတ်။

ရှေး မြင်စိုင်း ကောင်းစားစဉ်က မြို့ရိုးသုံးထပ်ရှိ၏။ အပြင်မြို့ရိုး နှစ်ထပ်တို့ကား ယခုအခါ မရှိတော့ပြီ။ မြို့ရိုးနေရာ အုတ်ကျိုးအုတ်ပြတ် တို့ကိုသာ မြင်ရတော့၏။ ယခုရှိသော မြို့ရိုးကား အတွင်းမြို့ရိုးသာတည်း။

မောင်လူအေးနှင့် မိတ်ဆွေ ကိုဇော်ဂျီတို့သည် မြောက်ဘက်မှ မြို့တွင်း သို့ ဝင်ကြပြီးလျှင် နန်းတော်ရာ ဘုရားသို့ သွားကြလေသည်။ ရှေးအခါက နန်းတော်၊ ရုံးတော်၊ အိမ်တော်တို့၏ နေရာများတွင် သစ်ပင်ချုံနွယ်တို့ ပေါက်နေသည့်နေရာတွင် ပေါက်နေ၊ ယာပြင်များ ဖြစ်နေသည့်နေရာတွင် ဖြစ်နေ၊ အိမ်ခြေဟူ၍ကား မရှိ။ ခရမ်းပင်၊ နံနံပင်များကို စိုက်ပျိုးထားရာ

mgyoe.com

mgyoe.com SAMPLE BOOK
ယာခင်းများနှင့် ချုံနွယ်ပိတ်ပေါင်းတို့ကိုသာ မြင်ရ၏။ ယာလုပ်ရန် တူးဆွထားသောနေရာများတွင် လိုက်ကွဲများ၊ မြေဆေးတံကျိုးများ၊ ပုတီးလုံးကလေးများ၊ နားတောင်းပဲ့များကို တွေ့ရလေသည်။

နန်းတော်ရာ ဘုရားအနီးသို့ ရောက်သောအခါကား ဆူးချုံများ ပိတ်နေသောကြောင့် အတော်ပင် အသွားရခက်လေသည်။ လမ်းကောင်းကောင်း မရှိ။ ဆူးပင်များကို မကာ၊ ဖယ်ကာနှင့်ပင် နန်းတော်ရာဘုရား ရင်ပြင်သို့ ရောက်ကြရလေသည်။

ဘုရားရင်ပြင်ကို ကျောက်စာဌာနက ရှင်းလင်းထား၏။ နန်းတော်ရာဘုရားကား မြို့ရိုးအတွင်း မြေပြင်တွင် မားမားစွင့်စွင့်ကြီးနေလေသည်။ အနောက်တောင်ဘက်တစ်ခြမ်းမှာ ပြိုကျနေပြီ။ သို့သော် အတွင်းမှ ဘုရားတစ်ဆူက ခံနေသောကြောင့် လုံးလုံးမပြိုသွားပေ။ လက်ဦးတည်ထားသောဘုရားတစ်ဆူကို ငုံ၍ တည်ထားသော ဘုရားပေတည်း။ တန်ဆောင်းဟူ၍လည်းကောင်း၊ ဝတ်ဟူ၍လည်းကောင်း၊ ဤဘုရားရင်ပြင်တွင် မရှိ။ နန်းတော်ရာဘုရားမှာ မြို့ရိုးအတွင်း အရှေ့တောင်တွင် တည်ရှိ၏။

နန်းတော်ရာဘုရားမှ ထွက်ခွာလာကြပြီးနောက် ချမ်းသာရာဘုရားသို့ သွားကြပြန်၏။ ချမ်းသာရာဘုရားကား နန်းတော်ရာ ဘုရားထက်ပင် ကြီးပေလိမ့်ဦးမည်။ ဤဘုရားရင်ပြင်ကိုလည်း ကျောက်စာဌာနက ရှင်းလင်းထားလေသည်။ ချမ်းသာရာဘုရား၏ ပထမ၊ ဒုတိယ ပစ္စယံများတွင် ရေးစဥ့်ကွင်းများ ရှိခဲ့၏။ ယခုကား မရှိတော့ပြီ။ မကြာမီက ကျောက်စာဌာနမှလာ၍ ခွာယူသွားသည်ဟု သူကြီး ဦးချစ်တီးက ပြောဖူးလေသည်။

ချမ်းသာရာဘုရားမှ တောင်ဘက်သို့မျှော်၍ကြည့်လိုက်သော် အနောက်တောင်မှ အရှေ့မြောက်သို့ပတ်လျက်တည်နေသော တောင်တန်းကလေးပေါ်တွင် ဘုရားပျက်၊ ဘုရားဟောင်း လေးငါးခြောက်ဆူတို့ကို မြင်ရပေသည်။ အချို့ အတော်ကောင်းသေး၏။ အချို့ကား ချုံနွယ်များ အုပ်နေပေပြီ။ အချို့လည်း ပျက်စီးယိုယွင်းနေပြီဖြစ်သောကြောင့် ဘုရားများနှင့် မတူတော့ပြီ။ တောင်ထိပ်များနှင့်သာ တူနေကြလေသည်။ ထိုဘုရားများမှာ ယခုအခါ ပျက်စီးယိုယွင်းနေကြပြီ ဖြစ်သော်လည်း တောင်ထိပ်ပေါ်တွင် စီတန်း၍ နေသောကြောင့် မြင်ရသည်မှာ စိတ်ကြည်နူးဖွယ်ကောင်းလှ၏။ ထိုစေတီ
mgyoe.com

mgyoe.com SAMPLE BOOK

များကို တည်ထားစအခါကမူကား မားမားစွင့်စွင့်နှင့် အလွန်တရာမှပင် သပ္ပာယ်တော်မူကြပေလိမ့်မည်။ ရွှေသာလျောင်းတောင်ထိပ်တွင် တည်ရှိသော ရွှေသာလျောင်းဘုရားမှနေ၍ ဤစေတီများကို အတိုင်းသား မြင်နေ၏။ မိဖုရားစောသည် ကျောက်စွာမင်းအား ရွှေသာလျောင်းဘုရားမှ ပြသည်မှာ ဤတောင်နှာမောင်းကလေးပေါ်တွင် တည်ရှိသော စေတီများကိုပင် ဖြစ်လေသည်။

ချမ်းသာရာဘုရား၏တောင်ဘက် အဆိုပါတောင်နှာမောင်း၏ ခုလတ်တွင် တည်ရှိသော ဥမင်များရှိရာသို့ မောင်လူအေးတို့ သွားကြပြန်၏။ ချမ်းသာရာဘုရားမှ တစ်မိုင်နီးပါးခန့် ဝေးပေလိမ့်မည်။ တောင်ခြေတွင် စောင်းတန်းဟောင်းများ ရှိလေသည်။ ထိုစောင်းတန်းများ၏ဘေးတွင် တရုတ်စံကားပင်များ စီတန်းကာ ပေါက်နေကြသောကြောင့် အလွန်အရိပ်အာဝါသနှင့် ပြည့်စုံလေသည်။ ထိုစောင်းတန်းကိုလည်းကောင်း၊ အနီးအနားရှိ စေတီကလေးများကိုလည်းကောင်း၊ ကျောက်ဆည် ရောင်တော်ဖွင့်အသင်းသားများက လာ၍ ထုံးသင်္ကန်းကပ်လျှုထားသောကြောင့် ဖြူဖြူဖွေးဖွေးနေလေသည်။

ပေ ၂၀၀ ခန့် တက်မိလျှင် ဥမင်များရှိရာသို့ ရောက်တော့၏။ ထိုဥမင်များရှေ့မြေပြင်တွင် ၁၂ ပေ ပတ်လည်ခန့် သစ်ကျောင်းကလေးတစ်ကျောင်းရှိလေသည်။ ထိုကျောင်းတွင် သူကြီးဟောင်းတစ်ယောက် တရားရပြီးလျှင် ရဟန်းအသွင်ကိုယူကာ တရားအားထုတ်နေ၏။ ကျောင်းဝိုင်းအတွင်း ပေါက်နေကြသော မန်ကျည်းပင်၊ တရုတ်စံကားပင်တို့၏အရိပ်ကြောင့် နေတစ်ပြောက်မျှ မထိုးပေ။ အလွန်သာယာသော နေရာကလေးပေတည်း။ တိတ်ဆိတ်ချက် ကောင်းလှ၏။

ထိုကျောင်းတွင် သီတင်းသုံးနေသော ဘုန်းကြီးအား ဝတ်ပြုပြီးနောက် ဥမင်များသို့ သွားကြ၏။ ဥမင်များအထဲသို့လည်း ဝင်ကြည့်ကြသေး၏။ မြောက်ဘက်အစွန်ဆုံးဥမင်ကား မယ်ညိုဥမင် ဖြစ်လေသည်။ မယ်ညိုဂူဟူ၍လည်း ခေါ်ကြ၏။ မယ်ညိုကား အခြားမဟုတ်၊ ဥစ္စာစောင့်တည်း။ ရှေးအခါက ပွဲလမ်းသဘင်ရှိလျှင် မယ်ညိုထံမှ လက်ဝတ်လက်စားများကို ငှား၍ ဝတ်နိုင်ကြောင်း၊ ပွဲလမ်းပြီးလျှင် ပြန်၍ ဂူအတွင်း သွားထားရကြောင်း၊

mgyoe.com

mgyoe.com SAMPLE BOOK

တချို့သော မဖြောင့်မတ်သော သူတို့က ဝတ်စားပြီးလျှင် ပြန်၍မထားသောကြောင့် ယခုအခါ ငှား၍မရတော့ကြောင်း သူကြီး ပြောပြလေသည်။ ဤဒဏ္ဍာရီကား မဆန်းလှပေ။ မြန်မာပြည်တစ်ပြည်လုံးတွင် ဤဒဏ္ဍာရီများ ရှိ၏။

ပထမ မယ်ညို့ဂူထဲ ဝင်ကြ၏။ ထို့နောက် ရွှေဥမင်ဂူနှင့် အခြားဂူများ အထဲသို့ ဝင်ကြည့်ကြလေသည်။ ကျောက်သားပကတိကို တူးထားသော ဂူများတည်း။ အတွင်းသို့ ပေ ၃၀ ခန့် ဝင်သွားရသည်။ ဂူဆုံးသောအခါ ဘုရားရုပ်တုများတည်း။ သစ်စေးသုတ်ပြီးလျှင် ရွှေချထားသော်လည်း နှစ်ပေါင်းအတော်ကြာပြီဖြစ်သောကြောင့် ရွှေများ ကွာနေလေပြီ။ တရုတ်နွယ်သော ရုပ်တုများတည်း။ လင်းနို့ချေးစော် နံလှသောကြောင့် ဂူအတွင်း ကြာကြာမနေနိုင်။ ဘုရားများကို ဝတ်ပြုပြီးလျှင်ပြီးချင်း အပြင်သို့ ထွက်လာခဲ့ကြလေသည်။

ဥမင်အတွင်းမှ ထွက်လာခဲ့ကြပြီးနောက် သစ်ကျောင်းကလေးရှေ့ မန်ကျည်းပင်ကြီးအောက်တွင်ထိုင်ကာ မြင်စိုင်းမြို့ တည်ခဲ့ရာ လွင်ပြင်ဘက်သို့ မျှော်၍ ကြည့်ကြကုန်၏။ ချမ်းသာရ၊ နန်းတော်ရာ၊ လက်သယ်ဘုရားတို့ကို အတိုင်းသား မြင်နေရလေသည်။ မြို့ရိုးပေါ်တွင် ပေါက်နေကြသော သစ်ပင်၊ နွယ်ပင်အုပ်အုပ်များကိုလည်း မြင်ရပေ၏။ ခပ်လှမ်းလှမ်း လေးမိုင်ကျော် ကွာဝေးသော ရွှေသာလျောင်းစေတီတော်မြတ်ကိုလည်း မြင်ရပေ၏။ မလှမ်းမကမ်း တောင်တန်းတွင် ပုဂံမျှော် ရုပ်တုတော်ကြီးကိုလည်း မြင်နေရပေသည်။ ပုဂံဘက်သို့ မျက်နှာတော် မူရှာလေသည်။ ပုဂံပြည်ကို လွမ်းဆွတ်လှသောကြောင့် ကျော်စွာမင်း တည်ထားသော ဘုရားဖြစ်ဟန်တူ၏။ ဤရုပ်တုတော်ကြီးကို မြင်ရသောအခါ ကျော်စွာမင်းကို သနားမိတော့သည်။ မိမိ၏ မြို့တော်၊ နန်းတော်ကို မည်မျှ လွမ်းဆွတ်တော်မူရှာမည်နည်း။ မိမိ လွမ်းဆွတ်တမ်းတကြောင်း၊ မိမိ အကျဉ်းခံနေရကြောင်း၊ နောက်လာနောက်သားတို့ သိရစ်ကြရန် တည်ထားခဲ့ဟန် တူလေသည်။

မောင်လူအေးတို့ နှစ်ယောက်သားမှာ စကားမပြောနိုင်ကြ။ မြင်စိုင်းမြို့ဟောင်းဘက်ဆီသို့ မျှော်မှန်းကာ အမျိုးမျိုး စိတ်ကူးထုတ်နေကြကုန်၏။ စိတ်ကူးထုတ်ရန်ကောင်းသော နေရာကလေးပေတည်း။ အေးလည်းအေး၊

mgyoe.com

mgyoe.com SAMPLE BOOK
အရိပ်ကလည်း ကောင်း။

မိဖုရားစောနှင့် ရှမ်းညီနောင်တို့ အကြံထုတ်ခဲ့ပုံကို မိဖုရားစောက ကျော်စွာမင်းအား ရွှေသာလျောင်းဘုရား၏ ရင်ပြင်မှနေ၍ မြင်စိုင်းရှိ ဘုရားများကို ညွှန်ပြခဲ့ပုံများကိုလည်းကောင်း၊ မြင်စိုင်းရောက်သောအခါ ကျော်စွာမင်းအား အတင်း ရဟန်းဘဝသို့ ကူးပြောင်းစေ၍ အကျဉ်းထားခဲ့ပုံများကို လည်းကောင်း၊ ကျော်စွာမင်း ပုဂံသို့ လွမ်းဆွတ်ခဲ့ပုံများကိုလည်းကောင်း၊ မြင်စိုင်းပတ်ဝန်းကျင်တွင် တရုတ်တပ်ကြီး စခန်းချခဲ့ပုံများကို လည်းကောင်း မောင်လူအေး စိတ်ကူးထဲတွင် ပုံဆွဲ၍နေ၏။ ကိုဇော်ဂျီကလည်း သူထင်သလို စိတ်ကူးထုတ်နေပေလိမ့်မည်။ သူ၏စိတ်ကူးထဲတွင် လင်္ကာများပင် ဖြစ်နေမလားမသိ။

ဤနေရာတွင်ထိုင်ကာ တစ်နေ့လုံး စိတ်ကူးထုတ်နေချင်ပါ၏။ မဖြစ်သေး။ အိမ်ပြန်ရချေဦးမည်။ နံနက်စာလည်း မစားရသေး၊ နာရီပြန် တစ်ချက်ထိုးနေပြီဖြစ်သောကြောင့် ဤတောင်ယံမှ မခွဲရက်ဘဲနှင့် ခွာခဲ့ရလေသတည်း။

သူရိယမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၃၇။

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# ရောဝတီ

ဝန်ထောက် မောင်လူအေးသည် ရုံးတွင် နေ့ခင်းက အမှုတစ်မှုကို စစ်ဆေးရာ နှစ်ဖက်စလုံးကပင် သက်သေခိုင်လုံနေသဖြင့် စဉ်းစားရကျပ်လှသောကြောင့် စိတ်အိုက်၍နေ၏။ ထိုနေ့ပင် စီရင်ချက်ချက မှားမည်စိုးသောကြောင့် နောက်တစ်နေ့မှ စီရင်ချက်ချမည်ဟူ၍ အမှုသည်တို့အား ပြောပြီးလျှင် တရားခွင်မှ ဆင်း၍ အိမ်သို့ ပြန်လာခဲ့လေသတည်း။

တစ်လမ်းလုံးတွင် အမှုအကြောင်းကိုသာ သို့လော၊ သို့လော တွေးတောလျက်လာ၏။ အိမ်သို့ ပြန်ရောက်ပါလည်း ဤအမှုအကြောင်းကိုပင် တွေးတော၏။ ညနေ လက်ဖက်ရည်သောက်သော လက်ဖက်ရည်စားပွဲတွင်လည်း အမှုအကြောင်းကို တွေး၏။ ထိုင်နေသည်ဖြစ်စေ၊ ထနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ ၎င်းအမှုအကြောင်းမှာ ရစ်ဝဲ ရစ်ဝဲနှင့် စိတ်ထဲတွင်နေ၏။ သို့သော် ဆုံးဖြတ်ချက်ကိုကား တွေးတော၍မရသဖြင့် အခက်နှင့် တွေ့ကြုံရ၏။

အကြံကောင်းများ ရလိုရငြား နေစောင်းသွားလျှင် အိမ်မှထွက်၍ ရောဝတီမြစ်ကမ်းခြေသို့ လမ်းလျှောက်ထွက်သွား၏။ ထိုအခါသည်ကား ရောဝတီမြစ်ထဲတွင် ရေနည်းသော တပေါင်းလကုန်ခါစ အခါတည်း။ ကမ်းခြေတစ်လျှောက်တွင် သောင်ပြင်ကြီး ထွန်းလျက်နေ၏။ ထိုသို့ထွန်းလျက်နေသော သောင်ပြင်ကြီးမှာ ကမ်းခြေမှ ပေသုံးရာခန့် မြစ်ထဲဘက်သို့ ထွန်း

mgyoe.com

mgyoe.com SAMPLE BOOK

လျက်နေ၏။

ကမ်းနားလမ်းတစ်လျှောက် အရှေ့မှ အနောက်သို့ အစဉ်အတိုင်း လျှောက်၍သွားရာ အစိုးရဆေးရုံ၊ အေဘီအမ် မိန်းကလေးကျောင်း၊ စက်ရှင်မင်းကြီးအိမ်၊ အရေးပိုင်မင်းအိမ်၊ ဗိုလ်တဲ၊ ဆရာဝန်ကြီးအိမ်၊ အရာရှိများ၏ အသင်းရုံးတို့ကို အစဉ်အတိုင်း ကျော်လွန်၍ လာခဲ့၏။ အသင်းရုံးသို့ရောက်လျှင် ကမ်းနားလမ်း ဆုံးတော့၏။ ကမ်းပါးအောက်သို့ ဆင်းကာ အနောက်ဘက်သို့ ဆက်လက်၍ လျှောက်သွားပြန်၏။ အတန်ကလေးသွားမိလျှင် ခံတပ်ပျက်သို့ ရောက်၏။ ဤခံတပ်ကား မြန်မာမင်းလက်ထက်က ဆောက်လုပ်ထားသော ခံတပ်ဖြစ်လေသည်။ ပျက်စီးလျက်နေပေပြီ။

လမ်းလျှောက်ရင်း တစ်လမ်းလုံး အမှုအကြောင်း စဉ်းစား၍လာသောကြောင့် ဘာအကြောင်းကိုမှ မတွေးတောနိုင်။ ဘာအကြောင်းကိုမျှ သတိမရနိုင်၊ အမှုအကြောင်းနှင့်သာ အချိန်ကုန်ခဲ့၏။ သို့သော် ဤခံတပ်ဟောင်းသို့ရောက်သောအခါ၌မူကား ရှေးဟောင်းနှောင်းဖြစ် မြန်မာမင်းတို့၏အကြောင်းများကို ပြန်လည်ကာ စဉ်းစားမိ၏။ စစ်ဖြစ်စဉ်က မည်သို့တိုက်ခိုက်ကြမည့်အကြောင်း၊ မည်သို့ ကျဆုံးကြမည့်အကြောင်းတို့ကို စိတ်ကူးမိ၏။ ဤအခါကျမှ ယခင်စဉ်းစားနေရင်း အမှုအကြောင်းမှာ စိတ်ကူးထဲမှ ပျောက်၍ သွားတော့သတည်း။

ထို့နောက် ခပ်မောမောရှိသဖြင့် ခံတပ်အစွန်းနားရှိ အုတ်များအပေါ်တွင် တက်၍ထိုင်ကာ ဧရာဝတီမြစ်ဘက်သို့ လှမ်း၍ကြည့်၏။ ထိုင်နေရာအနောက်ဘက် မနီးမဝေးရှိ ရွာမှဆင်း၍ ပျော်ပါးစွာ ရေခပ်နေကြသည်ကို မြင်ရလျှင် စိတ်ပျော်ရွှင်၍ လာလေ၏။

ရေအိုးကို ရွက်သူရွက်၊ ဆိုင်းနှင့် ပုံထမ်းသူက ထမ်း၊ ရေအိုးနှစ်လုံးကို ဆင့်ပြီး ရွက်သူရွက်၊ လူနှစ်ယောက် အိုးကြီးကြီးတစ်လုံးကို ထမ်းပိုးနှင့် ထမ်းသူက ထမ်း။ အသက်အရွယ် ကြီးကြီးလည်းပါ၊ ငယ်ငယ်လည်းရှိ၊ ယောကျ်ား၊ မိန်းမ မကျန် အားလုံးပင် ပျားပန်းခပ်ဘိသကဲ့သို့ သောင်ပြင်ကြီးတွင် ဆင်းသူဆင်း၊ တက်သူတက်နေကြ၏။ အသက်အရွယ် ငယ်သူတို့အနက် သုံးနှစ်၊ လေးနှစ်မျှရှိကြသေးသော ကလေးများပင် ပါ၏။ အသက်ကြီးသူတို့အနက်လည်း ခုနစ်ဆယ်ကျော်သူတို့ပင် ပါလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လူအများ တက်ဆင်းကြသည်မှာ များလှသောကြောင့် သောင်ပြင်တစ်ပြင်လုံး ဖုန်တထောင်းထောင်း ထလျက်ရှိနေ၏။ ဆောင်းတွင်း၌ မြူများအုပ်နေသကဲ့သို့ ဖြစ်လေသည်။ သီချင်းအော်ဆိုသူကလည်း ဆို၊ စကားအော်ပြောသူကလည်း ပြော၊ တစ်ယောက်ကိုတစ်ယောက် အော်ပြီး ခေါ်သူတွေကလည်းခေါ် ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

ရေကူးသူတို့ကလည်း မရှား။ ကစားနေသူတို့ကလည်း အပုံပင်။ ခုန်ပေါက်နေသူတို့ကလည်း အနန္တ။ ပြေးလွှားနေသူတို့ကလည်း စံမရအောင် များလှစွာ၏။

ပွဲအကြောင်းလည်း ပြောကြ၊ ရုပ်ရှင်အကြောင်းလည်း ပြောကြ။ မီးလောင်သည့်အကြောင်း ပြောကြ။ ဓားပြတိုက်သည့်အကြောင်းလည်း ပြောကြ။ ဆူညံ၍ နေပေ၏။

အချို့က သဲထဲတွင် တောင်ပုံ၊ တောပုံလုပ်ကြ၏။ အချို့က သဲပုံစေတီတည်ထားကြ၏။ ကလေးများကလည်း ဘုရားဖူးသွားဟန် ဆူညံ၍နေ၏။ လူများ ဆူညံ၍နေသည့်ကြားတွင် ခွေးများကပါ ပျော်ပါးရှာကြလွန်း၍ ဟိုပြေးဒီပြေး တပြေးတည်း ပြေးလျက်နေကြသည်။

ဟိုသောင်ပြင်ပေါ်တွင် တံငါလုပ်စားကြသော တံငါသည်တွေ၏ တဲကလေးများမှာလည်း သုံးလေးဆယ်ခန့် ရွာကလေးတစ်ရွာပင်။ လုံချည်ကွင်းများ၊ အင်္ကျီစုတ်များကို အလံထူကာ ဘုရားပွဲတော် လှည့်သကဲ့သို့ စိတ်ထင်ရာလုပ်၍ နေကြကုန်၏။ ထိုတဲကလေးတို့အနားတွင် ပျော်ပါးစွာကစား၍နေကြသော ကလေးတို့ကလည်း သံပုံးများကို ဆူညံစွာ တီးနေကြ၏။ အရပ်ထဲတွင် သံပုံးတီးသံကို ကြားရလျှင် ဒေါသထွက်ပေလိမ့်မည်။ သို့သော် ဤအချိန် ဤအခါ ဤနေရာ၌ကား သံပုံးတီးသံကိုပင် သာယာသကဲ့သို့ ထင်မှတ်မိ၏။

ရေကူးသူတို့မှာလည်း ရိုးရိုးကူးကြသည်မဟုတ်။ လိုက်ကြ။ ပြေးကြ။ သီချင်းဆိုကြ။ စောင်းမြောင်းပြောဆိုကြ။ ဤအခိုက်တွင် လှေကြီး၊ လှေငယ်၊ ငှက်ကလေးများလည်း မကြာမကြာ စုန်၍သွားကြ၏။ ဆန်၍လည်း လာကြ၏။ ထိုလှေတို့တွင် ပါလာသော သူတို့အား သောင်ပြင်ပေါ်တွင် ရှိနေကြသော သူတို့က လှမ်း၍စကားပြောကြ၏။ လှမ်း၍ နောက်တောက်တောက် ပြောကြ

mgyoe.com

mgyoe.com SAMPLE BOOK
၏။ လှမ်း၍ စောင်းမြောင်းကာ သီချင်းဆိုကြ၏။ လှေပေါ်တွင် ပါလာသူတို့ကလည်း စိတ်ဆိုးခြင်းမရှိ။ ပြန်လှန်ကာ ပျော်ပါးစွာ သီချင်းဆိုကြ၊ နောက်ကြ၊ ပျော်စရာကြီး ဖြစ်လေသည်။

အနီးအနားတွင် လှေများဖြတ်၍ သွားပြန်လျှင်လည်း ရေကူးနေသူတို့မှာ လှေနားသို့ရောက်အောင် ကူးသွားကြပြီးလျှင် လှေတွင်တွယ်၍ လိုက်သွားကြသည်။ လှေတွင် ပါလာသူတို့က ထိုးဝါးဖြင့် ရိုက်မယောင်လုပ်ကာ ကစားကြ၏။ တချို့က လှေပေါ်သို့တက်၍ ဝိုင်းဝန်းကာ လှေထိုးကြ၏။ တော်တော်ဝေးဝေးကျမှ လှေပေါ်မှ ခုန်ဆင်းကာ ကမ်းခြေသို့ ကူး၍ လာကြကုန်၏။

အချို့လှေတို့မှာလည်း မိမိတို့တွင်ပါလာသော ခရမ်းချဉ်သီး အစရှိသည်တို့ဖြင့် သောင်ပြင်ပေါ်တွင် ပျော်ပါးစွာ ကစားနေကြသူတို့အား ပစ်ခတ်ကာ ကစားကြ၏။ သောင်ပြင်မှလည်း ပြန်လှန်၍ပစ်ကြ၏။ ပျော်စရာကြီးတစ်ရပ် ဖြစ်ပေသည်။

ဤသို့ ပျော်ပါးစွာ ကစားနေကြသော သူတို့ကား ထိုအခိုက်တွင် အပူအပင် မရှိ။ အိမ်သို့ ပြန်ရောက်သွားပြန်လျှင်လည်း အပူအပင် မရှိ။ မိမိတို့ လုပ်ကိုင်၍ ရသမျှသော ပစ္စည်းဥစ္စာတို့ဖြင့်သာ တင်းတိမ်၍နေကြကုန်၏။ အစားအသောက်မှာလည်း ထမင်းနှင့် ပဲပြုတ်၊ ပဲဟင်းကို ရလျှင် ကျေနပ်ကြပေပြီ။ သွားလာရာမှာလည်း မိမိတို့တွင်ရှိသော ခြေနှစ်ချောင်းကိုပင် အားကိုးကြ၏။ ဖျားနာပြန်လျှင်လည်း ဆရာဝန်ခေါ်ရန် ငွေကြေးများစွာ မလို။ အရပ်ထဲတွင်ရှိသော ဆေးမြီးတိုနှင့်ပင် ပျောက်ကြ၏။

ဤသို့ ကြည့်ရှုနေရင်း ထိုသူတို့၏ ပျော်ရွှင်ခြင်းကို အားကျမိ၏။ မိမိလုပ်ရသော အလုပ်အကိုင်၏ တာဝန်ကြီးခြင်း၊ စိတ်ပင်ပန်းစရာ ကောင်းခြင်းတို့ တွေးတောမိ၏။ ဤသို့ တွေးတောနေရင်းပင်လျှင် မိုးချုပ်၍လာ၏။ နေလည်း ဝင်၍သွားစဲစဲ ဖြစ်နေ၏။ နေ၏ နီသောအရောင်လည်း မြစ်တစ်မြစ်လုံးတွင် ကျနေသောကြောင့် မြစ်တစ်မြစ်လုံး နီနီရဲရဲကြီး ဖြစ်နေ၏။ သောင်ပြင်နှင့် တဲများအပေါ်သို့ ကျနေသော နေရောင်၏ပုံပန်းကိုကား ပြော မပြနိုင်အောင်ရှိ၏။ စိတ်ကြည်နူးစရာကြီးပင်။ စိတ်ကြည်နူး၍နေစဉ်ပင် နေဝင်၍သွား၏။ မှောင်၍လာ၏။ ရေခပ်သူများလည်း ပါး၍သွား၏။
mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါကျမှ ထိုင်နေရာမှ ထပြီးလျှင် အိမ်သို့ ပြန်ခဲ့၏။ အမှုအကြောင်း စိတ်ထဲတွင် ပြန်၍ပေါ်၏။

ဂန္ဓလောက၊ မေ၊ ၁၉၃၁။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# အင်း၀

ဤနေ့ကား စစ်ကိုင်းမြို့တွင် မိုးရွာသောနေ့ ဖြစ်လေသည်။ အလွန်ပူပြီး နောက် ရုတ်တရက် အေး၍သွား၏။ တနင်္လာနေ့တည်း။

မောင်လူအေးကား ထိုနေ့တွင် ရုံးတက်ရမည်ကို ပျင်းတင်းတင်းရှိလှ ၏။ အိမ်တွင် ခပ်အေးအေးကလေး အိပ်နေ၊ ကွေးနေ၊ စည်းစိမ်ကလေးနှင့် နေလိုသော်လည်း မနေရ၊ ရုံးသို့ သွားရလေသည်။

ရုံးသို့ရောက်သောအခါ နယ်ပိုင်ဝန်ထောက်မင်း ဦးတောက ထိုနေ့ ညနေ အင်းဝတံတားဦးနယ်သို့ လှည့်သွားရမည့်အကြောင်းပြောရာ မိမိမှာ ၎င်းလက်အောက်တွင် အလုပ်သင်ကြားနေခိုက်ဖြစ်သောကြောင့် ၎င်းနှင့် ထိုညနေပင် လိုက်ရန်စီမံ၏။ ညနေ လေးနာရီ ရုံးမှဆင်း၍လာခဲ့၏။ အိမ် သို့ရောက်လျှင် အစေခံ ပြင်ဆင်ထားပြီး ပစ္စည်းများကို ရထားနှင့်တင်ကာ နယ်ပိုင်ဝန်ထောက်မင်းအိမ်သို့ ထွက်ခဲ့လေသတည်း။

ထိုအိမ်သို့ရောက်လျှင် နယ်ပိုင်၏ ဧည့်သည်လင်မယားနှင့် ၎င်းတို့၏ သားကလေးတစ်ယောက်ပါ လိုက်မည်ဟု သိရ၏။ ထိုလင်မယားတို့မှာ အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ငါးဆယ်နီးပါး၊ နယ်ပိုင်ဝန်ထောက် မင်းလည်း ထိုအရွယ်ပင်။ ထိုသူတို့၏သားကလေးကား ၁၂ နှစ်ခန့်ရှိသေး၏။

နယ်ပိုင်မင်းအိမ်မှ ကူးတို့ဆိပ်သို့ ထွက်လာရာ ပစ္စည်းတို့မှာ လှည်း တစ်စီးတိုက်ကျော်ကျော်ခန့် ရှိ၏။ နယ်လှည့်လိုက်သူတို့ကား ဧည့်သည်

mgyoe.com

mgyoe.com SAMPLE BOOK
လင်မယားနှင့် သားကလေး၊ ဝန်ထောက်မင်းနှစ်ယောက်၊ စာရေးနှစ်ယောက်၊ အစေခံလေးယောက် အားလုံးပေါင်းလိုက်သော် တပျော်တပါး ပျော်ပွဲစားထွက်သည်နှင့် တူလှ၏။

ငါးမိနစ်ခန့်ကြာလျှင် ကူးတို့ဆိပ်သို့ရောက်၏။ ရထားဆိုက်ရာနှင့် ရေစပ်မှာ ကိုက်တစ်ရာကျော်ကျော် ဝေးကွာ၏။ သောင်ပြင်ကြီးကို ကျော်ဖြတ်၍ ဆင်းရလေသည်။ ပစ္စည်းများကို ပိုးသူက ပိုး၊ ဆွဲသူက ဆွဲ၊ ထမ်းသူက ထမ်း၊ ရွက်သူက ရွက်၊ လက်ဆင့်ကမ်းသူက ကမ်း။ ပင်ပန်းမည့်အစား ပျော်ပါးစရာကြီးဖြစ်လေသည်။ မကြာခင် ပြီးသွား၏။

ပြီးလျှင် ကူးတို့ငှက်သုံးစီးဖြင့် ဧရာဝတီမြစ်ကြီးကိုဖြတ်၍ ကူးကြလေသတည်း။ အချိန်မှာ ငါးနာရီခွဲ၊ မိုးကလည်း ဖွဲဖွဲ၊ မှောင်ကလည်း ခပ်မှောင်မှောင်၊ နေရောင်ကလည်း မရှိ။ စစ်ကိုင်းတောင်ပေါ်တွင် ဖြူဖြူဖွေးဖွေးနေသော စေတီအဆူဆူတို့ကို မျှော်၍ကြည့်ကာ ကြည်ညိုစွာ ဖူးရ၏။ မြစ်ရေမှာ စီးခြင်းမရှိ။ ငြိမ်သက်ဘိ၏။ စိတ်ကြည်နူးစရာကြီးဖြစ်လေသည်။ စကားပြောခြင်းမရှိကြ။ ထိုအချိန်ကာလ၊ ထိုဌာန၏ သာယာလှသော အခြင်းအရာတို့ကို စဉ်းစားကာ စိတ်၏အရသာကို ခံစား၍သွားကြလေသတည်း။

မကြာမီ တစ်ဖက်ကမ်းဖြစ်သော အင်းဝဆိပ်သို့ ရောက်၏။ ထိုနေရာကား ခမ်းနားခြင်းမရှိ။ ဧရာဝတီမြစ်ကမ်းတွင် တည်ထားသော အခြားရွာကလေးများကဲ့သို့ပင်။ အင်းဝကောင်းစားစဉ်ကမူကား စည်စည်ကားကား လူသွားလူလာ ပေါများစွာ ရှိပေလိမ့်မည်။ ထိုအခါက ဘုရင်မင်းမြတ်တို့ သပြေလား၊ ရေလားထွက်ကြသောအခါ ဤနေရာမှာပင် ဖြစ်ပေလိမ့်မည်။ လှေပွဲသဘင်အမျိုးမျိုး ကျင်းပသည်ကိုလည်း ဤနေရာမှပင် ရှုစားတော်မူကြပေလိမ့်မည်။ မြန်မာလှေတပ်များ စစ်ရေးခင်းကျင်းသည်မှာလည်း ဤနေရာမှာပင် ဖြစ်ပေလိမ့်မည်။ ဟံသာဝတီသားများ အင်းဝကို အောင်မြင်ပြီးနောက် စစ်ကိုင်းဘက်သို့ ကူးကာ ရွှေဘို၊ ခင်ဦး အစရှိကြသော နယ်များတွင် သစ္စာတော်ရေတိုက်ရန် သွားမှာလည်း ဤနေရာကပင် ဖြတ်ကြပေလိမ့်မည်။ ထီးနန်းအဆက်ဆက်၊ ဘုရင်အဆက်ဆက်ပျက်စီးခဲ့လေပြီ။ ဧရာဝတီ မြစ်ကြီးကား မလှုပ်မရှား၊ သွားမြဲတိုင်းသာ စီး၍သွားနေလေသတည်း။ အနိစ္စတရားကို မလွန်ဆန်နိုင်ပါတကား။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ တွေးတောသောအခါ မောင်လူအေး စိတ်ထဲတွင် လွမ်းရမလိုလို၊ ဆွေးရမလိုလို ဖြစ်မိ၏။ ပါလာသူတို့လည်း ပစ္စည်းများကို အသီးသီး သယ်တင်ကြပြီးလျှင် လှည်းဖြင့် တံတားဦးဗိုလ်တဲရှိရာသို့ ဆောင်ယူသွားကြ၏။ ဝန်ထောက်နှစ်ယောက်နှင့် ဧည့်သည်လင်မယားတို့ကား ခပ်နုံနုံ တောမြင်းရထားပေါ်တွင် ခပ်မားမား သားနားစွာစီး၍ လာကြလေသတည်း။

အတန်ကြာလျှင် မြို့ရိုးနှင့် ကျုံးတို့ကို မြင်ကြရ၏။ ကျုံးတွင်း၌ ရေမရှိ၊ ချိုင့်ကြီးကဲ့သို့ ဖြစ်နေလေသည်။ ယာခင်းကြီးဘဝသို့ ရောက်နေပေပြီ။ ပဲခင်း၊ ငရုတ်ခင်း၊ နံနံခင်း၊ ပြောင်းခင်းတို့ဖြင့် ပြည့်တင်း စိမ်းစိုလျက်နေ၏။ မြို့ရိုးကြီးမှာကား ချုံအုပ်၊ ချုံပုတ်တို့ဖြင့် ဖုံးလွှမ်းလျက် နေကြ၏။ ဩော်... အနိစ္စ၊ အနိစ္စ။

မြင်းရထားကို အတန်ကလေး မောင်းမိပြန်လျှင် မြို့ရိုးကိုဖြတ်ကာ လူဝင်ရန် လမ်းတစ်ခုကို မြင်ရသည်နှင့် မြင်းရထားကလေးကို လမ်းတွင်ရပ်စေ၍ လေးယောက်သား မြို့ရိုးကိုကျော်၍ မြို့တွင်းသို့ဝင်ကြည့်ကြလေသည်။

မြို့တွင်း၌ ထန်းရွက်ကာ၊ ထန်းရွက်မိုးတဲအိမ်ကလေး ကိုးအိမ်၊ ဆယ်အိမ်ခန့်ရှိသော ရွာသိမ်ရွာငယ်ကလေးကို မြင်ကြ၏။ ရွာအပြင်တွင် မိန်းကလေးနှစ်ယောက်ကို တွေ့၍ နန်းတော်တည်ရာဌာနကိုမေးရာ ရွာမှ ခပ်လှမ်းလှမ်းတွင် မျှော်စင်တစ်ခုရှိသေးကြောင်း ပြောကြ၏။ ထိုမျှော်စင်ကို ကြည့်ရန် ရွာကလေးကို ဖြတ်ကြ၏။ ခွေးတစီစီနှင့် ပျော်စရာကြီးဖြစ်လေသည်။ ရွာသူကြီးအကြောင်းကိုမေးရာ ရွာသူကြီး မရှိ။ အခြားရွာမှ ရွာသူကြီး ထိုရွာကို အုပ်ကြောင်း ပြောကြ၏။ မင်းနေပြည်တော်ကြီးမှ ရွာလူကြီးပင် မရှိသော ရွာသိမ်ကလေးအခြေသို့ ရောက်နေရလေပြီ။ တကယ့်အနိစ္စကြီးပါတကား။

ထိုရွာကလေး အနီးအနားတွင် ဘုရားပျက်၊ ကျောင်းပျက်၊ တန်ဆောင်းပျက်တို့ကို မြင်ရ၏။ ထိုရွာမှနေ၍ ကြည့်လိုက်သော် မျှော်စင်ကြီးကို မြင်ရလေသည်။ ခပ်ယိုင်ယိုင်၊ ခရီးသွားခိုက်ဖြစ်၍ အနီးအနားသို့ မသွားပြီ။ ရထားရှိရာသို့ ထွက်ခဲ့ကြလေသတည်း။

ဂန္ထလောက၊ ဇွန်၊ ၁၉၃၁။


mgyoe.com

mgyoe.com SAMPLE BOOK

# ပုဂံ

## စာနံပါတ် (၁)

ဒုတိယတန်း၊ မီးရထားစောင့်ခန်း။
သာစည်ဘူတာ။
၁၂၈၈၊ သီတင်းကျွတ်လဆန်း ၂ ရက်။

ကိုဘိုးထိန် ...

ဤအချိန်ကား သန်းခေါင်ကျော်အချိန်၊ ဤစာကို ရေးနေသော နေရာကား သာစည်ဘူတာရုံ၊ ဒုတိယတန်းခရီးသည်များ မီးရထားစောင့်ရန် အခန်း ဖြစ်လေသည်။ ဤသို့ ညဥ့်နက်သန်းခေါင် ခရီးမဆိုက် ဖြစ်သော်လည်း ပုဂံသွား နေ့စဥ်မှတ်တမ်းကို နေ့စဥ်မှန်မှန် ရေးသားလိုသည်က တစ်ကြောင်း၊ ကိုဘိုးထိန် နေ့စဥ်မပြတ် လတ်လတ်ဆတ်ဆတ် ဖတ်၍ သွားစေလိုသော ဆန္ဒရှိသည်တစ်ကြောင်းတို့ကြောင့် ခရီးပန်း၍ အိပ်ငိုက်လှသော်လည်း မအိပ်သေးဘဲ ဤစာကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။ နေ့စဥ်ပင် မှန်မှန် ဤမှတ်တမ်းကို ရေးသားရန် အားခဲထားပါသည်။ သို့သော် နေ့စဥ် မှန်မှန် ရေးသားနိုင်မည်ဟူ၍ကား အာမမခံနိုင်။ လမ်းတစ်ဝက်တွင် ပြတ်ချင်လည်း ပြတ်နေပေလိမ့်မည်။ လိုရင်းကို ရေးကြစို့။

ကျောင်းပိတ်၍ ကိုဘိုးထိန်တို့ နေရပ်ကို ပြန်သွားပြီးနောက် နှစ်ရက်ကြာလျှင် ပြည်ကျောင်းဆောင်မှ ပြောင်း၍ လမ်းမတော် ဝိုင်အမ်ဘီအေ

mgyoe.com

mgyoe.com SAMPLE BOOK
အသင်းတွင် ကိုယူးကင်နှင့်အတူ ခေတ္တပြောင်းရွှေ့နေထိုင်ရပါသည်။ ထို အသင်းတိုက်တွင် ခေတ္တနေထိုင်ခိုက်၊ မိတ်ဆွေတစ်သိုက်နှင့် ညတိုင်းညတိုင်း မြို့တွင်းသွားပြီး ရေခဲမုန့်၊ ဖာလူဒါ စသည်တို့ကို သွားသောက်၊ ထမင်းကြော်၊ ခေါက်ဆွဲတို့ကိုစားနှင့် တော်တော်ပင် ပျော်ရွှင်ကြပါသည်။

ဤကျောင်းပိတ်ရက်အတွင်း မိတ်ဆွေများနှင့် ရန်ကုန်မြို့ကြီး၌ ပျော် ရွှင်စွာ ညတိုင်း လည်ပတ်နေရသော်လည်း ကျွန်တော်၏ စိတ်၌ကား ပုဂံသို့ သွားရန်အကြောင်း စဉ်းစားမိတိုင်း စိတ်မအေးလှပါ။ သီတင်းကျွတ်လဆန်း ၁ ရက်နေ့တိုင်အောင် ခရီးထွက်ရမည့်နေ့ရက်ကို အသေအချာ မသိရ။ စမ်းတဝါးဝါးနှင့် နေလေတော့သည်။ မီးရထားရုံပိုင်သို့ မကြာမကြာ သွား ရောက်၍ မန္တလေး မီးရထားလမ်း ပျက်နေသည်မှာ ကောင်းပြီ၊ မကောင်းသေး စသည်ဖြင့် မေးမြန်းနေရပါသည်။

တစ်ခါတစ်ရံ မြင်းခြံဘက်မှလှည့်၍ မသွားဘဲ ပြည်လမ်းခရီးမှဆန်၍ သွားရန်ကိုလည်း ဆွေးနွေးတိုင်ပင်ကြည့်ကြပါသည်။ သို့သော် မဆုံးဖြတ် ဖြစ်။ မနေ့က နံနက် (သီတင်းကျွတ်လဆန်း ၁ ရက်) ကိုးနာရီအချိန်မှ မန္တလေး မီးရထားများသွားနိုင်ပြီဖြစ်ကြောင်းကို သိရတော့သည်။ သို့သော် မီးရထားလမ်း ပျက်နေသည့်နေရာတွင် ကိုက်ငါးရာခန့် လမ်းလျှောက်ရမည် ဟူ၍ သိပါသည်။

ဆရာ မစ္စတာကာဆင်ကလည်း သူပါ အတူလိုက်မည်ဟု ပြောပါ သည်။ သို့သော် ကြေးနန်းတစ်စောင် ရောက်လာသောကြောင့် မလိုက်ဖြစ်။ မကြာမီပင် ပြည်လမ်းမှလိုက်လာမည်ဟု ဝန်ခံခြင်းပြုပါသည်။ ဆရာ မစ္စတာ ကာဆင်နှင့် ကျွန်တော်တို့မှာ ထိုနေ့နံနက် ဆရာ ဦးဖေမောင်တင်တို့ အိမ်တွင် နံနက်စာ စားသောက်ကြပါသည်။

ထိုညနေ ငါးနာရီခွဲထွက်သော မန္တလေးရထားနှင့် ကျွန်တော်တို့ လူတစ်သိုက် ထွက်လာကြပါသည်။ ကိုယူးကင်၊ ကိုလှသွင်၊ ကိုလှအောင်ကြီး တို့ မီးရထားရုံတွင် ဆင်း၍ ပို့ကြသောကြောင့် တပျော်တပါးကြီး ဖြစ်လေ တော့သည်။ ထိုမီးရထားတွင် ပါလာသူ တစ်သိုက်မှာလည်း တော်တော်ပင် များ၏။

ကိုခင်မောင်ဖြူ၊ ကိုစောသန်းတို့ လူစုက ဒုတိယတန်းတစ်တွဲ၊ ပခုက္ကူ

mgyoe.com

mgyoe.com SAMPLE BOOK
ကိုတင်ဖေ၊ ကိုဘသန်းတို့ လူစုက ဒုတိယတန်းတစ်တွဲ၊ သူတို့မှာလည်း မီးရထားလမ်း ပျက်နေသောကြောင့် ယခုမှ အိမ်ပြန်ကြရလေတော့သည်။ ကျွန်တော်တို့ ပုဂံသွားလူစုကား ဆရာဦးဖေမောင်တင်၊ ကိုညွန့်၊ မောင်ဘမောင်၊ မောင်ကျော်ဝင်းတို့ ဖြစ်ပါသည်။ ကျွန်တော်တို့ကလည်း ဒုတိယတွဲတစ်တွဲစီးလျက် လိုက်ပါလာကြလေသည်။

မီးရထား ရန်ကုန်မှ ထွက်သောအခါ ဆူဆူညံညံနှင့် အတော်ပင်ပျော်ကြပါသည်။ သို့သော် ဆရာတင် တွဲထဲ၌ ရှိနေသောကြောင့် စိတ်ရှိလက်ရှိ သီချင်းတွေ ဘာတွေ ဆိုကာ မပျော်ဝံ့ကြ၊ ဆရာတင်မှာ ကျောင်းခန်းထဲတွင် စာသင်နေသကဲ့သို့ ဣန္ဒြေသမ္ပတ္တိနှင့် နေသည်မဟုတ်။ အခြားခရီးသည်တို့ သကဲ့သို့ ရယ်စရာကလေးများကိုပင် ပြောရှာ၏။ သူလည်း တစ်ယောက်တည်း ပျင်းထင်ပါရဲ့။

ဤသို့ ပျော်ရွှင်စွာ စကားပြော၊ ပြက်လုံးတွေ ထိုးနေခိုက်တွင် ခါတိုင်းနှစ်များကဲ့သို့ ကျောင်းပိတ်ရက်တွင် နေရပ်သို့ မိတ်ဆွေများနှင့် ပြန်သလိုလို တွေးမိပါသည်။ ဝမ်းသာခြင်းကြီးမက ဝမ်းသာ၏။ ပုဂံသို့ ဆရာကခေါ်၍ မလိုက်ချင် လိုက်ချင်နှင့် လိုက်လာရသည်ကို တွေးလိုက်သောအခါ အနည်းငယ် စိတ်ပျက်မိပါသည်။ မီးရထားလမ်းပျက်နေရာတွင် ကိုက်ငါးရာခန့် ပစ္စည်းများနှင့် လမ်းလျှောက်ကာ ဖြတ်ကူးရမည်ကို တွေးတောမိသောအခါ သာ၍ပင် စိတ်ပျက်တော့သည်။ ထိုနေရာတွင် ကူလီများမှ ရပါ့မလား၊ ကူလီများမရှိမှဖြင့် ကိုယ့်ပစ္စည်း ကိုယ်ထမ်း၊ မနိုင့်တနိုင်နှင့် ဆင်ခေါင်းခွေးမချီနိုင် ဖြစ်နေတော့မည် စသည်ဖြင့် အမျိုးမျိုး တွေးတောမိ၏။

ဤသို့တွေးရင်း ဘယ်အချိန် အိပ်ပျော်သွားသည် မသိ၊ နံနက်လေးနာရီခွဲအချိန် မီးရထားကုန်းကြီး ဘူတာ၌ ဆိုက်လေသည်။ မီးရထားပျက်ရာကား ဤဘူတာမှ စပါသည်။ အိပ်ငိုက်ငိုက်နဲ့ပဲ အိပ်ရာတွေ၊ ပစ္စည်းတွေ သိမ်းဆည်း။ မျက်နှာသစ်၊ ခေါင်းဖြီး၊ ပြီးလျှင် မီးရထားမှ ဆင်းကြရပါရော။

ကူလီတစ်သိုက်လည်း မီးရထားရှိရာသို့ ပြေး၍လာကြ။ သည်တော့မှ စိတ်နည်းနည်း အေးသွားလေတော့သည်။ ကိုယ့်ပစ္စည်းကိုယ်ထမ်းရမှဖြင့် ခက်လေတော့မည်။ ကောလိပ်ကျောင်းမှာ မင်းသားလိုနေတဲ့ လူတွေ၊ ကျွဲနွား

mgyoe.com

mgyoe.com SAMPLE BOOK
လို ထမ်းရဖြင့် ခက်လေရဲ့။ တကယ်လို့ 'ဘီအေ' အောင်ပြီးနောက် အလုပ်မရဘဲ ကူလီများ ဖြစ်နေမှုဖြင့် ဘယ်လိုနေပါမလဲနော်။ 'တွေးကြည့်စမ်း'၊ မြန်မာပြည် သည်လောက် မဆိုးသေးပါဘူးဗျာ။ အယုတ်သဖြင့် လေးငါးဆယ် စာရေးအလုပ်ကလေးတော့ ရဦးမှာပဲ။ သည်လို ကြားစကားတွေ ဖောက်နေရင် သည်စာ ဆုံးမှာ မဟုတ်ဘူး။

"ကူလီတွေတော့ ရှိပါရဲ့။ ငနဲတွေက ကူလီခ သိပ်တောင်းတာပဲဗျာ။ တော်တော့် ငနဲတွေ သည်တစ်ချက်တည်းနှင့် သူဌေးဖြစ် ကြကြတယ်ထင်ပါရဲ့။ အထုပ်တစ်ထုပ်ကို ကြီးကြီးငယ်ငယ် ငါးမူးပေးရမတဲ့။ အရွဲ့တိုက်တဲ့ လူတွေပဲ။ သို့ပေမဲ့ မတတ်နိုင်၊ ပေးရလေတော့သည်။ သူတို့ကတော့ မီးရထားလမ်း မကြာမကြာ ပျက်ပါစေလို့ ဆုတောင်းမလား မပြောတတ်ဘူး။ တောင်းချင်တောင်းမှာ။ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မှု ဆိုတဲ့ လင်္ကာကို သတိရမိတော့သည်။ သူတို့ကောင်းဖို့ ကျွန်တော်တို့ ခရီးသည်တွေက ဒုက္ခရောက်ကြရတယ် မဟုတ်လားဗျာ"

ကူလီတွေက ပစ္စည်းတွေကိုထမ်း၊ ကျွန်တော်တို့က ဘေးမှလိုက်နှင့် သွားလိုက်ကြတာ တော်တော်ကြာတော့ လမ်းပျက်ရာဘက်သို့ ရောက်ပါရော။ မန္တလေးဘက်မှလာသော မီးရထား မရောက်သေး။ ပစ္စည်းများကို မီးရထားလမ်းဘေးတွင် ချထားကာ မန္တလေး ရထားအလာကို စောင့်စားနေကြ၏။ နေပူကျဲကျဲတွင် တစ်နာရီခန့် စောင့်စားကြရလေသည်။ မိုးမရွာပေလို့ တော်သေး။ မိုးများရွာလိုက်မှုဖြင့် ခိုစရာမရှိ။ ပြေးလို့လည်း မလွတ်၊ ထီးကလည်း မပါလာကြ။ တော်တော့်ကို ဒုက္ခရောက်ကြမှာပဲ။ မိုးမင်း ကိုယ်တော်မြတ်က အုံ့တုံ့တုံ့လုပ်သေး။ တောင်းပန်လိုက်ရတာ မပြောနဲ့တော့။ မိုးမင်းဆိုတာကပေမင့် အချက်ထဲကျရင် တော်တော်ခွလုပ်တတ်တယ်။ သည်တစ်ခါ ခွမလုပ်ပေလို့ ဝမ်းသာကြရတော့သည်။

အနီးအနားရွာမှ လူပျိုတွေလာပြီး ဟိုကြည့် သည်ကြည့်၊ ရယ်လား မောလား၊ စကားတပြောပြောနဲ့ တော်တော်အာတဲ့ အကောင်တွေ။ ခရီးသွား မိန်းကလေးလှလှများ ပါမလားလို့ အပိုးတော် ထွက်ကြတာပေါ့ဗျာ။ မြို့သားတွေကလည်း အတူတူပေါ့။ ကောလိပ်ကျောင်းသားတွေက သာကဲသေး။ ကျွန်တော်တို့အတွက် ကံအားလျော်စွာ မီးရထားလမ်း ပျက်နေလို့ ထင်ပါရဲ့။
mgyoe.com

mgyoe.com SAMPLE BOOK
မိန်းကလေးဆိုလို့ တစ်ယောက်မှ မပါဘူး။ ကိုယ်တော်မြတ်တွေ ခဏာနေပြီး ပြေးကုန်ကြရော။ စိတ်တော်တော် ပျက်သွားကြထင်ပါရဲ့။ မှတ်ကြရောဟဲ့။

မန္တလေးရထား ဝင်လာပြီ။ စောင့်နေသူများလည်း ဝမ်းသာလှ၍ ဆူသွား၏။ မီးရထားဆိုက်သည်နှင့်တစ်ပြိုင်နက် နေရာကောင်းရရန် ပြေး၍ တက်ကြ၏။ လက်ပံပင် ဆက်ရက်ကျသလို ဆူညံနေပါရော။ ဆရာတင်၊ မောင်ဘမောင်နှင့် ကျွန်တော်တို့ အနီးဆုံး ဒုတိယတွဲထဲသို့ ဖွင့်၍ တက်လိုက်ကြ။ အတွင်းမှာ လူခြောက်ယောက် ရှိနေနှင့်ပြီ။ ဘယ်အချိန်က ရောက်နေသည် မသိရ။ ရောမတန်ခိုးရှင်တွေ၊ စင်စစ်တော့ ရှေ့က ဘူတာကတည်းက စောင့်၍ လိုက်လာကြတာကိုး။ ကျွန်တော်တို့ ထိုင်မိသည်နှင့်တစ်ပြိုင်နက် လူတစ်ယောက် ပေါက်လာသေးရဲ့။ မောင်ကျော်ဝင်းနှင့် ကိုညွန့်တို့ကား ခင်မောင်ဖြူတို့နှင့် တစ်တွဲရလေတော့သည်။

ကျွန်တော်တို့တွဲထဲ လူတွေ သိပ်ကျပ်နေသော်လည်း စိတ်ညစ်စရာ မကောင်း၊ ပျော်စရာကြီး ဖြစ်ပါသည်။ အားလုံးလိုလို ပျော်တတ်သူတွေ၊ ဆရာတင်တစ်ယောက်သာ စကားနည်း၏။ တချို့ကား ကုန်သည်၊ နှစ်ယောက်ကတော့ မင်းတိုင်ပင်အမတ်နဲ့တူရဲ့။ တောင်ကြီးနေ ခရစ်ယာန်တရားဟောဆရာတစ်ယောက်လည်း ပါ၏။ ရှမ်းလိုလို မြန်မာလိုလို၊ အင်္ဂလိပ်စာလည်း တော်တော်တတ်၏။ မြန်မာပြည် သုတေသနအသင်း မဂ္ဂဇင်းမှာပင် တော်တော်ရေးသားဖူးသတဲ့။ ကျိုင်းတုံနယ်ရှိ လူများအကြောင်း အသိုင်းအဝိုင်းတွေနဲ့ ပြောသည်မှာ နားထောင်လို့ပဲ ကောင်းသေးတော့တယ်။ မီးရထား ဆယ်နာရီတွင် ထွက်တော့၏။

ကုန်သည်တွေကလည်း ကုန်အရောင်းအဝယ်အကြောင်း ဆွေးနွေးလာကြ၊ မင်းတိုင်ပင်အမတ်နှစ်ယောက်ကား သူတို့ မင်းတိုင်ပင်အစည်းအဝေးတွင် ပြောခဲ့ပုံ၊ ပညာရေး အမတ်ချုပ်ကြီးနှင့် နှုတ်ဆက်ပြောဆိုပုံ၊ သူတို့ အဖွဲ့က အားကောင်းပုံ၊ ဟိုနှယ်သည်နှယ် ပြောလိုက်ကြတာ မဆုံးနိုင်။ အင်္ဂလိပ် စကားကလည်း ကောင်းကောင်း မတတ်၊ အင်္ဂလိပ်စကားတွေကို ညှပ်ကာ ညှပ်ကာ ပြောလိုက်ကြသည်မှာ မှားမှားယွင်းယွင်းနဲ့ ကြားရသူများ ဝမ်းထဲ တွင် ကျိတ်၍ပြုံးကြမည်ကား မုချ။ သို့သော် ဣန္ဒြေနှင့်နေကြလေသည်။ သို့ဣန္ဒြေနှင့် နေကြလေ၊ ကြားလုံးထုတ်ကြလေ။ ခရစ်ယာန်တရားဟော
mgyoe.com

mgyoe.com SAMPLE BOOK
ဆရာကလည်း မိမိ၏ ကျိုင်းတုံအကြောင်းများကလည်း ပြော၍ မဆုံး။ ဆရာတင်ကား ဆေးပြင်းလိပ်ကြီးခဲလျက် မျက်စိပိတ် မှိန်းလိုက်လာ၏။ သူတို့ ပြောတာကိုလည်း နားထောင်နေသလား၊ အိပ်ပဲ ပျော်နေသလား။ မောင်ဘမောင်နှင့် ကျွန်တော်တို့ နားထောင်လေ၊ သူတို့က ပြောလေ။

သို့နှင့်သာ လိုက်လာသည်မှာ သာစည်ဘူတာသို့ ညနေငါးနာရီမှ ရောက်လေသည်။ မနက် ထမင်းတစ်နပ် ငတ်၏။ ဆာလိုက်တာ မပြောပါနဲ့တော့။ ခါတိုင်းကား သာစည်သို့ နံနက်ဆယ်နာရီအချိန် ရောက်၏။ မြင်းခြံသွား ရထားကို ဆက်၍ စီးခိုင်းလေသည်။ ယခုကား မြင်းခြံရထားကို မမီ၊ မနက်ဖြန် နံနက် သုံးနာရီ ရထားနှင့် လိုက်ရတော့မည်။

သာစည်သို့ရောက်လျှင် ဒုတိယတန်း မီးရထားစောင့် အခန်းထဲတွင် ပစ္စည်းများကို ထားခဲ့ပြီး ကောလိပ်ကျောင်းသား ဆယ့်တစ်ယောက် တပျော်တပါး မြို့တွင်းသို့ ထမင်းဝယ်စားရန် ထွက်ကြသောဟူ၏။ ဆရာတင်ကား ဘူတာရုံ ထမင်းစားခန်းထဲတွင် ရှမ်းပြည်နယ် ပညာရေးဝန် မစ္စကင့်(ချ်)နှင့် စကားပြောလျက် ကျန်ရစ်၏။

ကျွန်တော်တို့ တစ်သိုက်လည်း ဆူညံစွာ စကားတပြောပြောနှင့် အရာရှိများနေထိုင်ရာ အပိုင်းသို့ ခြေဦးလှည့်ကြ၏။ အနေအထား သပ်သပ်ရပ်ရပ်။ အချို့ မီးရထားဘက် အရာရှိများ ဘောလုံးရိုက်ကစားလျက်နေကြ၏။ ထိုမနီးမဝေးတွင် လက်ဖက်ရည်ဆိုင် သုံးလေးဆိုင်နှင့် ခေါက်ဆွဲဆိုင် သုံးလေးဆိုင်တို့ကို တွေ့လေသည်။ ထိုမြို့၌ မြင်းရထားများကို မမြင်။ ရှိပဲ မရှိလို့လား၊ ကျွန်တော်ပဲ မမြင်လို့လားတော့ မသိ။

သာစည်ကား ခြောက်သွေ့လှ၏။ ဖုန်တထောင်းထောင်းနှင့်၊ မြို့မှာလည်း များစွာမကြီးလှ။ အောက်မြန်မာပြည် ရွာခပ်ကြီးကြီးလောက်မျှသာ။ မြို့အတွင်း လှည့်ပတ်ကြသည်မှာ နာရီဝက်ခန့်ကြာ၏။ သို့သော် ထူးထူးဆန်းဆန်း မှတ်လောက်သားလောက် ဘာတစ်ခုမျှမတွေ့။ ခြေဦးပြန်လှည့်ကြပြီး ပန်းသေးထမင်းဆိုင်တစ်ဆိုင်သို့ ဝင်၍ ထမင်းစားကြ။

ကျွန်တော်တို့လူသိုက်တွင် ပန်ချာပီကုလားနှစ်ယောက် ပါ၏။ ၎င်းတို့ကား ပန်းသေးဆိုင်၌ ထမင်းမစား၊ လက်ဖက်ရည်သာ သောက်ကြလေသည်။ ရှစ်ယောက်သာ ထမင်းစားကြ၏။ နံနက်စာ မစားရသေးသူများ

mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်သောကြောင့် မည်မျှ ထမင်းမြိန်ကြမည်ကို ကိုဘိုးထိန် စဉ်းစားကြည့်က သိနိုင်၏။ ပဲဟင်းချိုကို အလကားပေး၏။ ကျန်အစားအစာတို့အတွက်သာ ကျသလောက် ပေးရလေသည်။ လူရှစ်ယောက် ဆာဆာနှင့် အဝစားသောက်ကြသည်မှာ ငွေတစ်ကျပ်ဆယ့်လေးပဲသာ ပေးရလေသည်။ ကျွန်တော်တို့ ရန်ကုန်တွင် တစ်ယောက် တစ်ထိုင်တည်း တစ်ကျပ်၊ တစ်ကျပ်ခွဲကုန်ကျသူတို့ကား အံ့သြ၍မဆုံးနိုင်၊ မည်မျှပေါပါသနည်း။

ထိုဆိုင်မှထွက်လာကြပြီးနောက် ကာကာလက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်သောက်ကြပြန်၏။ အထူးကောင်းလေသည်။ သာစည်၌ နို့အလွန်ပေါသောကြောင့် ဖြစ်၏။ ထိုလက်ဖက်ရည်ဆိုင်တွင် ဆယ့်ငါးမိနစ်ခန့် ပေါက်ကရ ရှစ်သောင်းတွေ ပြောပြီးနောက် ထွက်လာခဲ့ကြ၏။ ဒုတိယတန်း မီးရထားဆောင်ခန်းသို့ရောက်လျှင် မှောင်ပြီ။ မကြာမီ မန္တလေးစာပို့ ဝင်၍လာ၏။ ကျွန်တော်တို့ လူတစ်သိုက်လည်း မီးရထားခေါင်းတွဲမှ နောက်ဆုံးတွဲတိုင်၊ နောက်ဆုံးတွဲမှ ခေါင်းတွဲတိုင်၊ ခေါက်တုံ့ခေါက်ပြန် လျှောက်ကြသောဟူ၏။ အသိလည်း မပါ၊ အပျိုချောချောလည်း မပါ။ ကိုယ်တော်မြတ်တစ်သိုက် မောဟိုက်၍နေကြပြီ။

အတန်ကြာလျှင် မီးရထားလည်း ထွက်သွားတော့၏။ ကျွန်တော်တို့တစ်သိုက်လည်း ဘူတာရုံအနီး တမာပင်ပျိုကလေးတစ်ပင်အောက်တွင် ဝိုင်းဖွဲ့ကာ ပေါက်ကရသီချင်းတွေကို ဆိုလျက်နေကြ၏။ ပျော်လိုက်ကြတဲ့ဖြစ်ခြင်း။ ကသူတွေကက၊ လက်ခုပ်တီးသူတွေက တီး၊ ပြက်လုံးထိုးသူက ထိုး။ အမျိုးမျိုးပင်။ ဤသို့ တစ်နာရီနီးပါး သီဆိုကခုန်နေကြသော ဟူသတတ်။ သွားရမည့်ခရီးကိုပင် မေ့တော့တော့။ ကိုညွှန့်ကား သီချင်းဆိုကောင်း၊ မောင်ကျော်ဝင်းကား ပြက်လုံး အထိုးကောင်း၊ အခြားသူတို့ကား ဝိုင်းအုံကာညာသူများ ဖြစ်လေသည်။

ဆယ့်တစ်နာရီအချိန်သို့ရောက်လျှင် ကိုခင်မောင်ဖြူတို့ လူစုခွဲ၍ထွက်သွားကြ၏။ လူစုကွဲသွားသောကြောင့် အားလုံး ဝမ်းနည်းကြလေသည်။ ဆရာတင်နှင့်တကွ အားလုံးသောသူတို့ကား မီးရထားစောင့်ခန်း အပြင်ဘက်တွင် ပက်လက်ကုလားထိုင်များပေါ်၌ အိပ်ပျော်ကြလေပြီ။ အိုက်သောကြောင့် တစ်ခန်းထဲတွင် မအိပ်ကြ။ ကျွန်တော်တစ်ယောက်သာ အခန်းထဲ၌ ဤ
mgyoe.com

mgyoe.com SAMPLE BOOK

စာကိုရေးလျက် ကျန်ရစ်တော့သည်။ စာရေးပြီးလျှင် ခေတ္တအိပ်မလား အောက်မေ့၏။ သို့သော် နံနက်သုံးနာရီ ရထားနှင့် မြင်းခြံသို့လိုက်ရန် စီမံရဦးမည်။ တစ်နာရီခန့်တော့ မှေးလိုက်ဦးမည်။ ဤစာကို သာစည်ဘူတာမှပင် ထည့်လိုက်ပါသည်။ မနက်ဖြန်ည တစ်စောင်ရေးပါဦးမည်။ မျှော်ပါ။

သူရိယရုပ်စုံမဂ္ဂဇင်း၊ ဇွန်၊ ၁၉၃၃။

*

## စာနံပါတ် (၂)

စာပို့သင်္ဘောပေါ်၊ ပခုက္ကူ။

၁၂၈၈ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်။

ကိုဘိုးထိန် ...

မနေ့က စာတွင် သာစည်ရောက်ကြောင်းကို စုံလင်စွာ ရေးသားပြီးပြီ။ ဤစာတွင်ကား သာစည်မှ ပခုက္ကူအထိ ခရီးစဉ်ကို ရေးသားရပေမည်။

သာစည်ဘူတာ ဒုတိယတန်း မီးရထားစောင့်ခန်းတွင် တစ်နာရီမျှ အိပ်ပြီးနောက် နံနက် နာရီပြန်တစ်ချက်အချိန်တွင် အိပ်ရာမှထ၍ မြင်းခြံ မီးရထားစီးရန် ပြင်ဆင်ကြ၏။ ပြင်ဆင်သိမ်းဆည်းကြပြီးလျှင် မောင်ဘမောင်နှင့် ကျွန်တော်တို့ မြင်းခြံရထားရှိရာသို့ သွားရောက်ကြည့်ရှုရာ မြင်းခြံရထားတွဲများမှာ ထိုးထားပြီးကြောင်းကို သိရ၏။ သို့သော် ဒုတိယတွဲနှစ်တွဲသာ ရှိလေသည်။ တစ်တွဲမှာ သော့ခတ်ထား၏။ ကျန်တစ်တွဲ၏အထဲ၌ မိန်းမ ခပ်ငယ်ငယ်တစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ ရောက်နှင့်ပြီးကို သိကြရလေသည်။ မေးကြည့်သောအခါ အခြားတစ်ယောက် နှစ်ယောက်လည်း လာလိမ့်ဦးမည်ဟု ပြောကြ၏။

ကျွန်တော်တို့က ခုနစ်ယောက်၊ ဒုတိယတွဲက တစ်တွဲတည်းနှင့် မည်သို့လုပ်ရမည်မသိ ဖြစ်လေသည်။ အဘယ်သို့ စီးကြရမည်ကို မစဉ်းစားတတ်တော့ပြီ။ နောက်ဆုံး၌ လူပိုများအား ပထမတန်းတွင် ဝင်၍စီးနိုင်ရန် ရုံပိုင်အား ခွင့်တောင်းရန် ဆုံးဖြတ်ကြလေ၏။ ရုံပိုင်ကိုလိုက်၍ ရှာကြလေသည်။ ရုံးဝတွင် ခပ်ခုံခုံ၊ လက်တွင် လက်နှိပ်ဓာတ်မီးကို ကိုင်ကာ မားမားရပ်နေသော ဘင်္ဂါလီလူမျိုး ကုလားတစ်ယောက်ကို မြင်ပါရော။ ကျွန်တော်က

mgyoe.com

mgyoe.com SAMPLE BOOK
အကျိုးအကြောင်းကို အင်္ဂလိပ်လို ပြောပါရော။

ထိုသူလည်း စကားတစ်ခွန်းမှမပြောဘဲ ကောက်ကောက်ပါအောင် နောက်မှလိုက်ပါ၍လာ၏။ မီးရထားဆိုက်ထားရာသို့ရောက်လျှင် တတိယတွဲတစ်တွဲထဲသို့ ဝင်၍သွား၏။ ကျွန်တော်တို့လည်း သူနှင့် ထက်ကြပ်မကွာ၊ ရောက်လျှင် တွဲထဲ၌ ထိုင်နေသော ဘင်္ဂါလီလူမျိုး ကုလားတစ်ယောက်အား ဘင်္ဂါလီစကားဖြင့် ပြော၏။ ဘာပြောသည် မသိ၊ ကျွန်တော်လည်း ငေးလျက်၊ တွေးလျက်။

ထိုကုလားကား မိမိအိတ်မှ တတိယတန်း လက်မှတ်နှစ်စောင်ကို ထုတ်ပြီးလျှင် ကျွန်တော်တို့ဘက်သို့ လှမ်း၍ပေး၏။ သည်တော့မှ ကျွန်တော်တို့အား ထိုကုလားက လက်မှတ်စစ်သူဟု ထင်ကြောင်း သိလေတော့သည်။ ထင်လည်း ထင်ပေမည်။ ကျွန်တော် ဝတ်ထားလိုက်တာကလည်း ဘလေဇာညစ်ညစ်၊ တရုတ်ဘောင်းဘီ တစ်ပတ်ရစ်နှင့် ဘာနှင့်ကိုး။ အခြားအခါမှာမူ တော်တော်ရယ်ရမည်။ ယခုအခါမှာမူကား ဒုက္ခများနေခိုက်ဖြစ်၍ ရယ်အားထက် ဒေါသအားက သန်လျက်နေသောကြောင့် စိတ်ဆိုးဆိုးနှင့်ပင် ထိုတွဲမှ ထွက်လာခဲ့ရ၏။

မီးရထားဆိုက်ထားရာသို့ လှမ်း၍ကြည့်ပြန်၏။ ယခင် ဒုတိယတွဲထဲတွင် ထိုင်နေသော ယောကျ်ားနှင့် မိန်းမတို့ကား မရှိတော့ကြပြီ။ ပျောက်ခြင်းမလှ ပျောက်၍ သွားကြကုန်၏။ ပစ္စည်းဆို၍ ဘာတစ်ခုမျှ မကျန်ရစ်။ နတ်သမီး၊ နတ်သားတွေများလားဟု အောက်မေ့ကာ အံ့သြ၍မဆုံး။ ကောင်းကင်ခရီးဖြင့် ခရီးပြင်းသုတ်ကြလေပြီလော။

၎င်းတို့ဆင်းသွားကြသောအခါ တွဲနှစ်တွဲတွင် လူခုနစ်ယောက် အိပ်လောက်ပေပြီ။ မောင်ဘမောင်အား ဆရာတင့်ကို ခေါ်ရန်လွှတ်၏။ ဆရာတင် ရောက်လာလေ၏။ ပစ္စည်းများကို ယူဆောင်၍လာကြရပြန်၏။ ၎င်းကလည်း တစ်ဒုက္ခ၊ ကူလီမတွေနှင့် စစ်ခင်းရသောကြောင့်တည်း။ တော်တော်ညစ်တဲ့ ကူလီမတွေ၊ ခပ်ဝေဝေ၊ ခပ်တေတေ စိတ်ပျက်စရာတယ်ကောင်း၊ ကူလီခတောင်းချင်တိုင်းတောင်း၊ ပေးလို့ပဲ မလောက်နိုင်၊ တစ်ယောက်သွားပြီး နောက်တစ်ယောက်က ပေါက်လာ။ သူကပဲ သယ်သလိုလို၊ ငါကပဲ သယ်သလိုလို ရှုပ်လိုက်ကြတဲ့ဖြစ်ခြင်း၊ ရှင်းလို့ပဲ မရနိုင်၊
mgyoe.com

mgyoe.com SAMPLE BOOK
ကြာတော့ လက်မှိုင်ချရပါရော။ သင်းတို့တစ်တွေ ရှုပ်လို့သာပွေ။

အတန်ကြာလျှင် မီးရထားတွဲထဲ အိပ်ရာများခင်း၍ အိပ်လေတော့သည်။ မီးရထား ဘယ်အချိန်ထွက်လာသည်ကို မသိလိုက်။ ၈ နာရီထိုးမှ အိပ်ရာမှ နိုးတော့သည်။ နိုးလည်းနိုး၊ မြင်းခြံသို့လည်း မီးရထားဆိုက်၊ အခိုက်သင့်ပင်။

မိတ်ဆွေ ကိုဘဆွေနှင့် ကိုဘိုတို့ မီးရထား ဘူတာရုံသို့ ဆင်း၍ လာကြလေသည်။ သူတို့အား မမှာထားပါဘဲလျက် ဆင်းလာကြသည်မှာ ကျေးဇူးပေပဲဗျာ။ သို့မဟုတ်လျှင် ဘူတာရုံမှာ ယောင်လည်လည်နေမှာ။ ကိုဘိုနှင့် ကိုဘဆွေတို့ကလည်း ပုဂံသွားဖို့ရာအကြောင်း မည်သို့မျှ မစီမံတတ်။ ဆရာတင်လည်း စိတ်ဆိုးနေပုံ၊ သို့သော် မည်သို့မျှမပြော။ ပခုက္ကူသို့ ပြန်မည်ဖြစ်သော ကိုတင်ဖေတို့ကလည်း ဝိုင်းဝန်းကာ ပစ္စည်းများကို နေရာချပေးကြရာ၏။

ဘူတာရုံမှာပင် အမျိုးမျိုး ဆွေးနွေးလျက်နေကြ၏။ မြင်းခြံတွင် တစ်နေ့နေပြီး မနက်ဖြန်မှ ပုဂံသို့လိုက်ရန် စီမံ၏။ သို့သော် မနက်ဖြန် တနင်္ဂနွေနေ့ဖြစ်သောကြောင့် ပုဂံသို့သွားသော ကူးတို့သင်္ဘောက မရှိ၊ ယနေ့ဆက်၍ လိုက်မည်ဆိုပြန်ကလည်း သင်္ဘောထဲတွင် နံနက်စာစားရန် ဆိုင်က မရှိ။ သင်္ဘောထဲတွင် ချက်ပြုတ်စားရန် ဆရာတင်၏ အစေခံများကို ဈေးဝယ်ရန် လွှတ်လိုက်၏။ ၎င်းတို့ ထွက်သွားကြပြီးနောက် ပစ္စည်းများကိုကား လှည်းအသီးသီးနှင့် သင်္ဘောဆိပ်သို့ လွှတ်လိုက်လေသည်။

ကျွန်တော်တို့လူစုကား ဆရာတင်နှင့်တကွ ကိုခင်ကြည်ကိုပါ ခေါ်သွားရန် ကိုခင်ကြည်တို့အိမ်သို့ ခြေကျင်လှမ်းကြ၏။ ကိုဘိုနှင့် ကိုဘဆွေတို့လည်း လိုက်ပါလာကြလေသည်။ လမ်းထဲတွင် စကားတပြောပြောနှင့် သွားကြရာ ထိုနေ့ စာပို့နှင့်မှ သွားတော့မည်ဟု ဆရာတင်က ဆုံးဖြတ်ပြန်၏။ နေ့ခင်း နာရီပြန် ၂ ချက်ခန့်တွင် စာပို့ဆိုက်လိမ့်မည်။ စာပို့နှင့် သွားပြန်ကလည်း ပစ္စည်းများအတွက် တစ်ဒုက္ခ၊ စာပို့ကား ညောင်ဦးတွင် ဆိုက်လေသည်။ ပုဂံ၌မဆိုက်။ ပစ္စည်းတွေကလည်းများ၊ ညောင်ဦးနှင့် ပုဂံကလည်း မနီး၊ အခက်ကြီး တွေ့နေပြန်ပြီ။ ဆရာတင်က အကြံတစ်ခု ပေးပြန်၏။ ပစ္စည်းများကို သူ့အစေခံများနှင့် ယနေ့ ကူးတို့သင်္ဘောနှင့် လွှတ်လိုက်၊
mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော်တို့တစ်သိုက်ကား နှစ်နာရီမှ စာပို့နှင့်သွား၊ နေရာအကျသား ဖြစ်လေသည်။ သို့သော် အစေခံတို့မှာ ဈေးထဲရောက်နေပြီ၊ ၎င်းတို့ကို ရှာရဦးအံ့။

အားလုံး ဈေးအတွင်းသို့ ဝင်ကြလေတော့သည်။ ကျွန်တော်ကား ဘလေဇာညစ်ညစ်၊ ရှပ်အင်္ကျီဟောင်းဟောင်း၊ တရုတ်ဘောင်းဘီ စုတ်စုတ်နှင့် ရှေ့ဆုံးမှဝင်၏။ ကျွန်တော်၏နောက်တွင်ကား ဆရာတင် လိုက်ပါလာသည်။ ကာကီရှပ်၊ ကာကီရောင် ကုတ်အင်္ကျီ၊ အင်္ဂလိပ် ဘောင်းဘီအရှည်နှင့် ဦးထုပ်ဆောင်းကာ အင်္ဂလိပ်လိုဝတ်ထားသော်လည်း ဆရာတင်မှာ တရုတ်နှင့်သာတူ၏။ နောက်တွင် လိုက်လာသူတို့ကား တသီတတန်း၊ ပျော်စရာလည်းကောင်း၊ ကြောင်တောင်တောင်လည်း နေ၊ မြင်းခြံသား ကိုဘိုနှင့် ကိုဘဆွေတို့ကား ခပ်လှမ်းလှမ်းမှ လိုက်ကြလေသည်။

ဈေးဝင်းအတွင်း လူစည်တုန်း၊ ဘာကိုမှလည်းမဝယ်၊ ဟိုကြည့်သည်ကြည့်နှင့် စီတန်းကာ သွားနေကြသော လူရွယ်တစ်သိုက်နှင့် လူခပ်ကြီးကြီးတစ်ယောက်ကို မြင်ကြလျှင် မည်သူ မရယ်ချင်ဘဲ ရှိအံ့နည်း။ ကျိတ်၍ ရယ်ကြမည်ပင်။ မည်သူလက်တို့ပြီး တီးတိုးမပြောဘဲ နေကြအံ့နည်း။ ပြောကြမည်ပင်။ သို့ရာတွင် ကျွန်တော်တို့ကား မည်သူရယ်သည်ကိုမျှ သတိမထားနိုင်။ ကျွန်တော်တို့ တွေ့လိုသော အစေခံများကိုသာ ရှာလျက် နေကြ၏။ တချို့ ဒီလူတစ်သိုက် ဈေးထဲဝင်ပြီး အပျိုချောတွေ ကြည့်ကြသည်ဟု ပြောကြမလားမသိ။ ဘယ်ကျိန်စာပေးပေး၊ အပျိုချောချောတစ်ယောက်ကိုမျှ မကြည့်ခဲ့တာ အမှန်ပါ။ သူတကာတော့ မသိ။

ဤသို့ ဈေးဝင်းအတွင်း ဟိုလျှောက် သည်လျှောက်နှင့် လုပ်နေခိုက် ကိုတင်ဖေက အကယ်၍ စာပို့နှင့်လိုက်လျှင် ပခုက္ကူတွင် တစ်ည မအိပ်လို၊ နေ့ချင်းရောက်လိုသူဖြစ်၏။ ယခင်က စီမံထားသည်ကို ဖျက်ပြီးလျှင် ယနေ့ ကူးတို့သင်္ဘောနှင့်ပင် လိုက်တော့မည်ဟု ဆုံးဖြတ်ပြန်၏။ ဆုံးဖြတ်ပြီးလျှင် ဈေးဝင်းအတွင်းမှ ထွက်လာကြကုန်၏။ ကိုခင်ကြည်တို့အိမ်သို့ တိုက်ရိုက် တသီတတန်းကြီး မြန်းကြပြန်၏။

မကြာမီ ကိုခင်ကြည်တို့အိမ်သို့ ရောက်ကြ၏။ ကိုခင်ကြည်နှင့် တွေ့လေသည်။ သူ စာပို့နှင့် လိုက်လာမည် ပြော၏။ ဆရာတင်လည်း သူ့အား
mgyoe.com

mgyoe.com SAMPLE BOOK
မှာစရာ ရှိသည်တို့ကို မှာပြီးလျှင် ကျွန်တော် မြင်းခြံမှ ဆိုဒါ ဘိလပ်ရည်ပုလင်းများကိုဝယ်ကာ စာပို့နှင့် လိုက်လာရန်ပြော၏။ ထို့နောက် တစ်သိုက်ကြီး ကူးတို့သင်္ဘောဆိပ်သို့ ထွက်လာခဲ့ကြ၏။ ကိုဘဆွေ၊ ကိုဘိုတို့လည်း လိုက်ပို့ကြသည်။ ကျွန်တော်လည်း သူတို့နှင့် အတူတူပင်။

ကူးတို့သင်္ဘောရောက်အောင် သဲပြင်ကြီးကို ဖြတ်ကူးကြရ၏။ ဖိနပ်များ နွံ့တွေ၊ သဲတွေ ပေနေသဖြင့် ရှုပ်ပင် မကောင်း။ နေက ပူလိုက်သည်မှာလည်း မခံနိုင်စရာ။ ပေပေါင်း တစ်ထောင်ကျော်လောက် သဲပြင်ကြီးအတွင်း ပူပြင်းစွာသွားကြပြီးနောက် ကူးတို့သင်္ဘောသို့ မတက်ရသေး၊ လှေပေါ် တစ်ဆင့်တက်ရပြန်၏။ ထိုလှေနှင့် တော်တော်သွားမိမှ သင်္ဘောပေါ်သို့ ရောက်ရလိမ့်မည်။ အမယ်လေးဟဲ့၊ အပြောင်းအလဲများပါပေရဲ့။ ပြောင်းလို့ပဲ မကုန်နိုင်၊ စရိတ်ကုန်လိုက်သည်မှာလည်း ဆိုစရာမရှိ။ ကူလီခ၊ လှေခနှင့် အခပေါင်းများစွာ ပေးလို့ပဲ မကုန်နိုင်။

ဆရာနှင့် ကိုညွန့်၊ မောင်ဘမောင်၊ ကိုတင်ဖေတို့အား နှုတ်ဆက်ပြီး သကာလ ကိုဘဆွေ၊ ကိုဘိုတို့နှင့်အတူ လိုက်ပါ၍သွား၏။ လမ်းထဲတွင် ငှားမော်တော်ကားတစ်စီး တွေ့သည်နှင့် တက်စီးကာ ကိုဘဆွေတို့ အိမ်သို့ စိုင်းကြသတတ်။ တစ်နေ့လုံး မြင်းရထားတစ်စီးကိုမျှ မတွေ့ရ။ မြင်းရထားမောင်းသမားတွေက မြင်းခြံ မြူနီစီပယ်အဖွဲ့ကို သပိတ်မှောက်ထားသောနေ့ထူးနေ့ မြတ်ကြီးပေတည်း။ ထို့ကြောင့် မြင်းခြံတစ်မြို့ ခြေကျင်ချည်း စိုင်းခဲ့ကြရလေသည်။

ကိုဘဆွေတို့အိမ်ရောက်လျှင် ရေချိုး၏။ မြင်းခြံရေကား ပေါ့တော့တော့။ ငန်တန်တန်၊ စေးတေးတေး။ ပေါ့လျှင် မငန်ရ၊ ငန်လျှင် မပေါ့ရဟူ၍ ဆင်ခြင်ဖွယ်ရှိလေသည်။ ကျွန်တော်လည်း မဖြေတတ်၊ မြင်းခြံရောက်မှ သောက်ကြည့်ပေတော့ဟူ၍သာ ဖြေရန်ရှိပါသည်။ ရေချိုးပြီး အဝတ်လဲမည်လုပ်ရာ သားရေအိတ်မှာ ဆရာတင်တို့နှင့် ပါသွားကြောင်း သိရတော့သည်။ ဝတ်ထားလိုက်တဲ့ ရှပ်အင်္ကျီမှာလည်း လက်နှီးထက်မသာ။ ဘလေဇာမှာကား အရောင်မရှိ။ တရုတ်ဘောင်းဘီကား ညစ်ပတ်နေလိုက်သည်မှာ ဆိုစရာနတ္ထိ။ အတိဒုက္ခနှင့်ကြုံတော့သည်။ ကိုဘဆွေက ရှပ်အင်္ကျီတစ်ထည်ငှား၏။ အရပ်ချင်း မတူသောကြောင့် လက်ကဖားဖား၊ ကိုယ်ထည်

mgyoe.com SAMPLE BOOK
ကားကား၊ အချိုးအစားမကျ ဖြစ်နေလေတော့သည်။ အချိုးအစားမကျသော အင်္ကျီဖြူဖြူစင်စင်ကိုပင် ဝတ်မည်လော၊ ဖုန်အလိမ်းလိမ်းကပ်၍ ညစ်ပေလှစွာ ပုံကျကျနှင့် အင်္ကျီပင် ဝတ်မည်လောဟု တွေးတောကြံဆလျက် နေ၏။ ပြီးလျှင် အချိုးမကျသော ဖြူဖြူစင်စင်အင်္ကျီကိုပင် ဝတ်မည်ဟု ဆုံးဖြတ်ပြီးလျှင် ဝတ်၏။

ပြီးလျှင် ကောင်းစွာ ပြင်ထားအပ်သော ထမင်းပွဲတွင် ကျွန်တော်တို့ သုံးယောက် ထိုင်ကာ ဝမ်းကားအောင် စားကြ၏။ အချိန်ကလည်း နှောင်း၊ ထမင်းကလည်း ဆာနေပြီကိုး။ ချက်ထားလိုက်တာတွေကလည်း စုံလို့သာ နေပါရော။ ကိုဘဆွေတို့ အိမ်သားများအား များများကြီး ကျေးဇူးတင်ရလေတော့သည်။

ထမင်းစားပြီးလျှင် နာရီပြန် ၁ ချက် ထိုးနေပြီ။ စာပို့လည်း နာရီပြန် ၂ ချက်၌ ဆိုက်ကပ်တော့မည်။ ကိုဘဆွေတို့အိမ်မှ ထွက်လာကြသည်။ နေမင်းကလည်း ပူပြင်းလိုက်ပါဘိတော့။ လူသုံးယောက်မှ ထီးတစ်စင်း။ မလုံ့တလုံ။ ကိုဘိုက သူ့မိတ်ဆွေတစ်ယောက်အိမ်၌ ထီးတစ်လက် ငှားရန်ကြံ၏။ ၎င်းမိတ်ဆွေအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှာ သူ မှန်းထားသော မိန်းကလေး၏အိမ်ဖြစ်ကြောင်း ပြော၏။ ကျွန်တော်နှင့် ကိုဘဆွေတို့ကား အိမ်ရှေ့မှ စောင်းပါးရိပ်ခြည် ကြည့်ကြ၏။ ရိပ်ခနဲ မြင်လိုက်ရလေသည်။ အတော်သားဗျ၊ ကိုယ်တော်မြတ်က စာမေးပွဲပြီး၍ ကျောင်းပိတ်လျှင် တောင်းမည်ဆိုကိုး။

ကိုဘိုထွက်လာလျှင် ကိုခင်ကြည်တို့အိမ်သို့ သုံးယောက်သား ထွက်သွားကြကုန်။ ကိုခင်ကြည်တို့အိမ်သို့ရောက်လျှင် ကိုခင်ကြည် ထွက်သွားပြီဟု ပြောလိုက်၏။ သင်္ဘောဆိပ်သို့ ဆက်လက်၍သွားကြရာ သင်္ဘောဆိပ်တွင် ကိုခင်ကြည်နှင့် တွေ့၏။ ကိုခင်ကြည်သာ မဟုတ်၊ ဆရာ၏ တပည့်အောင်စိန်လည်း ၎င်းနှင့်အတူ ဘယ်နည်းနှင့်ရောက်နေပါလိမ့်၊ မေးကြည့်ကြသည်။ နံနက်ကလည်း ပျာယီးပျာယာ ထွက်လာကြသောကြောင့် မီးရထားတွဲ၌ ဆရာ၏ ဆေးပြင်းလိပ်ဘူးနှင့် သားရေသေတ္တာကလေးတစ်လုံး ကျန်နေသောကြောင့် ပြန်ယူရန် ချန်ထားခဲ့ခြင်း ဖြစ်လေသည်။ ရလားဟု မေး၊ ရသည်ဟု ပြန်ပြော၍ စိတ်အေးသွားတော့သည်။
mgyoe.com

mgyoe.com SAMPLE BOOK

စာပို့သင်္ဘောဆိုက်ရာ အနီးအနား သောင်ပြင်ပေါ်တွင် ထောင်သောင်းမကသော အာလူးအိတ်တွေကို မြင်ရ၏။ သင်္ဘောနှင့် တင်ယူကာ အောက်ပြည်အောက်ရွာ၌ ရောင်းချရန် ဖြစ်လေသည်။ အလုပ်လုပ်နေကြသော ကူလီတို့မှာ မြန်မာများသာတည်း။ အနီးအနားတွင် တဲလေးများအပြင် အခြားအရိပ်အာဝါသဟူ၍ မရှိ။

စာပို့လည်း ဝင်လာလေပြီ။ နေလည်း ပူလှ၏။ သြော် ... ဒုက္ခ၊ ဆရာ့ကို ကြောက်လို့သာ လိုက်လာရ၊ စိတ်က ပါလှလို့မဟုတ်။ အခက်အခဲအမျိုးမျိုးနှင့် တိုးခဲ့ရပြီ။ ဘယ်လိုအခက်မျိုးနှင့် တွေ့ဦးမည်မသိ၊ စာပို့လည်း နီး၍လာခဲ့၏။ ဆိပ်ကမ်းတွင် ကပ်တော့မည်အလုပ်၊ သင်္ဘောလက်ရန်းပေါ်တွင် နေလှန်း၍ ပါလာသော မိန်းမလုံချည်များကို အတိုင်းသား မြင်ကြရလေသည်။ ၎င်းလုံချည်များ လှန်းထားရာ အောက်မှ ခရီးသည်တို့ သင်္ဘောပေါ်လိုက်ကြရမည်။ ဘုန်းကြီးလည်း လေးငါးပါး၊ ယောကျ်ားတွေက မနည်းလှ၊ ပြည့်နှက်၍ နေလေတော့သည်။

မြင်ရသူအပေါင်းတို့ကလည်း မျက်နှာရှုံ့ကြ၏။ တော်တော်စုတ်ပဲ့တဲ့ မိန်းမတွေ။ မိမိတို့ လုံချည်တွေကို နေလှန်းစရာ ရှားလွန်းလို့လား၊ လွတ်လပ်ရာမှာ သွားလှန်းပါတော့။ ထိုလုံချည်များ လှန်းထားရာမှ မနီးမဝေးတွင် မိန်းမလေးငါးယောက် ထိုင်ကာ စကားပြောနေကြလေသည်။ စောင့်စား၍နေကြသော ခရီးသည်အပေါင်းတို့လည်း ၎င်းလုံချည်များကို ရုပ်သိမ်းရန် ဆူညံစွာ အော်၍ပြောကြကုန်၏။ ထိုမိန်းမတွေကား ဖြုံတောင် မဖြုံ၊ စကားပဲ ကောင်းနေကြလို့လား၊ ရှက်ကိုးရှက်ကန်းနဲ့ မထင်ဝံ့သောကြောင့်ပေလား၊ ယောကျ်ားလေးငါးယောက်လည်း ၎င်းတို့အနားတွင် ရှိကြ၏။ ထိုယောကျ်ားတို့က ထိုမိန်းမတစ်စုအား ညွှန်ပြ၏။ သည်တော့မှ သူတို့နှင့် ပါလာသော မိန်းကလေးတစ်ယောက်အား အသိမ်းခိုင်းတော့သည်။ ထိုလုံချည်တို့ကား မရှိတော့လေပြီ။ သို့သော် မျက်စိထဲတွင် မြင်ယောင်ယောင်၊ ၎င်းနေအောက်မှ ဖြတ်သွားရမည်ကို ဇက်ယားသလိုလိုနေ၏။ ဤအကျင့် မျိုးဖြုတ်ဖို့ကောင်းပြီထင့်။

သင်္ဘောလည်း ဆိုက်ပြီ။ ကျွန်တော်တို့လည်း ဒုတိယတန်းခန်းသို့ ရောက်ကြပြီ။ နေရာလွတ် နှစ်နေရာသာ ကျန်တော့၏။ ကံကောင်းသည့်ဟု

mgyoe.com

mgyoe.com SAMPLE BOOK
ထင်မိလေတော့သည်။ တတိယတန်းတွင် လိုက်ပါလာသူတို့ကလည်း ပြည့်လျှက်ပင်။ မီးရထားပျက်နေသောကြောင့် သဘော်နှင့်လိုက်သူ ပေါများလေသည်။

အသက်ငါးဆယ်ကျော် သားနားစွာ ဝတ်ထားသူ လူကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ကျော်ခန့် မိန်းကလေးတို့ အခန်းထဲမှ ထွက်လာကြသည်ကို မြင်လိုက်ရ၏။ သားအဖနှင့် တူလေသည်။ မိန်းကလေးကား ကာလဆန်၏။ အတော်အသင့် ချော၏။ သိပ်ချောသည်ဟူ၍ကား မဆိုနိုင်။ ကာလပေါ်ဝတ္ထုရေးဆရာတစ်ယောက် ရေးရမည်ဖြစ်မူကား ၎င်းမိန်းကလေးမှာ သိပ်ချော၍ သွားပေလိမ့်မည်။

ကိုဘိုနှင့် ကိုဘဆွေတို့လည်း ကျွန်တော်က နှုတ်ဆက်ကြပြီးလျှင် သဘော်ပေါ်မှ ဆင်းသွားကြကုန်၏။ မကြာမီ ဒုတိယတန်းထဲသို့ ကိုခင်ကြည် ဝင်လာ၏။ ဘောင်းဘီ၊ လည်ပင်းစည်း၊ ကုတ်အင်္ကျီတို့နှင့် မျက်မှန်ကို ဆင်လိုက်သေး။ ကိုခင်ကြည် ၎င်းတို့ သားအဖကို မြင်လျှင်မြင်ချင်း သွား၍နှုတ်ဆက်တော့၊ ပြီးလျှင် ကျွန်တော်ရှိရာသို့ ပြန်လာခဲ့၏။ အကြင်မိန်းကလေးကား သူနှင့် ဝမ်းကွဲမောင်နှမတော်သည်ဟု ပြောလေသည်။ အင်း ... အင်းဟု လိုက်လိုက်ရ၏။

ကျွန်တော်ကား ကိုဘဆွေထံမှ ငှားလာသော ရှပ်အင်္ကျီဖားဖား၊ ဘလေဇာစုတ်စုတ်၊ တရုတ်ဘောင်းဘီညစ်ညစ်နှင့် ဖြစ်သောကြောင့် ကိုထင်ပေါ် မလုပ်လို။ သူတို့မြင်မည်ကို ခပ်ရှက်ရှက်။ လူကွယ်တွင် ချောင် ခပ်ကုပ်ကုပ်နေလေတော့သည်။ အချက်ထဲကျမှ အင်္ကျီအစုတ်အညစ်တွေနှင့် ကြုံရလေခြင်းဟု တွေးတောဝမ်းနည်းမိ၏။ လဲစရာလည်း အင်္ကျီမပါ။ ကျွန်တော်၌ မရိုးသောစိတ်ရှိသောကြောင့် မစွပ်စွဲပါနှင့်။ ဤအခါမျိုး၌ မည်သူသည် အင်္ကျီစုတ်စုတ်၊ ဘောင်းဘီညစ်ညစ်နှင့် အမြင်ခံချင်ပါမည်နည်း။

စာပို့လည်း မြင်းခြံမှ သုံးနာရီထိုး ထွက်လေသည်။ တတိယတန်းခရီးသည်တို့သည်ကား ဆူညံလှပေ၏။ တီးဝိုင်းတစ်ဝိုင်းလည်း ပါလေသည်။ ဘယ်သို့သွားမည်မသိ၊ ဆူညံစွာ တီးလျက် လိုက်ပါလာကြ၏။ တစ်ခါတစ်ခါ သာယာသည်ဟု ထင်မိ၏။ ကျွန်တော်နှင့် ကိုခင်ကြည်တို့ကား စကားတပြောပြောနှင့်ပင် ဒုတိယတန်းအခန်းအသီးသီးတို့တွင် မည်သူ

mgyoe.com

mgyoe.com SAMPLE BOOK

မည်ဝါတွေ ပါလာသည်ကိုကား မစုံစမ်း၊ မသိရ။ ကိုခင်ကြည်၏ နှမဝမ်းကွဲများ ပါသည်ကိုသာ သာမန်မျှ သိရလေသည်။ သင်္ဘောပေါ်မှ မြင်ရသောရှုခင်းကား မထူးလှ။ ကျွန်တော်တို့ ရေလမ်းသွားလျှင် မြင်ရသော ရှုခင်းကဲ့သို့ပင်။ သို့နှင့် ပခုက္ကူသို့ နေမဝင့်တဝင်တွင် ရောက်လေတော့၏။ နေ့ခင်း၌ ပခုက္ကူသို့ ရောက်နှင့်နေကြသော ကိုတင်ဖေနှင့် ကိုဘသန်းတို့ သင်္ဘောဆိပ်တွင် လာရောက်ဆင်းကြို၏။ ၎င်းတို့နှင့်အတူ လိုက်သွားလေသည်။ ကိုတင်ဖေက သူ့အိမ်ဝင်၍ ထမင်းဟင်း စီမံထားရန် မှာထားပြီးသကာလ၊ သုံးယောက်သား မြင်းရထားကလေးတစ်စီးနှင့် မြို့အတွင်း လျှောက်လည်ကြလေသည်။

ပခုက္ကူကား မြင်းခြံနှင့် မတိမ်းမယိမ်းပင်။ ရေမူကား မြင်းခြံထက်သာ၏။ မြစ်ရေမို့လားမသိ။ မြို့တွင်းရှိ ဘုရားများသို့ လိုက်ပို့သေး၏။ မှောင်နေပြီဖြစ်သောကြောင့် သေသေချာချာ မမြင်ခဲ့ရ။ ကသုတ်ကရက်နှင့်ပင် ဘုရားဖူးပြီး ထွက်လာခဲ့ကြရ၏။

ကိုတင်ဖေတို့အိမ် ပြန်ရောက်လျှင် အသင့်ပြင်ထားသော ထမင်းပွဲတွင် ထိုင်ကာ ဝဝကြီးစားသောဟူ၏။ ထို့နောက် လက်ဖက်ရည်သောက်၊ အိမ်ရှင်များအား ကျေးဇူးတင်စကားပြောပြီးလျှင် သင်္ဘောသို့ ဆင်းလာခဲ့၏။

သင်္ဘော ဒုတိယတန်းတွင် ဝိုင်းဖွဲ့ကာ ထမင်းစားသောက်နေသူများအနက် ကိုခင်ကြည်လည်း တစ်ယောက်ပါ၏။ အခြားသူတို့ကား သူ့နှမဝမ်းကွဲတော်သူများ၏ လူသိုက်ဖြစ်လေသည်။ တပျော်တပါး စားရင်း စကားပြောနေကြ။ ကျွန်တော့်မှာကား ဘလေဇာစုတ်စုတ်၊ ဘောင်းဘီညစ်ညစ်၊ ရှပ်အင်္ကျီဖားဖားနှင့်မို့ သူတို့မမြင်နိုင်သော ချောင်တစ်ချောင်တွင် ကုပ်ကုပ်ကလေး။ ပျဉ်းမနားမှ မနေ့ကဝယ်ခဲ့သော 'မြန်မာပြည်သား' ခေါ် စကောက်မဂ္ဂဇင်းကို ဖတ်လျက်နေရ၏။ သူတို့တစ်သိုက်လည်း စကားပြောလိုက်ကြတာ အတောမသတ်။ တော်တော်ညဥ့်နက်မှ အိပ်ခန်းအတွင်းသို့ အသီးသီးဝင်ကြလေတော့၏။ သည်တော့မှ မောင်ရွှေဝ ချောင်ကထ၍ ဤစာကိုပေါက်ကရ လျှောက်ရေးလေတော့၏။ ညဥ့်နက်လှပြီ။ ၁၂ နာရီထိုးတော့မည်၊ တော်ပြီဗျာ။

သူရိယရုပ်စုံမဂ္ဂဇင်း၊ ဇွန်၊ ၁၉၃၃။

*

mgyoe.com

mgyoe.com
SAMPLE BOOK

## စာနံပါတ် (၃)

ပြတိုက်၊
အာနန္ဒာဘုရားအနီး၊ ပုဂံ။
၁၂၈၈ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်။

ကိုဘိုးထိန် ...

စာပို့သင်္ဘောလည်း နံနက်စောစော မိုးမလင်းမီ ပခုက္ကူမှ ခွာခဲ့၏။ ညောင်ဦးသို့ ရှစ်နာရီအချိန် ရောက်လေသည်။ သင်္ဘောပေါ်မှ ဆင်းမည် အလုပ်တွင် ကိုခင်ကြည်၏အစ်မတော်တစ်ယောက်က ကိုခင်ကြည်နှင့် ကျွန်တော့်ကိုပါ ကော်ဖီတစ်ခွက်စီ တိုက်လိုက်ပေ၏။ ကျေးဇူးတင်ရလေ တော့သည်။ ကော်ဖီသောက်ပြီးနောက် ပစ္စည်းများနှင့် အတူတကွ သင်္ဘော ပေါ်မှ ဆင်းကြလေတော့သည်။ ကုန်းပေါ်ရောက်လျှင် လှည်းတစ်စီး ငှား၍ မောင်စိန် (ဆရာ့တပည့်)နှင့် ပစ္စည်းများကို ပုဂံသို့ ပို့လိုက်၏။ ကျွန်တော် တို့ကား လမ်းလျှောက်ကာ ညောင်ဦးမြို့တွင်းသို့ ဝင်ကြလေသည်။

ကိုခင်ကြည်၏မိတ်ဆွေ အမိန့်တော်ရ ရှေ့နေအိမ်သို့ ဝင်ကြ၏။ ၎င်းအမိန့်တော်ရမှာ ညောင်ဦး၌ နာမည်ရ ရှေ့နေပင်တည်း။ ကိုခင်ကြည်၏ အဆိုဟုတ်တန်၏။ စကားပြော တော်တော်ကောင်းလေသည်။ နာမည်ကျော် အမိန့်တော်ရကြီးဖြစ်သော်လည်း နေပုံထိုင်ပုံကား ကုပ်လှ၏။ အောက်ပြည် က အမိန့်တော်ရများနှင့် ကွာချင်သလိုကွာ၊ ခြားချင်သလိုခြား၊ ဝတ်စားပုံ ရိုးသားလှသောကြောင့် ကျွန်တော်တို့ တွေ့လိုသော အမိန့်တော်ရမှန်းပင် လက်ဦး၌ မထင်မိ၊ စကားတော်တော်ကြာအောင် ပြောကြပြီးနောက် နှုတ်ခွန်း များ ဆက်ကြပြီးလျှင် ထိုအိမ်မှ ထွက်လာကြ၏။

ညောင်ဦးမြို့တွင်း လျှောက်သွားကြသည်ကို အများကပင် စိုက်၍ ကြည့်ကြ၏။ ကျွန်တော်တို့ ပုံပန်းတွေကလည်း စိုက်ကြည့်ချင်စရာ။ ကိုခင် ကြည်က ဘောင်းဘီတို၊ ကုတ်အင်္ကျီအဖြူ လည်စည်းနှင့် အင်္ဂလိပ်ပုံ ဖမ်း လျက်။ ကျွန်တော်ကား တရုတ်လိုလို၊ ဂျပန်လိုလို။ အချို့ကကြည့်၍ ပြုံး ကြသေး။ ပြုံးချင်စရာ။ ကိုခင်ကြည်ကို အင်္ဂလိပ်လို ဝတ်စေရာ အင်္ဂလိပ်နှင့် မတူ။ နှစ်ယောက်စလုံး တရုတ်ပျက်လိုလို၊ ကုလားပျက်လိုလို မြန်မာနှင့် လည်း မတူ။

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းတွေကား မကောင်းလှ။ ပြင်ဆဲပင် ရှိလေသည်။ လမ်းများ မကောင်းစေကာမူ လမ်းမီးပေးသော ဓာတ်မီးစက်ကား ရှိလေသည်။ ဤနေရာ၌ အချို့ အချို့သော အောက်မြန်မာပြည် မြို့ကလေးများထက် သာသည်ဟု ယူထိုက်၏။ ထို့နောက် ဆရာတင်၏ တပည့် ဖြစ်ခဲ့ဖူးသော ပညာအုပ် ဘီအေတစ်ယောက်၏ အိမ်သို့ဝင်ကြ၏။ ဝင်ခြင်းအကြောင်းကား ဆရာတင်၏နာမည်နှင့် ရောက်လာသော စာများကို ပုဂံ ဆရာတင့်ထံသို့ လူလွှတ်၍ ပို့ပေးရန် မှာလိုသည့်အတွက် ဖြစ်လေသည်။ ထိုပညာအုပ်၏ အိမ်ကားကြီး၏။ ကျယ်၏။ ခမ်းနား၏။ ကျွန်တော်တို့ တွေ့လိုသော ပညာ အုပ်နှင့် အခန့်သင့်ပင် တွေ့၊ နှုတ်ခွန်းများဆက်၊ အကြောင်းအရာများကို ပြောကြ၏။ ၎င်းကား အသက်သုံးဆယ်ကျော်ခန့်။ ရွှေရွှေဖော်ဖော်ရှိ၏။ စကားနည်းလေသည်။ ကျွန်တော်တို့စကားပြောနေခိုက် မိန်းမကြီးတစ် ယောက် လက်ဖက်ရည်ဖျော်နေလေသည်။ ကျွန်တော်တို့အား တိုက်လျှင် "သောက်ခဲ့ပြီးပါပြီ" ဟု ပြောရန် အသင့်ပြင်ထား၏။ သို့သော် လက်ဖက်ရည် အကြောင်းနှင့် ဘာမျှဆက်မပြောသောကြောင့် ကျွန်တော်လည်း နှုတ်ပိတ်၍ ထားရလေတော့သည်။ ကိစ္စများပြီးလျှင် ထွက်၍လာခဲ့ကြ၏။

ကိစ္စများ ပြီးလေပြီ။ ပုဂံသို့ ခြေကျင်ခရီးဖြင့် လှမ်းရန်သာ လိုတော့၏။ လမ်းထဲတွင် စာတိုက်တွေ့၍ မနေ့ညက ရေးသားခဲ့သော စာကို ထည့်၏။ ပြီးလျှင် ညောင်ဦးမှ ထွက်၍ လာကြကုန်၏။ မြို့ပြင်သို့ ရောက်လျှင်ပင် ရွှေစည်းခုံစေတီတော်ကို ဖူးမြော်ရ၏။ သပ္ပာယ်ဘိတောင်း။ ရွှေချထားလိုက် သည်မှာ တဝင်းဝင်း တပြောင်ပြောင် တောက်လောင်ဘနန်း။ ကြည်ညို၍ မဆုံးနိုင်။ ရွှေတိဂုံစေတီတော်မြတ်ကဲ့သို့ပင်။ လူတိုင်း မကြည်ညိုဘဲ မနေနိုင်။ ခရီးရောက်မဆိုက်မို့ ဘုရားပရဝဏ်အတွင်း မဝင်ခဲ့ရ။

ရွှေစည်းခုံဘုရားသို့ မကြာမီ လွန်ခဲ့။ မကြာမီပင် ပုဂံလမ်းပေါ်တွင် နှစ်ယောက်သား စကားတပြောပြောနှင့်။ ထိုလမ်းကား ကျောက်လမ်းမဟုတ်၊ သဲအတိပြီးလျက်။ ရွာတစ်ရွာနှင့်တစ်ရွာ ကူးသော ရွာလမ်းနှင့် ခပ်ဆင်ဆင်။ ၎င်းလမ်းဘေးတွင် ဖရိုဖရဲ ပျက်စီးနေသော စေတီကြီး စေတီငယ်၊ ပုထိုးကြီး ပုထိုးငယ်တို့ကို မြင်ရလျှင် ရှေးအခါကာလ ပုဂံကောင်းစားစဉ် သမယကို တောင့်တမျှော်တွေး တရေးရေးနှင့်ပင် စိတ်ထဲတွင် ယခုခေတ်ပျောက်၍

mgyoe.com

mgyoe.com SAMPLE BOOK
ရှေးခေတ် ရောက်နေလေတော့သည်။ ကြည်နူးသလိုလို ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို၊ ဘယ်လိုနေမှန်းမသိ။ ဤသို့စကားပြောရင်း၊ တွေးတော ရင်းနှင့် လာလိုက်ကြသည်နှင့်ပင် စမ်းချောင်းတစ်ချောင်းသို့ ရောက်ကြလေ၏။ ရေတစ်စက်မျှ မရှိ။ သဲအတိပြီးလျက်ပင်။ တံတားကား ဗလာ။ ၎င်းစမ်းချောင်းကား ပေတစ်ရာခန့်ရှိမလားဟု ခန့်မှန်းရပေသည်။

ဟိုမှာဘက်ကမ်းတွင် သခွားသီးကြော်နှင့် မုန့်ရေရောင်းသော တဲကလေးတွင် ဝင်၍ထိုင်ကြ၏။ ၎င်းဆိုင်ရှင်အဒေါ်ကြီးကား ဝလိုက်သည်မှာ အိလျက်နေ၏။ ထိုနေရာကလေး ထိုးထားရာကား အရိပ်ကောင်းပါဘိသနဲ့၊ အေးအေးမြမြ။ ပျော်စရာ ပျော်စရာ အလွန်ကောင်းပါပေသည်။ ကျွန်တော်တို့ကား မုန့်ရေကိုလည်းကောင်း၊ သခွားသီးကြော်ကိုလည်းကောင်း ဝယ်၍ စားကြသည်မဟုတ်၊ ခေတ္တမျှ နားပြီး ခရီးဆက်ကြပြန်လေသည်။

တစ်လမ်းလုံး ဘုရားပျက်များ၊ ချိုးကူသံများအပြင် အခြား မှတ်သားစရာများ ဘာတစ်ခုမျှမရှိ။ ဘုရားပျက်များ မြင်ရခြင်းကပင် စိတ်ကို တစ်မျိုးကြည်လင်စေ၏။ မောခြင်းကို သတိမရ။ ပင်ပန်းခြင်းကို အမှုမထား။ ဤသို့လာခဲ့ကြရာ မားမားစွင့်စွင့် ဘုရားတစ်ဆူကို မြင်ရ၏။ ၎င်းကား ရွှေစည်းခုံကဲ့သို့ စေတီမဟုတ်။ ပုထိုး ဖြစ်လေသည်။ ၎င်းကား ထီးလိုမင်းလိုမင်းတည်ထားသော ထီးလိုမင်းလိုဘုရားပင် မဟုတ်ပါလော။ ၎င်းပုထိုးကို တည်ခဲ့သော ထီးလိုမင်းလိုမင်းအား လွမ်းဆွတ်သလိုလို ဖြစ်မိ၏။ ကိုယ်နှင့်လည်း သွေးမစပ်ပါဘဲ လွမ်းဆွတ်ရပါမို့လားဟု ဆိုစရာပေပင်။ သို့ရာတွင် လွမ်းခြင်းကား အမှန်။ ပုဂံကောင်းစားစဉ်က ကျွန်တော်တို့လည်း မင်းမျိုးစိုးမျိုးထဲက မဟုတ်ဘူးဟူ၍ မည်သူမျှမပြောနိုင်။ ဟိုအခါက အမတ်ကြီးများဖြစ်ချင်ဖြစ်ခဲ့ဖူးမလား မသိ။

၎င်းပုထိုးကား ကျွန်တော်တို့ လျှောက်လာရာ သဲလမ်းမှ မဝေးလှ။ အနီးသို့ ရောက်ကြလေသော် ဘုရားထိပ်ပေါ်မှ လက်ခုပ်တီးသံ၊ ဟစ်အော်သောအသံတို့ကို ကြားရ၍ မော်ကြည့်လိုက်ရာ ပုထိုးဖျားပေါ်မှာ ကိုယ်တော်မြတ် မောင်ကျော်ဝင်းတို့ကို မြင်လိုက်၏။ မည်မျှ ဝမ်းမြောက်၍ သွားပါသနည်း။ ဘယ့်နှယ် ပုထိုးပေါ် ရောက်နေကြပါလိမ့်။ သူတို့မို့ ရှာရှာဖွေဖွေ။ လေယာဉ်ပျံနဲ့များ တက်ကြလေရော့သလား။ မြင့်ကလည်း မြင့်ပါဘိသနဲ့။
mgyoe.com